www.burmeseclassic.com

# ကြယ်စင်မျှးဝေ

## ကမ္ဘာမကျေတဲ့အမုန်း



(အချစ်လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ ဒီဇင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၇၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၁ • ၈၃
ကြယ်စင်မှူးဝေ
ကမ္ဘာမကျေသည့်အမုန်း/ ကြယ်စင်မှူးဝေ–ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၈၈ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) ကမ္ဘာမကျေသည့်အမုန်း

ကြယ်စင်မှူးဝေ

# ကမ္ဘာမကျေသည့်အမုန်း

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ရဲရင့်နေချင်တယ်

ယုံကြည်မှုတွေ အလွဲသုံးစား

ပိုးဖလံတွေအတွက်

အချစ်ဟာ မီးတောက်မီးလျှံ

ပန်းပဲဖိုထဲက ဓားလို မီးတောက်ကို ခံမျှချင်တယ်။

ခေတ်ယွန်းအိမ်

www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေပါစေ ငှက်ကလေးရေ။
အဖန်ငါးရာလုံး တမြည်မြည် လောင်ကျွမ်းခဲ့ရတဲ့
အသည်းနှလုံးရဲ့ တိတ်တခိုးရှိုက်သံများ
အဖန်ဖန် အထပ်ထပ် ကင်းဝေးပါစေ။
သံသရာအသချေ ခွဲအတိတ်ဆိတ်ခဲ့ပေါ့လေ။

ထွန်းခေါင်

## အခန်း (၁)

ခေတ်ယွန်းအိမ်နှင့်

ခေတ်သီရီ။ မိန်းမချောလေး (၂) ယောက်။

ညီအစ်မ (၂) ယောက်သား . . . သတို့သမီးမို့ သိပ်လှနေ ည့် အသက် (၄၀) အရွယ် မေမေ ဒေါ်ကြည်လင်းဖြူကို နိုင်စွာ ငေးကြည့်နေမိကြသည်။

မေမေကတော့ ပျော်နေသလားမသိ။ တပြုံးပြုံး သူ့သတို့ ကြီးကလည်း အသက် (၄၅) နှစ်နှင့်မလိုက်။ အနောက်တိုင်း [illegible] အနက်ကြီးနှင့်။

သူတို့ကိုယ်သူတို့ ရှိမှိရှိနှင့် ဂျူးလီးယက်လို့များ မှတ်နေ ားမသိ။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံအနက်ကို ဝတ်ထားသည့် သတို့သားနှင့် ဇာဂါဝန်အဖြူလွလွ ဝတ်ထားသည့်မေမေ။

ဒုတိယအိမ်ထောင်တွေမို့။

တစ်နည်း ဖေဖေသေဆုံးပြီးတာလည်း (၆) လလောက်ပဲ ရှိသေးတာမို့ ကိုယ့်အိမ် မြက်ခင်းပြင်မှာပင်ကျင်းပသည့် မင်္ဂလာ ညည့်ခံပွဲ။

စိန်ချင်းထပ်၊ ရွှေချင်းထပ်လျှင် မြတ်မှာပေမယ့် မုခိုးမနှင့် တစ်ခုလပ်ကြီး၏ မင်္ဂလာပွဲက ငွေရှင်၊ ကြေးရှင်၊ လုပ်ငန်းရှင် တွေမို့သာ လူစည်ကားနေရသည်ထင့်။

ခေတ်ယွန်းအိမ်တို့ ညီအစ်မကတော့ ~ ၇ှင်းတရားတွေနှင့် ကြည့်တာမို့ မေမေ့ကိုလည်း မကျေနပ်၊ ပထွေးတော်ကြီး ဦးဝေမျှကိုဆိုတာတော့ ပြောမနေနှင့်။

ဖြစ်နိုင်လျှင် အစိမ်းလိုက် ဝါးစားပစ်ချင်မိ၏။ သူဟာ ဖေဖေရှိစဉ်ကတည်းက စီးပွားဖက်ပါ။ ဖေဖေနှင့်အတူ စီးပွားရေး အဆက်အသွယ်တွေရှိသည်။

သူမတိုင်ယ်စဉ်က ဖေဖေတို့ သည်လောက် စီးပွားရေး မကောင်းသေး။ နောက်မှ တဖြည်းဖြည်း တိုးတက်ကြီးပွားလာ ကြတာ။





ယခု တိုက်နှင့်ကားနှင့်၊ လုပ်ငန်းနှင့် ဖြစ်လာခါမှ လွန်ခဲ့ သော (၆) လက ဖေဖေနှင့် ထိုလူကြီးခရီးထွက်ကြရင်း ဖေဖေက ကားမှောက်သေကျန်ခဲ့သည်။

ဦးဝေမျှကတော့ ခလုတ်မထိ ဆူးမငြိခဲ့။

"အဲဒီနေ့က ကျွန်တော်ဖျားနေလို့ ဟိုတယ်မှာ ကျန်ခဲ့ တယ်။ ကိုကောင်းတစ်ယောက်တည်း နယ်ဆင်းသွားတာ။ ကျွန်တော်ပါရင် ကိုကောင်း ဒီလိုအဖြစ်ဆိုးနဲ့တိုးမှာ မဟုတ်ဘူး။ ကျွန်တော်ဆိုရင် ဒီလမ်းတွေ ကောင်းကောင်းမောင်းနိုင်တယ်။ ကိုကောင်းက အဲဒီလမ်းတွေ မကျွမ်းဘူးထင်ပါရဲ့ဗျာ"

ဖေဖေ သေဆုံးသည့်သတင်းကို လာပြီး မျက်ရည် ...မ်းစမ်းနှင့် နတ်သံနှောနေခဲ့သည့် ဦးဝေမျှ။

မေမေ့ကို အကြင်နာ၊ အယုယတွေပေး၊ အလိုလိုက် အကြိုက်တွေဆောင်၊ လုပ်ငန်းတွေ သူဦးစီးပြီးလုပ်ပေး။

(၆) လကြာတော့ မေမေနှင့် ဦးဝေမျှ လက်ထပ်ဖြစ်ကြ ...တော့တာ။

အလကားလူကြီး။ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာ။

မေမေကလည်း ယခုမှ အချစ်စစ်ကိုတွေ့သယောင်။ ...ရှင်ထဲကမေမေတွေနှင့်များ ကွာပါ့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ထဲမှာ မအေက သား သမီးတွေအတွက် နေပူစပ်ခါးမှာ ဈေးရောင်းကျွေးခဲ့ပေမယ့် မေမေ့စရိုက်ကတော့မပေါ်။

သူမတို့ ညီအစ်မ ကန့်ကွက်တုန်းကတော့ မေမေ။ သမီးတွေကို ရှင်းပြ၊ ချော့မော့ဖူးပါရဲ့။

"မေမေ့ကို ခွင့်လွှတ်ကြပါတော့ သမီးတို့ရယ်။ မေမေက ဘာမှလည်း မလုပ်တတ် မကိုင်တတ်တော့ သူ့ကို အားကိုးမိခဲ့တယ်၊ ယုံးစားမိခဲ့တယ်"

"ဟင် ... သူက လူလိမ်ကြီးလား"

"တကယ်လည်း ကူညီခဲ့ပါတယ်ကွယ်။ ဒါပေမဲ့ ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို စေတနာသန့်သန့်နဲ့ ကူညီရိုးမှ မရှိဘဲကွယ်။ သူနဲ့တတွဲတွဲ သွားမိ လာမိ စီးပွားရှာမိတဲ့မေမေ။ သူနဲ့မငြိဘဲ နေတော့မလား"

"ငြိ ငြိ မေမေရာ ... ဒီလူကြီးနဲ့ သဘောမတူပါဘူး။ ရုပ်ကိုက စိတ်ပုပ်မယ့်ရုပ်ကြီး။ ကလိမ်ကကျစ်ရုပ်ကြီး။ မေမေ့ပစ္စည်းတွေကို လက်ဝါးကြီးအုပ်မယ့်ရုပ်ကြီး"

ခေတ်သီရိ ပက်ပက်စက်စက်တွေ ပြောခဲ့ပါရဲ့။ ကိုယ်ကမုန်းတာကိုး။

"ဒီလောက်လည်း မဟုတ်ပါဘူးကွယ်။ သူ့မှာလည်း





ဘိုက်နဲ့၊ ကားနဲ့၊ လုပ်ငန်းနဲ့ပါပဲ။ မေမေတို့ (၂) ဦးရဲ့ပစ္စည်းတွေကို ပေါင်းလိုက်ကြမယ်။ လုပ်ငန်းလည်း ပိုပြီးတောင့်တင်းခိုင်မာသွားမယ်"

"မေမေကလည်း သမီးတို့ အလုပ်လုပ်ပါမယ်။ ဒီလူကြီးတော့ မယူပါနဲ့"

"မရတော့ဘူး သမီးတို့ရေ။ မေမေနဲ့သူ ငြိနေကြပြီ"

"ဟာ ... မေမေကလည်း ဘာငြိတာလဲ။ ဘာငြိတာလဲ အငြိမခံနဲ့"

သမီးအပျိုလေးတွေကို ပွင့်ပွင့်လင်းလင်း မပြောရဲသဖြင့် ဤမျှနင့်ရပ်ခါ ဒေါ်ကြည်လင်းဖြူ ချော့မော့၊ ဖြောင်းဖြ၊ ကတိတွေပေးခဲ့ရတာ။

"ဒီအိမ်၊ ဒီခြံနဲ့ ကား။ အတွင်းပစ္စည်းတွေအားလုံး သမီးတို့ (၂) ယောက်ကိုပေးမှာပါ။ မေမေတို့က လုပ်ငန်းပဲယူမယ်။ သမီးတို့ ကောင်းစားဖို့ မေမေ့ဘဝကို စတေးလိုက်တာပါကွယ်"

"မေမေကတော့လေ၊ အလုံးကြီးတွေနဲ့ ပစ်ပေါက်တော့ ဘာပဲ။ ကိုယ်ယူချင် ယူချင်တယ်ပေါ့"

ဒါကတော့ ညီအစ်မ (၂) ယောက်ရဲ့ရင်ထဲမှ စကားတွေပါ။ နောက်ဆုံးတော့ ဘယ်လိုမှ တားမရသဖြင့် မေမေ့မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခံပွဲကျင်းပချိန်ထဲမှာ လာထိုင်နေရသည့်အဖြစ်။

ညီအစ်မ (၂) ယောက်သပိတ်မှောက်ပြီး သူငယ်ချင်းတွေဆီမှာ သွားရှောင်နေဖို့ စီစဉ်ထားကြပေမယ့် မေမေက အတင်းတောင်းပန်သဖြင့် ဖျက်ခဲ့ရပါသည်။

"မေမေ့ဂုဏ်သိက္ခာကိုလည်း နည်းနည်းလောက် ငဲ့ကြပါဦး သမီးတို့ရယ်။ အခြေအနေအရ ယောက်ျားရဲ့အုတ်ဂူမခြောက်ခင် နောက်အိမ်ထောင်ထပ်ပြုရတဲ့ကြားထဲ သမီး (၂) ယောက်ကပါ မေမေ့ကို သပိတ်မှောက်မယ်ဆိုရင် မေမေ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တာပဲ အေးပါလိမ့်မယ်"

မေမေ အညှာကိုင်သဖြင့် သူတို့မင်္ဂလာပွဲမှာ ရုပ်သေကြီးတွေနှင့် ထိုင်နေရာ။

မေမေနှင့် ဦးဝေဇ္ဇတို့ကတော့ ပါးစပ်ကို ပြုံးနေကြပါ၏။ အသက်လေးဆယ်ကျော်မှ အချစ်စစ်ကို ထပ်တွေ့နေကြသည့်ဟန်။

ခေတ်ယွန်းအိမ်တို့ မကျေနပ်တာ ဦးဝေဇ္ဇမှာလည်း သမီးတစ်ယောက်ပါလာလို့ပါပဲ။ သူ့အိမ်သူနေ၊ ကိုယ့်အိမ်ကိုယ်နေဆို ပြဿနာက တက်စရာမရှိ။

ယခုကျ သူတို့သားအဖက သည်မှာလိုက်နေမလို့လို့။





ကိုယ်တွေကပဲ သူတို့ဘက် လိုက်နေရမှာလိုလို။

တစ်ဖက်ဖက်မှာပေါင်းနေကြပြီး ကျန်တစ်ဖက်ကို ငှားမလိုလို၊ ရောင်းမလိုလို။

"ကိုယ့်ဘက်ကတော့ အရှုံးမခံနိုင်ဘူး။ ဂိုးသွင်းမခံနိုင်ဘူး။ မအေပေးရတဲ့အထဲ ပစ္စည်းပါထပ်ပေးနေရရင်တော့ မေမေသေဖို့မကောင်းဘူး။ ငါတို့ပါရောသေဖို့ပဲ ကောင်းတော့တယ်"

မေမေဟာ လူတွေကိုယုံလွယ်ပြီး အကွက်လည်းမမြင်တတ်တာကြောင့် ဦးဝေဇ္ဇ လှည့်ဖြားတာခံခဲ့ရပုံ။

"ယောက်ျားတွေကို မယုံကြနဲ့ သမီးတို့ရေ။ ဘယ်လောက်ပဲ ရုပ်တည်ကြီးနဲ့ လူအထင်ကြီးစရာ ဥပဓိရုပ်ကြီး လုပ်ထားတာ။ ကျားဟာ ကျားပါပဲ။ မေမေ သူနဲ့လွန်ကျွံပြီးလို့ ယူလိုက်ရမှာ။ ခု မေမေ့မှာ သူနဲ့ ကိုယ်ဝန်ရနေပြီ" တဲ့။

ဒေါသတွေ အလိပ်အလိပ်ထရင်း ခေတ်ယွန်းအိမ်နှင့် ခေတ်သီရိတို့ စားပွဲတစ်ခုမှာ ထိုင်နေကြပါသည်။ ဘာမှကို ကူမလုပ်။ ကူပြီးလည်း ဧည့်မခံ။

မေမေနှင့်ဟိုလူကြီးသာ ကြီးမှုဝက်သက်ပေါက်ကြ၊ သူငယ်ပြန်ကြရင်း လာသမျှလူတွေကို စုံတွဲဧည့်ခံကြ၊ သွားဖြီးပြနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"တော ... လာပြီ ဟိုမှာ"

ဦးဝေမှူး၏သမီးတော်။ နာမည်က ကေသရီဝေတဲ့။ နာမည်ကကြောင်သလို လူကလည်း ခပ်ကြောင်ကြောင်။

မင်္ဂလာဆောင်ကို ဝတ်လာပုံလည်းကြည့်ပါဦး။ မက်ဒေါ် နားလိုလို ကိတ်ဝင်းစလက်လိုလို။ နိုင်ငံခြားစတိုင်လ်။

ဂါဝန်နှင့် အောက်မှစတော်တင်တွေ၊ ဘာတွေနှင့်။ မျက်နှာမှာလည်း ဆေးခြယ်ထားလိုက်တာ။ လူထက် အရုပ်နှင့် ပိုတူနေ၏။

"လာဦးမယ်၊ တည့်လည်း တည့်ဦးမယ်။ ငါတို့နဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ"

"အေးလေ"

ခေတ်ယွန်းတို့ညီအစ်မတွေလည်း ခေတ်လူငယ်တွေပါ။ သို့သော် သူမတို့က ကြောင်တောင်တောင်အဝတ်တွေမဝတ်။

ကိုယ်လုံးကို လူသေကောင်ကျပ်စည်းထားသလို အဝတ် အစားမျိုးလည်း မဝတ်။

ခေတ်မီရုံ။ ခေတ်လွန်ဒီဇိုင်းတွေမကြိုက်။ အဝတ်အစား ဟာ အပေါ်ယံဆိုပေမယ့် အတွင်းစိတ်နှလုံးတည်ကြည်သူက ပေါ်ပေါ်ရော်ရော်နှင့် အရှက်မဲ့သည့် အဝတ်တွေ မဝတ်။





ဒါကြောင့် အဝတ်အစားဝတ်ခြင်းကို ကြည့်ပြီး လူတွေ၏ အတွင်းစိတ်ကို မှန်းမျှော်ကြည့်လို့ရသည်ဆိုလျှင် မလွန်ပါ။

ခေတ်ယွန်းတို့ညီအစ်မကတော့ မင်္ဂလာပွဲမို့ ပိုးသား ဝမ်းဆက် ပန်းနုရောင်ဖျော့တွေနှင့်။ အရောင်နည်းနည်းကွဲ။ ဒီဇိုင်းနည်းနည်းတော့ကွဲတာပေါ့။

မင်္ဂလာညည့်ခံပွဲက (၆) နာရီမှ (၉) နာရီ။ ည (၉)နာရီ ကျော်ပြီ (၁၀) နာရီကျခါမှ လူတွေစဲသွားပြီး မိသားစုဆွေးနွေးပွဲ စတင်ပါတော့သည်။

✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ပြဿနာက အဲသည်မှာစချေပြီ။

နှစ်ထပ်တိုက်၏ အောက်ထပ်ညှော်ခန်းမှာ မေမေနှင့် သမီး (၂) ယောက်ရယ်။ ဦးဝေစျနှင့် သူ့သမီး ကေသရီဝေရယ် ပေါင်း (၅) ယောက်။

ဒူးတိုက်ဆွေးနွေးပွဲက ယခုမှစသည်။ တကယ်ဆို မင်္ဂလာမဆောင်ခင်က သဘောထားတွေ ညှိနှိုင်းရမှာ။ သမီးတွေ အတွက် ထည့်ပြီးစဉ်းစားရမှာ။

မေမေ ပျော့ညံ့ပုံနှင့်တော့ သူမတို့ ဆင်းပြေးရလေမလား ပင်။

သို့သော် မိခင်မို့ မေမေ သူမတို့အတွက် မစဉ်းစား နေမှာတော့မဟုတ်။





ဦးဝေစျကလည်း စတိုင်လ်ခပ်များများ။ ပဲခပ်များများ။ မင်းဦးလိုလို ဘာလိုလို။ သူ့ကိုယ်သူ ဘာထင်နေသည်မသိ။

ခေတ်ယွန်းတို့ကတော့ ကြည့်လို့ကိုမရ။ မုန်းလိုက်တာမှ အရမ်း။

သူတို့ဘက်မှ ကေသရီဝေကလည်း သူမတို့ထက် မလျော့။ ဒုတိယကကမ္ဘာစစ်တုန်းက ရန်သူစစ်သားတွေနှယ်။

လူကြီး (၂) ယောက်ကတော့ အတတ်နိုင်ဆုံးပြုံးလို့ ချိုလို့။ နှစ်ဖက်သမီးများကို မျက်နှာချိုသွေးနေရတာ။

"ကဲ ... နှစ်ဖက်ကို တစ်ဖက်တည်စုစည်းပြီးနေကြမှာမို့ သမီးတို့ဖြစ်ချင်တာပြော"

"ကိုယ့်အိမ်ကိုယ်နေကြပေါ့။ ကိုယ့်အလုပ် ကိုယ်ဆက် လုပ်၊ ဘာဆန်းတာလိုက်လို့"

ဒါကတော့ ခေတ်ယွန်းအိမ်၏ ခပ်ဆောင့်ဆောင့်အသံ။ ဦးဝေစျကတော့ လေအေးအေးနှင့် ရှင်းပြ၏။ အလကား ပျော့ ပျော့နဲ့နံတဲ့ကြောင်ချေး။

သူ့သမီး မဖြတ်ဆောက်ကိုတော့ ဘယ်လိုစည်းရုံးထား သည်မသိ။ သူတို့က စင်ပေါ်ကလူတွေပဲလေ။ ကြိုးနိုင်ငယ်ညှိုး နှိုင်ရာစားမည့်သူတွေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ပုံထိ အကုန်စား။

မေမေ့ကိုစပြီး ဖြိုနိုင်ခဲ့ပြီ မဟုတ်ပါလား။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်တော့ မခံနိုင်။ အပြတ်အသတ်ကို ကာကွယ်ရမည်။

"မဟုတ်ဘူး။ သမီးတို့က အရွယ်မရောက်ကြသေးဘူး။ ကိုယ့်ဘာသာနေလို့ အဆင်မပြေသေးတဲ့အရွယ်။ အုပ်ထိန်းသူ လိုအပ်သေးတယ်။ တစ်စင်ထောင်လို့ မရသေးဘူး"

"ကိုယ့်အိမ်ကိုယ်နေတာ ဘယ်သူမှ စော်ကားလို့မရဘူး။ ကျွန်မတို့ ကိုယ့်ဘာသာနေမယ်။ မေမေက သူနောက်လိုက်သွားမှာလား"

ဦးဝေမြကအောင်နိုင်သူအပြုံးနှင့်။

"ဒါကတော့ ယောင်နောက်ဆံထုံးပါရမှာပေါ့ကွယ်။ သမီးတို့ပါ အန်ကယ့်တိုက်ကိုလိုက်ခဲ့ပါ။ ဝမ်းသာကြည်ဖြူစွာ ကြိုဆိုပါတယ်"

တစ်ဖက်မှာ မျက်နှာကို မော့ချီထားသည့် ကေသရီ ကို ကြည့်လိုက်ကြပြီး ခေတ်သီရိ မဲ့လိုက်၏။ သည်ဟာ ခြေထောက်အောက်ကို တိုးဝင်ရမှာလား။

ခေတ်ယွန်းရော ခေတ်သီရိပါ အလန့်တကြား အော်ဟစ်





ဆောင်းဆိုမိပါပြီ။

"မေမေ သမီးတို့ ဒီမှာပဲနေချင်တယ်။ မေမေလိုက်သွားသည်း ဒီအိမ်ကာပဲ မေမေ့ကို စောင့်နေမယ်"

"လက်ရှိကို လက်မဲ့မလုပ်ပါနဲ့ မေမေ။ သူက ဘယ်လောက်တောင် အားကိုးရမှာမို့လဲ။ မေမေ့ကို ပိုင်းလုံးလုပ်နေတာ။ အဖေ့အမွေ ဒီအိမ်နဲ့ဒီခြံမှာပဲ နေကျန်ခဲ့မယ်"

"ဟုတ်တယ်၊ မေမေတို့လုပ်ငန်းတွေ ဆက်လုပ်နေကြတာပဲ ဒီအိမ်နဲ့ခြံကိုတော့ မရောင်းပါနဲ့"

ကေသရီက တစ်စခန်းထချေပြီ။ သူ့အဖေကို ပေါ်တင်ထိုက်ခိုက်နေပြီမို့။

"ဟော့ . . . နင်တို့အဖေက မသေခင် လောင်းကစားတွေ၊ မိန်းမတွေ ရှုတ်သွားလို့ ကြွေးလည်ပင်းခိုက်ကျန်ခဲ့တာ။ ဦးဖေဖေက ဒါတွေအားလုံးကို ကြိုးရှန်းပြီးဖြေရှင်းပေးနေရတာ။ နင်တို့လုပ်ငန်းကလည်း ဟန်ပြပဲရှိတော့တာ။ သိပ်ပြီး မာနတံခွန်တွေ ထူမနေကြနဲ့"

"အို သမီး . . . ညီမလေးတွေကို ဒီလိုမပြောနဲ့လေ။ ကိုယ်က အကြီး။ အကြီးစိတ်မွေးမှပေါ့။ သူတို့အားငယ်မှာစိုးလို့ အကြီးတွေ ဖုံးထားတဲ့ကိစ္စ။ ဘာဖြစ်လို့ ပြောလိုက်ရတာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့်စကားတွေကြောင့် ခေတ်ယွန်းတို့ညီအ
အသားဆတ်ဆတ်တုန်အောင် ဒေါသထွက်ရပြီး မေမေ့ကို
ကြည့်ကြ၏။

မေမေကတော့ မျက်ရည်တွေတွေကျလို့။ လက်စသ
တော့ ဒီလူကြီးဟာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးကြီး

မေမေ့ကို ခြောက်လုံး၊ လှန့်လုံး၊ အောက်လုံးတွေ
သိမ်းပိုက်ခဲ့တာ။

"ဘာ ... ရှင် ဖေဖေ့ကို မစော်ကားနဲ့။ ကျွန်မတို့ဖေ
က သူတော်ကောင်းကြီး။ ဘာအပုပ်နံ့မှ မထွက်ခဲ့ဘူး။ ရှင်
အပုပ် နံ့တထောင်းထောင်းနဲ့ မသေခင်က ပုပ်နေတဲ့ လူကြီး"

ခေတ်ယွန်းအိမ် ဒေါသတွေကြောင့် ဦးဝေမြူကို
လေးစားလို့ မရတော့။ သူမတို့အဖြစ်က ပထွေးနှင့် ဘီလူး
လူစည်း ကျိုးပေါက်သွားပေပြီ။

သူမတို့က လူကြီးသူမကို ရိုင်းစိုင်းတတ်သူတွေ မဟု
သော်လည်း ဦးဝေမြူကိုတော့ နည်းနည်းလေးမှ ကြည့်ညို့လို့

စကတည်းက ယဉ်သကိုပါပဲ။

ဦးဝေမြူ ပြုံးနေလည်း သူမတို့မျက်စိထဲမှာ အစွယ်ထွ
နေတာပါပဲ။





ပြီးတော့ ဖေဖေ့ကို တိုက်ရိုက်စော်ကားလိုက်သေးသည်။
ကတော့ ယုံမလားမသိ၊ ခေတ်ယွန်းတို့ကတော့ လုံးဝမယုံ။
ဖခင်ကောင်းထံသိက္ခာအတွက် တိုက်ပွဲဝင်ရန်အသင့်။ ကျား
တွေနှယ်။

ဦးဝေမြူကလည်း သဲညို့ကျားမနှစ်ကောင်ကို လှောင်အိမ်
ပြီး နှိပ်ကွပ်ဖို့ သန္နိဋ္ဌာန်ချလိုက်၏။

သူ့ရင်ထဲမှာ ကျားဖြူး ဘီလူးရယ်။ ဒေါ်ကြည်လင်းဖြူ
တော့ ကြားမှ ဖြန်ဖြေစေ့စပ်ပေးရသူ။ သည်နေ့ပဲလက်ထပ်
နေ့ပဲကွဲလို့မဖြစ်။

"သမီးတို့ရယ် ... သမီးတို့ ဒယ်ဒီပြောတာလည်း နား
င်ပါဦး။ သမီးတို့ဖေဖေက မေမေတို့ကို ပိပိရိရိနဲ့ကို လိမ်ညာ
ခဲ့တာ။ မေမေ့မှာ ကြွေးပတ်လည်ဝိုင်းပြီး ကျန်ခဲ့ရတာ။
ရှု ကယ်ပေလို့ပေါ့"

"မေမေ ယုံသလား။ မေမေ အဲလောက်တောင် ဒီလူ
နှိုင်းတွေ မိနေရသလား။ ဒါဆို ဖေဖေကျန်ခဲ့တဲ့ပစ္စည်းတွေ
ပေါ့။ ကြွေးတိုးဆပ်လိုက်ရလို့ ကုန်ပြီပေါ့"

မေမေ ဘာမှမပြောဘဲငိုရှိုက်နေကတည်းက ခေတ်ယွန်း
အစ်မ နားလည်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေမြှပာ ရှေးခေတ်က ဖက်ဆစ်ဂျပန်တွေလိုပဲ။

ရွှေကိုယူသည်။

ငွေကိုယူသည်။

ပြီးတော့ လူကိုပါယူသည် ဆိုသည့်လူကြီး။ နော
သူမတို့ညီအစ်မကိုတောင် ရောင်းမစားဘူးလို့ မပြောနိုင်။

ယုတ်မာချက်က ပက်စက်သည်။

ခေတ်ယွန်းအိမ် ဝုန်းခနဲထရပ်ပစ်လိုက်သည်။

"မေမေ သူပြောတိုင်းယုံရအောင် သမီးတို့ အရူးမ
မဟုတ်ဘူး။ ဒီအမှုကို ရဲတိုင်မယ်။ တရားရုံးသွားပြီး အမှုဖွင့်မယ်

ကလေး (၂) ယောက်၏ ကြုံးဝါးမှု ဒေါသတွေနှ
ဆွေ့ဆွေ့ခုန်နေမှုကို ဦးဝေမြှ ခပ်ပြုံးပြုံးပင် ကြည့်နေလိုက်သည်

ခွေးလှေးခုန်လို့ ဖုန်မထပါဘူး။

နင်တို့ ဘယ်လောက်စွမ်းနိုင်မလဲ ဟူသည့်အကြည့်နှ

မအေ မကြီးကိုတောင် သာသာလေး လှည့်ဖြားပြ
သိမ်းပိုက်နိုင်ခဲ့တာ။

အရင်းလဲတော့ အဖျားထင်းဖြစ်ဆိုသလိုပဲ။ သမီး (
ယောက်ကိုပါ သူကိုယ်ကျိုးအတွက် အသုံးချရုံပေါ့။

"အစကတော့ သမီးတို့စိတ်ဆင်းရဲမှာစိုးလို့ ဖုံးဖုံးအုပ်အု





ားမလို့ပါ။ ခု မမျှော်လင့်ဘဲ သိသွားပြီဆိုတော့လည်း ဒယ်ဒီ
စဉ်ရတာလွယ်သွားတာပေါ့။ သမီးတို့သားအမိ (၃) ယောက်
ယ်ဒီ့တိုက်ကို လိုက်ခဲ့ပါ။ ဒယ်ဒီ ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုပါ
တယ်။"

"ဒီတိုက်နဲ့ ခြံကရော"

"သမီးတို့ဖေဖေက ဒီတိုက်နဲ့ခြံကို ပေါင်သွားခဲ့ပြီလေ။
ယ်ဒီလည်း ရွေးပေးချင်ပေမယ့် မတတ်နိုင်လို့ ရောင်းရတော့
ယ်။ ရောင်းပြီးပိုတဲ့ပိုက်ဆံကို အခြားကြွေးတွေ ဆပ်ရမယ်"

ရိုက်ချက်က ပြင်းသည်။ ခေတ်ယွန်းတို့ညီအစ်မမှာ တစ်
ခါတည်း လဲသေချင်စိတ် ပေါက်အောင် ဒေါသတွေက အလိပ်
အလိပ်။

သူလုပ်တိုင်း ငြိမ်ခံနေလို့တော့မရ။ သူစာရွက်တွေ၊
စာချုပ်တွေဟာ အတုလား အစစ်လား။ အကြံအဖန်တွေလား။
အမှန်အကန်လားဆိုတာ တတ်ကျွမ်းနားလည်သူနှင့် စစ်ဆေး
ရမည်။

ကလေးတွေနှင့် မိန်းမတစ်ယောက်၏ မသိနားမလည်မှု
ကို ခုတုံးလုပ်ပြီး ရှိသမျှပစ္စည်း အကုန်သိမ်း။ နောက် မေမေ့ပါ
သိမ်းသွားသည့်လူကြီးကိုတော့ ကမ္ဘာမကျေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတွေနှင့် တောက်လောင်နေသော ကမ္ဘာကြီးထဲမှာ ထိုလူကြီးကို ပစ်ချစတေးနိုင်ရမည်။

ယဇ်ပူဇော်သလို ပူဇော်ပစ်ချင်သည်။

သို့သော် လောလောဆည်တော့ ကိုယ့်ဒေါသတွေကို မျိုချပြီး သူမတို့ညီအစ်မ ဦးဝေဠုတို့သားအဖ၏ အထက်စီးမျက်နှာ စင်ပေါ်ကမျက်နှာကို ကြည့်နေရသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲလိုပါပဲ။

မတူညီသည့် အင်အား (၂) စုအဖြစ် သူတို့သားအဖနှင့် ခေတ်ယွန်းတို့ညီအစ်မ။

မေမေကတော့ အားကိုးလို့မရတော့။

ကိုယ့်လူသူ့ဘက်သားလား။

သူ့လူကိုယ့်ဘက်သားလား။

မသိတော့ပါ။

ဦးဝေဠုကတော့ သူ၏ နိုင်ထက်စီးနင်း အစီအစဉ်တွေကို မိန့်ခွန်းခြွေတုန်း။

"ဖြူနဲ့သမီး (၂) ယောက်ကို ဒယ်ဒီ ဖူးဖူးမှုတ်ပြီး ရှုရှု လေးထားမှာပါ။ လိုလေသေးမရှိ ထားမှာ။ ကိုယ့်သမီးကလေးတွေနဲ့ တန်းတူထားမှာပါ။ ဒယ်ဒီ့ကို ဖအေလိုသဘောမထားနိုင်တောင်မှ





...ဦးလေးသားချင်လို သဘောထားပေးမယ်ဆိုရင် ဒယ်ဒီ ...နပ်ပါပြီကွယ်"

ဦးဝေဠု၏တော်ကီတွေမှာ မေမေကတော့ မျောလို့။

သူ့ချစ်လင်ကို ဘုရားလောက်နီးနီး အထင်ကြီး လေးစား ...ည်ညိုနေသလားမသိ။

ခေတ်ယွန်းတို့ညီအစ်မကတော့ အချိုပြန်သတ်လိုက်ရ ... ရင်ထဲမှာတော့ ဒဏ်ရာက အကြီးကြီး။

နှလုံးသားတွေက မီးထပွင့်တော့မတတ်။ လောလော ...ည်တော့ ငြိမ်နေရဦးမည့်ဘဝ။

"ဒါဆိုလည်း ဒီတိုက်နဲ့ခြံမရောင်းရခင် ကျွန်မတို့ ဒီမှာပဲ ...ယ်"

"မိသားစု ခွဲနေရတော့ စားဖို့စရိတ်၊ နေစရိတ် အိမ် ...ကူစရိတ်"

ဦးဝေဠု တော်တော်တရားလွန်လာပေပြီ။ သို့သော် ...တ်ယွန်းကလည်း ခေါင်းမာသည်ပါပဲ။

"ရတယ် အစက ဖေဖေသေတုန်းက ရွှေတောင်ကြီး ...ကယ်မပြိုသေးဘူး။ ခုမှ ရွှေတောင်ကြီးတကယ်ပြိုတော့မှာ"

"ကျွန်မတို့ဘာသာ ရပ်တည်မယ်။ မေမေ အကုန်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



မြှုတ်,ထုတ်,သတ်လုပ်သွား။ ရှင်းပစ်ခဲ့"

ဒေါ်ကြည်ဖြူလင်းလည်း တဖြည်းဖြည်း မျက်လုံးပြူးလာပြီ။ သူယောက်ျား ဦးဝေမြှုဟာ ဟုတ်ရော ဟုတ်သေးရဲ့လား။

သူမကတော့ ပေါက်တဲ့နဖူး မထူးတော့ဟု မထူးစိတ်ပိုက်ရတော့မှာလား။

ခင်ပွန်းသည် ကွယ်လွန်ကတည်းက ဦးဝေမြှုဟာ ခြံနှင့်အိမ် ပေါင်ထားသည့်စာချုပ်၊ အကြွေးစာချုပ်တွေ၊ လုပ်ငန်းအရှုံးပြသည့် စာရင်းတွေပြပြီး သူမကို အပိုင်ကိုင်ခဲ့သည်။

ဥမကွဲ သိုက်မပျက်။ အခြေမပျက်၊ အနေမပျက်ရအောင် လိုက်လျောရင်း ဦးဝေမြှု၏လက်တွင်းသို့ သက်ဆင်းခဲ့ရသည်။

ဦးဝေမြှုရဲ့ တော်ကီတွေမှာ ဦးဝေမြှုရဲ့မာယာတွေ၊ အညှအခရာတွေမှာ မျောခဲ့ရတာလည်းပါ၏။

ယခု သူက မော်ဆရာလို အချက်ပိုင်သည်နှင့်၊ သမီး (၂) ယောက်ကို သူ့ခြေဖဝါးအောက်း နင်းချေဖို့ စတင်နေပြီလား။

သူမ ညံ့ရာကျလွန်းနေပြီ။ ဦးဝေမြှုကို ဘယ်လိုရင်ဆိုင်ရမှာလဲ။

"ရှင်ပြောတော့ လုပ်ငန်းလည်ပတ်နေတာပဲ၊ အကြွေးတွေ ကျေလောက်ပါတယ်ဆို။ အိမ်နဲ့ခြံပေါင်ထားတာလည်း





ရောင်းဆပ်ရင် ပိုသေးတယ်ဆို"

"အခုက မရတော့ဘူး။ သူ့အပေါင်စာချုပ်ရဲ့ နောက်ဆုံးရက်က (၂) ရက်ပဲလိုတော့တယ်။ (၂) ရက်အတွင်း ရွေးဖို့ဆိုဈေးလျှော့ရောင်းရမယ်။ ဒါတောင် ဗိုက်နာဈေးပဲရမှာ။ တန်ရာတန်ကြေးရမှာမဟုတ်ဘူး။ ရောင်းမထွက်ရင်လည်း ကြွေးရှင်ကိုဒီအတိုင်း ထိုးအပ်လိုက်ရမှာ။ နစ်နာတယ်။ ဘယ်လောက်ဖြစ်ဖြစ်ရောင်းလိုက်တာကမှ အပိုကျန်ဦးမယ်။ အင်း ... အဲဒီအပိုရမှမင်း ကြွေးတွေ ဆပ်လို့ကျေမှာ"

စကားတွေက ချည်ပြီးတုပ်ပြီ။ ဒေါ်ကြည်လင်းဖြူ ဘယ်လို လှုပ်ရမှန်းမသိ။ သည်နွံက သူမကို စုန်းစုန်းမြုပ်စေရုံတင်မက သမီးတွေကိုပါ မြုပ်တော့မှာလား။

"ဖြူ ကိုယ် ဝယ်လက်နဲ့ ချိန်းထားပြီ။ မနက်ဖြန် အိမ်လာကြည့်မယ်။ သမီးတို့ကို တစ်ခါတည်း ခေါ်သွားရအောင်။ မြူ ဖြောင်းဖြပါဦး"

တစ်ချိန်လုံး ငြိမ်နေသည့်ကေသရီက တစ်ခွန်းဝင်ပြောပုံတ ကမ္ဘာမကျေချင်စရာ။

"မောင်မောင်ခေါ်တုန်း ဗျာထူးကြနော်။ အောင်ကျော်ခေါ်ခါမှတော့ ခြေသလုံး လာမဖက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေမြ ကိုယ့်သမီးကို လှမ်းပြောပုံက ငှက်မွေးလေးနဲ့ ကျောသပ်သလို။

"သမီးကလည်းကွာ၊ ကိုယ့်ညီမလေးတွေ အားငယ်နေတုန်း စကားပြောဆင်ခြင်မှပေါ့"

မတရားလုပ်သူတွေကိုပဲ ကျေးဇူးရှင်ရယ်လို့ နေ့တိုင်း ဦးချနေရမည့် ကျေးဇူးတင်နေရမည့်အဖြစ်။

ခေတ်ယွန်းအိမ်၊ ညီမလေးလက်ကိုဆွဲပြီး ဦးဝေမြကို တည်ကြည်ရဲရင့်စွာ ရင်ဆိုင်လိုက်ပါပြီ။

"အန်ကယ် လုပ်သမျှ ပြောသမျှ အမှန်တရားတွေချည်းပဲလား"

"ဟုတ်တယ်လေ၊ သမီးတို့က ဒယ်ဒီ့ကို မတရားလုပ်နေတယ် ထင်လို့လား"

"မထင်ချင်ပါဘူး။ အဲဒီ အိမ်ပေါင်တဲ့စာချုပ် အန်ကယ် ကျွန်မတို့ကိုပေးပါ။ ဖေဖေ့ကိစ္စ ကျွန်မတို့ဘာသာ ရှင်းမယ်"

"ဘယ်ဖြစ်မလဲ။ အန် အဲ ဒယ်ဒီက ကြွေးရှင်တွေကို မနည်း ခြေသလုံးဖက် တောင်းပန်ထားရတာ"

"မလိုဘူး။ ကျွန်မတို့ဘာသာ ရှင်းမယ်။ အိမ်နဲ့ခြံလည်း အန်ကယ်ရောင်းစရာမလိုဘူး။ ကျွန်မတို့ ဖေဖေ့မိတ်ဆွေတွေနဲ့





ဆက်သွယ်ပြီး ဖြေရှင်းမယ်။ မိအေး (၂) ခါ (၃) ခါလည်း ထပ်အနာမခံနိုင်တော့ဘူး"

ပြဿနာက အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်တော့မည်။

ဦးဝေမြ မျက်စိမျက်နှာပျက်နေ၏။ ကလေးတွေကလည်း ငယ်သာငယ် အစွယ်လေးတွေနှင့်ပါလား။

(၆) လံလုံးလုံး ကြည်လင်းမြူကို လိမ့်လုံး ခြောက်လုံးတွေနှင့် ဖြီးခြောက်ခဲ့သမျှ ကလေးတွေမသိအောင် ဖုံးဖိထားခဲ့သမျှ

သိသည်နှင့် အစဆွဲထုတ်ပါချေပြီတည်း။ ခေတ်ယွန်းက လက်ဝါးကိုဖြန့်ပြီး သူ့မျက်နှာရှေ့မှာ တောင်းနေပုံက ရဲရဲရင့်ရင့်။

"ပေးပါ၊ ဖေဖေ့ပြဿနာတွေ အကုန်။ ကိုယ့်ဘာသာ ရှင်းမယ်။ အန်ကယ်ဝင်ပြီးစီစဉ်နေစရာမလိုဘူး။ ကျွန်မတို့မှာ ဖေဖေ့မိတ်ဆွေ၊ ကျွန်မတို့မိတ်ဆွေ၊ လူကြီးသူကြီး အဆက်အသွယ်ကောင်းတွေ အများကြီးရှိတယ်။ ပေးပါ အန်ကယ်။ အိမ်အပေါင်စာချုပ်၊ ကြွေးစာချုပ်တွေပေးပါ။ ပါးစပ်ရာဇဝင်တွေတော့ လာမပြောနဲ့နော်။ မေမေ့ကိုသာ အန်ကယ်ညာလို့ လိမ့်လို့ ပုံပြင်ပြောလို့ရမယ်။ ပေး စာချုပ်တွေ အကုန်ပေး။ အတိုးတွေရော အစစ်တွေရော အကုန်ပေး။ အကုန်စစ်ပစ်လိုက်မယ်"



www.burmeseclassic.com

"ဘာ ...နှင် ငါ့ဒယ်ဒီကို ဘာပြောတယ်"

ကောသရီဝေက ဘွဲ့ရ အသက် (၂၂)၊ ခေတ်ယွန်းအိမ်က နောက်ဆုံးနှစ် အသက် (၂၀)။ ခေတ်သီရိက ဒုတိယနှစ် (၁၈)။

ကောသရီအော်တော့ ဦးဝေမျှ ကိုယ့်ဇာတ်ကိုယ်ဖြတ်ရသည်။

ရိုက်ချက်တာအားပြင်းလို့ မဖြစ်သေး။ ပြန်လျှော့ရသည်။ ငါးမျှားသလိုပဲ ကြိုးရှည်ရှည်နှင့် လှန်ထားရဦးမည်။

"ကဲ ကဲ စိတ်ညစ်စရာကိစ္စတွေ ထားလိုက်ပါကွာ။ လောလောဆည် ပျော်ပျော်ရွှင်ရွှင် နေကြရအောင်။ ဒယ်ဒီနဲ့မာမီ ဟန်းနီးမွန်း ပေလီကိုထွက်မယ်။ သမီး (၃) ယောက်လုံး လိုက်ခဲ့ရမယ်။ ဒယ်ဒီတို့မိသားစု ပျော်ပျော်ပါးပါး နေကြမယ်။ စီးပွားရေးတွေ ခေါင်းထဲ ဘာမှမထည့်ကြနဲ့။ ကလေး ကလေးလိုပဲ ပျော်ပျော်ရွှင်ရွှင် စာသင်၊ စား၊ သုံး၊ ဖြုန်းကြစမ်းပါ။ ဒယ်ဒီမသေမချင်း ဒီမိသားစုကို ဦးဆွေးဆံမြည့် လုပ်ကျွေးသွားမှာပါတဲ့ဗျာ"

တော်ကီကတော့ ကျွမ်းပစ်ကျချင်စရာ၊ ခေတ်ယွန်းတို့ညီအစ်မကတော့ ဦးဝေမျှ၏ ပုပ်ပေါင်နေသော နှလုံး၊ အသည်းကို အဖုံးအကွယ်မရှိ မြင်ပြီးသား။





"ကျေးဇူးတင်ပါတယ် အန်ကယ်။ အန်ကယ်တို့သာ ပျော်ပျော်ရွှင်ရွှင်နေကြပါ။ ကျွန်မတို့ကိုယ့်အိမ်မှာပဲ ကျန်ခဲ့ပါရစေ။ ဖေဖေ့ကို တိုင်တည်၊ တမ်းတ၊ ငိုကျွေးရင်း ဘဝအတွက် အကောင်းဆုံးနည်းလမ်းတွေကို ရှာဖွေနေထိုင်ကြည့်ပါဦးမယ်"

"မေမေကတော့ မေမေ့သဘောပါ။ မေမေ စိတ်ချမ်းသာမယ်ဆိုရင် ကြိုက်သလိုနေပါ။ သမီးတို့ ခုချိန်ကစပြီး သတိထမ်း ဉာဏ်ကိုမြှေကတုပ်လုပ်ပြီး ကိုယ့်လမ်းကြောင်း ကိုယ်စလျှောက်ပါတော့မယ်"

"အန်ကယ့်ကို သတိပေးချင်တာက ဒီအိမ်ကို ကျွန်မတို့ သဘောမတူဘဲ ရောင်းခွင့်မရှိပါဘူး။ အပေါင်စာချုပ် မပေးတဲ့အတွက် ဒီကိစ္စကို ကလိမ်ကကျစ်လိုပဲ ယူဆရပါလိမ့်မယ်။ ဒါပါပဲ"

ညီအစ်မ (၂) ယောက် ညှော့ခန်းထဲမှာ မတ်မတ်ရပ်ပြီး တောင့်တောင့်ကြီးတွေ လုပ်နေပုံက အသုဘအခမ်းအနားတစ်ခုမှာ ရပ်နေကြသည့်နှယ်။

ဦးဝေမျှ ခေါင်းနည်းနည်းစားသွားသည်။ ခေတ္တအကြံထုတ်ပြီးသည်နှင့် ကလိမ်ကကျစ်ဉာဏ်က ဆက်တိုက်ထွက်၏။

"ဒယ်ဒီတို့ ဟန်းနီးမွန်း တစ်ပတ်ထွက်မယ်။ အဲဒီ

www.burmeseclassic.com



တစ်ပတ်ပြန်လာမှ အဲဒီကိစ္စတွေ ရှင်းကြတာပေါ့။ လောဝေ ဆည် သမီးတို့အဆင်ပြေသလိုနေကြပါ။ ကဲ ညည်းလည်း နု ကြပြီ။ ဖြူရေ မောင်တို့ပြန်ကြရအောင်

ဒေါ်ကြည်လင်းဖြူ ဘာဆက်လုပ်ရမှန်းမသိ။ သမီးတေ ကို ထားခဲ့ပြီး တစ်ယောက်တည်း လိုက်သွားရမည်လား။

သူ့မဏ်ရည်ရွယ်ချက်က သားအမိ (၃) ယောက် ခင်မ သည့်၏အရိပ်အောက်မှာ သက်သောင့်သက်သာလေး ဘဝ ဖြတ်ကျော်ချင်တာ။

ပန်းမွေ့ယာ ရွှေကော်ဇောပေါ်မှာ အတူထိုင်ချင်တာ

ယခုကျ အခြေအနေက ထင်သလို ဖြစ်မလာတော့

မျက်ရည်လည်ရွဲနှင့်ပင် ဒေါ်ကြည်လင်းဖြူ ဦးဝေဒ ကားပေါ်သို့ ပါသွားတော့ ခေတ်ယွန်းနှင့် ခေတ်သီရိတို့ ညီအစ် တိုက်တံခါးတွေကို ဆွဲပိတ်လိုက်ကြသည်။

ဘဝကို အတူရင်ဆိုင်ကြမှာပေါ့။

အတောင် တစ်ဝက်နှင့်ဖြစ်ပါစေ။

✹



## အခန်း (၃)

ခေတ်ယွန်းအိမ်။

သချာနောက်ဆုံးနှစ်ကျောင်းသူ။

ရင်ထဲမှာ မီးလိုပူသည်။

ဖေဖေဆုံးပါးတုန်းက ယိမ်းယိုင်ခဲ့သော ရွှေတောင်ကြီး ည် မေမေ လူယုတ်မာ၏လက်ထဲသို့ ပါသွားသည့်အခါ တုန်းသား ပြိုလဲခဲ့ချေပြီ။

ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သည့် သူဌေးသမီး (၂) း။

ဘဝကို အပြုံးသားရင်ဆိုင်ကြရုံပေါ့။

ဦးဝေဠက ဖြတ်လေးဖြတ်စနစ်နှင့် သူမတို့အိမ်မှ အလုပ် သားအားလုံးကို ဖြုတ်ပစ်လိုက်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ၊ အိမ်အကူ (၂) ယောက်။ တော်တော် ယုံ
မာသည့် လုပ်ရပ်ပါပဲ။

သွားပေါ့။ ဘဝကို ဖြစ်အောင်ရင်ဆိုင်မည်။

"ညီမလေး မပူနဲ့။ ငါတို့တိုက်ကြီးက လုံပါတယ်။ ဘယ်
သူမှ ရန်မပြုနိုင်ဘူး"

"ဟိုလူကြီးက ရောင်းစားဦးမှာလေ"

"ဘယ်ရမလဲ။ ငါ အကူအညီ အဆက်အသွယ် ရှာ
မယ်"

"တော်ကြာမှ ကလိမ်ကကျစ်၊ အလိမ်အညာတွေနဲ့
ထပ်တွေ့နေပါ့မယ် မမရယ်"

"သန်းကောင်ထက်တော့ ညဥ့်မနက်တော့ပါဘူးဟာ
မပူနဲ့၊ နောက်ဆုံး ငါ တက္ကစီမောင်းကျွေးမယ်"

ညီအစ်မ (၂) ယောက် တစ်ယောက်ကိုတစ်ယောက်
အားပြုရင်း ဘဝကိုရင်ဆိုင်ကြပေပြီ။

ကျားငစဉ်းလဲရဲ့လက်မှာ မကျဆုံးဖို့ အကာအကွယ်တွေ
အဟန့်အတားတွေ၊ အစီအရင်တွေ လိုတာပေါ့။

မိတ်ဆွေကောင်းတွေလိုပါသည်။ ဖေဖေက အခြေအနေ
အပြည့်နှင့် ထားခဲ့ပေမယ့် သူ့မိတ်ဆွေ လူယုတ်မာကြောင့်





အခြေအနေတွေ ရှုပ်ထွေးခဲ့ရပေပြီ။

သူမ မည်သူ့ကိုရင်ဖွင့်ရ၊ တိုင်တည်ရမှာလဲ။ လောက
ကြီးထဲမှာ လူမသမာတွေကလည်း အများသား။ သူငယ်ချင်း
(၂) ယောက်ကလည်း နယ်မှ ရိုးရိုးလေးတွေ။

ခေတ်ယွန်းပြောပြလည်း ကူပြီးစိတ်ညစ်ကြရုံသာ။ နန်းနု
ဆွေနှင့် ယုယဝင်းခင်ဟာ သူမနှင့် တတိယနှစ်ကတည်းက
ခင်လာကြတာ။

သူမတို့က နယ်မှရောက်လာကြခြင်းပါပေ။ နန်းနုဆွေက
လားရှိုးက်မဲမှ၊ ယုယဝင်းခင်ကတော့ ပခုက္ကူသူ။ ရွှေညာသူနှင့်
ရှမ်းလုပ်မ။

ကိုယ့်တစ်ယောက်တည်း အတွေးတွေဖြန့်ကျက်ရင်း
ခေတ်ယွန်း (၂) ရက်မျှ ငေါင်နေ၊ ဆွေးနေတော့ အနေအေးသည့်
သူငယ်ချင်းမတွေ။ ရိပ်မိကြပေပြီ။

"ခေတ်ယွန်း ... နင့်အမေ နောက်ယောက်ျားယူလို့
စိတ်ညစ်နေတာဆိုလည်း ပြောတော့ဟာ။ တစ်ပင်လဲလို့ တစ်ပင်
ထပ်ထူတာ။ နားလည်ပေးလိုက်"

"အေးလေဟယ် ငါတို့နဲ့အတူ ပျော်ပျော်ရွှင်ရွှင်လေး
နေကြစမ်းပါ။ နင့်အမေက အရွယ်လည်းရှိသေးတယ်။ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း မလုပ်တတ် မကိုင်တတ်ဆိုတော့ သမီးတွေငဲ့ပြီး သူ့ဘဝသူ စတေးလိုက်တာ ဖြစ်မှာပါ"

သူငယ်ချင်း (၂) ယောက်ဓါစကားကို ခေတ်ယွန်းနားခံ သွားသည်။ သူမတို့မေမေကဖြင့် သူ့ယောက်ျားကြီးနှင့် ပေလီမှာ ဟန်းနီးမွန်းထွက်နေပြီ။

သမီး (၂) ယောက်ကသာ မီးလောင်တိုက်သွင်းခံနေရတာ။

"သူ အခုယူတဲ့ယောက်ျားကြီးကြောင့် ငါတို့ ဒုက္ခဝ ရောက်နေရတာ"

"ဒါဆိုလည်း ပြောပြဦးလေ။ ငါတို့တတ်နိုင်တာဆို အကြံဉာဏ်ပေးရ အကူအညီပေးရမှာပေါ့"

"အေးလေ နင်တစ်ယောက်တည်း စိတ်ဆင်းရဲနေတော့ ရော ပြဿနာက ပြေလည်လာမှာ ကျနေတာပဲ။ ငါတို့ပါ အကြံပေးပါရစေ"

အတန်းနားချိန်မို့ ခေတ္တအားနေကြချိန်။ ခေတ်ယွန်း တွေဝေနေရာမှ သူငယ်ချင်းတွေကို ပြောပြ ရင်ဖွင့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ငါ့အဖေဆုံးတာ လက်ရှိမေမေနဲ့ နေရတာတော့ နင်တို့





သိတယ်နော်"

"အင်း ... လောလောဆည် နင် စိတ်ဆင်းရဲနေရတဲ့ ကိစ္စသာပြော"

ခေတ်ယွန်း၊ မေမေ မင်္ဂလာဆောင်သည့် ညက ပထွေးတော်ကြီး၏ ယုတ်မာပက်စက်သည့် အကြံအစည်များ၊ ရိုက်ချက်များကို မျက်ရည်လည်ရွဲနှင့် ပြောပြလိုက်ပါသည်။

"ဒီလူကြီးက ငါတို့ပစ္စည်းတွေအားလုံးကိုရော မေမေ့ကိုပါ အပိုင်စီး၊ အချောင်ရိုက်နေတာ။ အခု ငါတို့နေတဲ့တိုက်နဲ့ခြံကိုလည်း ရောင်းပြီး ကြွေးတွေဆပ်ရမတဲ့"

"ကြွေးက (၆) လကြာမှ ပေါ်လာရသလား။ ယုတ္တိမရှိဘူး"

"သူ တောင်းပန်ထားလို့တဲ့လေ။ အပြောကတော့၊ အဲဒါ သူ ကလိမ်ကကျစ်တွေ လုပ်နေတာ သိသိကြီးနဲ့ ငြိမ်ခံနေရတဲ့ အဖြစ်။ အဲဒီကိစ္စတွေကို ဘယ်လိုဖြေရှင်းရမလဲ။ မသက်သာပါဘူး ဆိုပြီး ရဲကိုသွားတိုင်ချက်ဖွင့်ရမလား။ တရားရုံးကိုသွားတိုင်ရမလား။ ခက်တာက စာချုပ်တွေ၊ အိမ်အပေါင်လက်မှတ်တွေ၊ ကြွေးစာရင်းတွေ အားလုံး သူက မပြတာ၊ မပေးတာဘဲ။ ရုပ်ရှင်ထဲကလိုသာ အဲဒီလူကြီးကို သတ်ပြီး ထိုင်းဖက်ထွက်ပြေး



www.burmeseclassic.com

လိုက်ချင်တယ်"

"အေးဟယ် နင့်ကိစ္စက သေးကျုပ်နံ့ကျုပ်ကြီး။ အရွယ် အကန်မဟုတ်တာတော့သေချာတယ်။ ခက်တာက သူက လူကြီး ဖြစ်နေတာပဲ။ အရာရာ နှံ့စပ်၊ လူလည်ကျ။ နာတစ်ဖျားသာနေ တာပေါ့"

"စိတ်ခတ်တော့မကျပါနဲ့ဟာ။ ငါ့အစ်ကိုတွေကို လှမ်း မေးကြည့်ပါဦးမယ်။ ငါ့အစ်ကိုတစ်ယောက်က ဂျပန်မှာ အလုပ် သွားလုပ်တာ (၅) နှစ်တောင်ဟ။ ဟိုမှာ ကျောင်းလည်းတက် အလုပ်လည်းလုပ်။ သူက အရာရာ သူသိ သူတတ်၊ သူမတတ် တာမရှိ"

ယုယဝင်းခင် အစ်ကိုငြိုကြွားဖွင့်နေတော့ နန်းနုဆွေက မျက်လုံးပြူးပြဲ။

"ဟိုကစိတ်ညစ်နေပါတယ်ဆိုမှ နင်က ခေတ်ယွန်းကို ယောက်ျားပေးစားဖို့များ ကြံစည်နေရော့သလား။ နင့်မှာ အဲဒီ လောက် ပြီးပြည့်စုံနေတဲ့ အစ်ကိုရှိတာ ဖုံးထားတယ်။ ကြည့်စမ်း အပုပ်မ။ ခုမှ အဲဒီလက်နက်ကို ထုတ်သုံးတယ်ပေါ့လေ"

ယုယဝင်းခင် ရုပ်က ရယ်ကျဲကျဲ။

"အဟဲ ...ငါက နင်တို့နဲ့ စကားမစပ်မိလို့ပါဟာ။





အစ်ကိုတစ်ဝမ်းကွဲတွေ။ ငါနဲ့ တစ်ယောက်မှမတည့်ဘူးဟ။ အစ်ကိုလွန်းခေါင်တစ်ယောက်သာ။ ဒါလည်း ကြာကြာမတွေ့ရ ဘူးပဲ။ သူ ဂျပန်က ပြန်လာတာ တစ်လမပြည့်သေးလို့။ တစ်လ ကျော်ရင်တော့ ငါနဲ့တည့်မှာမဟုတ်ဘူး"

နန်းနုဆွေက နာမည်ကြားရုံနှင့် စိတ်ဝင်တစား မေးနေ တော့တာ။ နန်းနုဆွေက အနည်းငယ်ဝနေလို့သာ၊ ရုပ်မချော သေးပါပဲ။ သဘောဖြူ အနူစင်းလေး။

ယုယဝင်းခင်ကတော့ အသားညိုချောလေး။ ခေတ်ယွန်း ကတော့ ချောချောလှလှနှင့် ဖြူစင်သည့်မိန်းမငယ်လေးပါ။

"သူက ဂျပန်မပြန်တော့ဘူးလား။ ဒီမှာ ဘာလုပ်မှာ လဲ"

"နင်လိုက်သွားချင်လို့လား။ သူ့ဘာသာ ဘာလုပ်လုပ် နေ နင့်အပူလား"

"ငါက ခေတ်ယွန်းအတွက် မေးတာပါဟ"

"ခုမှ လျှော့ချမနေပါနဲ့။ အဲဒီ ငါ့အစ်ကိုက ဟိုမှာ စီးပွားရေးဘွဲ့တွေ ရလာခဲ့တာ။ ဟိုမပြန်ဘူး။ ဒီမှာပဲ လုပ်ငန်း တည်ထောင်မယ်။ လောလောဆည် သူများကုမ္ပဏီတွေမှာ လေ့ လာနေတယ်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နင်တို့ ငါတို့က ပစ္စည်းမဲ့လူတန်းစား အောက်မေ့နေတာ။ ခုကျမှ နင်တို့မိသားစုထဲမှာ ဘောစိတွေ ခရိုနီတွေရှိနေမှန်း သိရတော့တယ်"

"ခရိုနီမဟုတ်ပါဘူးဟာ။ အစ်ကိုက ရိုးရိုးသားသားနဲ့ ကြိုးစားတဲ့လူငယ်တစ်ယောက်ပါ"

"အသက်က သာတီးအိုဗာလား"

"ဘယ်ကလာ ခုမှ ငါ့အစ်ကိုအသက်က (၂၆) ပဲရှိ သေးတယ်။ နင်နဲ့ဆိုအတော်ပဲ"

ယုယဝင်းခင် နန်းနုဆွေကိုစနေတာ ခေတ်ယွန်း တားရသည်။

"ငါ စိတ်ဆင်းရဲနေလို့ပါ။ နင်တို့က ရန်ဖြစ်မနေကြစမ်း ပါနဲ့"

"အေး ... ဆောရီး ဆောရီး။ ငါ့အစ်ကိုနဲ့ ခေတ်ယွန်း ကို တွေ့ပေးမယ်လေ။ သူ့ကို အကူအညီတောင်းကြည့်ပါလား"

"တစ်ခါမှမသိဘဲ သူစိမ်းတစ်ယောက်ကို ငါ ဘယ်လို ယုံကြည်အားကိုးရမှာလဲဟာ။ သူကရော ဘယ်မှာနေတာလဲ"

"သူ့မိဘတွေကတော့ ပခုက္ကူမှာပဲလေ။ သူကတော့ ဒီရန်ကုန်မှာပဲ တိုက်ခန်းနဲ့ ကားနဲ့နေတယ်"





"ဟင် ... တစ်ယောက်တည်း အဲလိုနေတဲ့လူတွေက ဆရာကြီးပါနော်။ နင့်အစ်ကို့ကို အကူအညီ မတောင်းရဲပါဘူး"

"အံမယ်၊ ငါ့အစ်ကို တကယ့်စီးပွားရေးနားလည်တဲ့သူ။ သူ့အရွယ်နဲ့သူ့လောက် အခဆင်ပြေနေတာ သူပဲရှိတယ်။ ငါတို့ သွားပါဘူး။ သူ့ကို ခေါ်ခဲ့မယ်။ နင်တို့အိမ်ကိုခေါ်ခဲ့မယ်"

"သူက ဘာကိစ္စလိုက်လာမှာလဲ။ ကူလည်းကူညီရဦး မယ်။ အောက်ကျ နောက်ကျခံပြီး ဘာလို့လိုက်လာမလဲဟ"

"အကျိုးအကြောင်း ပြောထားမယ်လေ။ သူ့ညီမရဲ့ သူငယ်ချင်းဆိုတော့လည်း ကူချင်မှာပေါ့။ နင်ကလည်းဟာ စစ် ရောက်ခင် မြားကုန်မနေစမ်းပါနဲ့"

"ဒီတစ်ပတ်စနေ ငါ ငါ့အစ်ကိုခေါ်ပြီး လာခဲ့မယ်။ သူ အကြံဉာဏ်တွေ ပေးနိုင်ပါလိမ့်မယ်။ တစ်ခုခုတော့ ထူးခြားမှာ ပေါ့ဟာ"

"အေး ... ငါ မနက်စာ ထမင်းကျွေးမယ်နော်"

"အမလေး မစားချင်ပါဘူးဟယ်။ နင်တို့တောင် မနည်း စားနေရတာ မဟုတ်လား"

"ကျွေးနိုင်ပါသေးတယ်ဟာ။ ဝယ်ပြီးခြမ်းပြီးသားလေး တွေ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်သာနေ"

သူငယ်ချင်းများနှင့် လမ်းခွဲပြီး ခေတ်ယွန်းအိမ်ပြန်လာသည့်အထိ ရင်ထဲမှာ သောကတွေက အရှုယ်နှင့်မမျှ။

ဟုန်းခနဲ ရင့်ကျက်သွားရပြီလား။ ဘဝက ပန်းခင်းလမ်းမဟုတ်တော့ထာ အသေအချာ။

✹



## အခန်း (၄)

ရေနစ်သူမှာ မြက်ပင်လေးကိုတောင် အားကိုးတကြီးဆွဲသလိုပဲ ခေတ်ယွန်းနှင့်ခေတ်သီရိတို့ ညီအစ်မ ယုယဝင်းခင်တို့မောင်နှမကို စောင့်မျှော်နေရသည်။

ခေတ်ယွန်းက (၂၀)။

ခေတ်သီရိက (၁၆)။

ကလေးသာသာလေးတွေပေမယ့် ကြုံလာရသည့် လောကဓံကြီးက ကြမ်းလွန်းလို့ မနိုင် မနှဲ့နိုင်ရတော့ပါ။

ယေ်စဉ်ကတည်းက ချက်တာ၊ ပြုတ်တာ သင်ထား၊ ဒိသနာပါထားသဖြင့် ယခု ညီအစ်မ (၂) ယောက် ကိုယ့်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယူနေကြပေပြီ။

ညီအစ်မ (၂) ယောက် ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်လျှောက်ကြပြီ။

ကိုယ့်ကိုယ်ကိုလည်း သနားမနေနိုင်။ လူဆိုတာ အခြေ ကြုံရင် သက်လုံကောင်းရမှာပါပဲ။

ကမ္ဘာဦးအစကတည်းက အနိုင်ရသည့် သတ္တဝါတွေ သာ ခေတ်အဆက်ဆက် ရှင်သန်ကျန်ခဲ့တာ။

ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီး (၄) ပါးထဲမှာ၊ ရာသီဥတု ဆိုးဆိုးတွေထဲမှာ။ ဒဏ်ခံနိုင်သူသာ ဆက်လက်ရှင်သန်စမြဲ။

ဒဏ်မခံနိုင်သည့်သူဟာ လောကကြီးထဲမှ ပျောက်ကွယ် ရစမြဲ။

အင်း ... သူမတို့အဖြစ်ကလည်း သဘာဝတော့မကျ ပထွေးတော်ကြီး၏ ကလိမ်ကကျစ်ကျမှုကြောင့် ပထွေးတော် ကြီး၏မွှေနှောက်မှုနှိပ်တိုင်းထန်မှုကြောင့် ပိုပြီး အခက်တွေ့နေ တာ။

ယုယဝင်းခင်က (၈) နာရီမှာ ရောက်လာမယ်ဆိုလို့ ညီအစ်မ (၂) ယောက်သား ခြံထဲမှ စကားဝါပင်လေးအောက်မှာ ထိုင်စောင့်နေကြတာ။





"မမရယ် ... အဲဒီလူကြီးက နိုင်ငံခြားပြန်ဆို။ ဂျပန်ပြန် ကြီးဆိုတော့ ကမ္ဘာပတ်နေတဲ့ လူလည်ကြီးလားဟင်"

"လာတော့ကြည့်ပေါ့ဟာ။ သူပြောတဲ့စကား နားထောင် ပြီး သူ့ဥပဓိကိုကြည့်ပေါ့။ လူတစ်ဖက်သားက စေတနာ ဖြူစင်ရင် ဒါတို့ ငဲ့ကြီးနေပါဦးမယ်။ ဘာမှတွေးမနေနဲ့ဦး။ စောင့်ကြည့်ကြ သေးတာပေါ့"

"အင်းပါ"

ညီအစ်မ (၂) ယောက် စကားဝါပင် အောက်မှငေးမျှော် နေကြစဉ် ခြံရှေ့မှ ကားဟွန်းသံကြားသဖြင့် ပြေးဖွင့်ပေးကြသည်။

ကားလေး တိုက်ရှေ့သို့ရောက်လာမှ ခြံတံခါးပိတ်ပြီး ဆတ်ယွန်း ဖိတ်ခေါ်လိုက်သည်။

"လာပါရှင့်၊ ကျွန်မတို့ မျှော်နေကြတာ"

ယုယဝင်းခင်၏အစ်ကို လွှန်းခေါင်။

ဗလက အောင်လအန်ဆန်းလောက်ရှိပြီး အရပ်က အောင်ရဲလင်းလောက်။

ဝတ်ပုံ၊ စားပုံရော ကိုယ်ဟန်ကပါ စမတ်။ မျက်နှာက တော့ ရိုးသားဖြူစင်မှုနှင့် ရှင်းရှင်းလင်းလင်း။ ဝင်းဝင်းပပ။

သူ၏ ရိုးသားမှု၊ ကြိုးစားမှုက မျက်နှာမှာ အထင်းသား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေသည်။ စိတ်ကောင်းရှိမည့်ရုပ်၊ ထက်မြက်မည့်ရုပ်။

လွန်းခေါင်ကလည်း သူ့ညီပြောထားလို့ အခြေအနေတွေ ကို သိပြီးပေပြီ။

သနားစရာ မိန်းမငယ်လေးတွေ။

ချောတာ လှတာထက် ယုန်ကလေးတွေလို ချစ်စရာ မိန်းမငယ်လေးတွေ။

အားလုံးပင် ညည့်ခန်းထဲမှာ ထိုင်မိကြတော့ လွန်းခေါင် က ခေတ်ယွန်းတို့ညီအစ်မကို အကျိုးအကြောင်း ထပ်ပြောခေ သည်။

သေသေချာချာ နားထောင်ပြီး မရှင်းတာထပ်မေး။ တစ် နာရီလောက်ကြာတော့ သူ ဇာတ်ရည်လည်သွားပြီ။

"ကလိမ်ကကျစ်တော့ ကလိမ်ကကျစ်ပဲ။ ဒါပေမဲ့ သူက ငွေနဲ့ ဝိတ်နဲ့၊ အပေါက်အလမ်းတွေ လျှောက်ပိတ်နိုင်တယ်။ ညီမတို့ သူ့ကိုယှဉ်ဖို့တော့ မလွယ်လှဘူး။ ခေတ်ကြီးကလည်း လွယ်တာမဟုတ်ဘူးလေ။ မြန်မာပြည်ရဲ့ တရားစီရင်ရေးက ရှေ့နေကောင်းကောင်းငှားပြီး တရားသူကြီးကို ငွေများများပေး နိုင်ရင် နိုင်တာပဲ"

"စိတ်ဓာတ်ကျအောင် ပြောနေပြန်ပါပြီ"





"မကျနဲ့၊ ကလိမ်ကကျစ်ကောင်ကို ကလိမ်ကကျစ်နည်း နဲ့ ပြန်တိုက်မယ်။ ညီမတို့ ဘာမှမပူနဲ့"

"အင် ... ဘယ်လိုလုပ်မလဲ"

"တစ်ထိုင်တည်းတော့ ပြောမရဘူးလေ။ ကိုယ် နည်း သမ်းရှာမှာပေါ့။ လောလောဆည် ညီမလေးတို့ (၂) ယောက် ဘည်းနေရတာ အဆင်ပြေရဲ့လား"

"ဒီလိုပဲ နေရတာပေါ့။ လောလောဆည် ခေတ်ယွန်းတို့ နေထိုင်နေတာ ပထွေးတော်ကြီးဟာ ဒီတိုက်နဲ့ခြံကို ပေါင်ထားရ တယ်ဆိုပြီး အပေါင်မဆုံးချင်လို့ ဖြစ်သလိုဈေးနဲ့ရောင်းပစ်မှာ စိုးတာ"

"သူ နှစ်ပေါက်၊ တစ်ပေါက် ရိုက်မှာပေါ့။ ရောင်းတယ် ဆိုပြီး တစ်ဖက်လှည့်နဲ့ ဝယ်ထားမှာပေါ့"

"ဟုတ်နိုင်တယ်၊ ခေတ်ယွန်းတို့ကို အကြံပေးပါဦး အစ်ကို"

"အင်း ... သူ့စာချုပ်တွေဆိုတာလည်း ဘာမှမမြင်ရ။ ပေါင်ဆင်ကြီးမှန်းတော့ သိသာနေတာပဲ"

"ဟုတ်တယ်၊ အရမ်းအခံရခက်တာပဲ။ တစ်ခါတစ်ခါ ဒီလူကြီးကို သတ်ပစ်ချင်မိတယ်။ မေမေ့ကိုလည်း စေပိမ့်



www.burmeseclassic.com

www.burmeseclassic.com



တပတ်နဲ့ သိမ်းပိုက်တယ်။ ပစ္စည်းတွေလည်း အကုန်အပျောက် ရိုက်ဖို့ ကြံစည်နေတယ်"

"'သမီးလေးတွေပါ ဆက်ပြီး နှက်ပေးမှာစိုးရတယ်"

"ဒီတိုက်နဲ့ခြံ ပေါင်ထားတယ်ဆိုတဲ့ စာချုပ်ကို ရအောင် တောင်းရမယ်။ သူ့ကို သူ့လိုပဲ အကျပ်ကိုင်၊ ခြိမ်းခြောက်ရမှာပေါ့။ မပူနဲ့နော်၊ အစ်ကိုစီစဉ်မယ်"

"သူ ဒီတိုက် ဒီခြံရောင်းရင် ကန့်ကွက်ကြောင်း သတင်းစာကနေ ကြော်ငြာထည့်မယ်။ အစ်ကို့မိတ်ဆွေ၊ နားလည်တဲ့သူတွေနဲ့ ထပ်ပြီးဆွေးနွေးကြည့်မယ်။ အရှုံးမပေးဘူး"

"အစ်ကို အဆင်ပြေသလို စီစဉ်ပေးပါ။ ခေတ်ယွန်းတို့ကတော့ ဖေဖေ့ကိုနာမည်ဖျက်ပြီး ဖေဖေ့ပစ္စည်းတွေ အပျောက်ရိုက်၊ ဖေဖေ့မိန်းမကို လှည့်ဖြားပြီး သိမ်းပိုက်၊ ဖေဖေ့သမီးတွေလည်း လမ်းဘေးရောက်အောင်လုပ်တဲ့ လူကြီးကို ကမ္ဘာမကျေအောင် မုန်းတယ်"

"စိတ်လျှော့ထားပါ ညီမတို့ရယ်။ အစ်ကို အတတ်နိုင်ဆုံး ကူညီပေးမပါ့မယ်။ စိတ်ကို အေးအေးသာထားနော်"

"ဟုတ်ကဲ့ပါ၊ အစ်ကိုတို့မောင်နှမကို ထမင်းကျွေးပါရစေ"





"မစားရက်ပါဘူးကွာ။ မရှိရှိတာလေးတွေနဲ့ ချက်ပြုတ်ထားရတာ။ အစ်ကို ဝယ်ကျွေးချင်ပေမယ့် တို့တွေ ခုမှ စသိတာနော်"

ခေတ်ယွန်းတို့ညီအစ်မကို အားပေး နှုတ်ဆက်ပြီး လွန်းခါင်တို့ ပြန်လာကြသည်။

လမ်းမှာ ယုယဝင်းခင်က –

"ကိုကို ဘယ်သူ့သဘောကျသလဲ၊ အကြီးမလား အငယ်မလား"

"အောင်မယ်၊ ငါ့မျှား မိန်းမ မမြင်ဘူးတဲ့ အရိုင်းအစိုင်းဆတ်က အောက်မေ့နေသလား။ ငါ သူတို့ကို ကိုယ့်ညီမလေးတွေလို သဘောထားပြီး ကြင်နာသနားမိတာပါ"

"ယုယထက်တောင် ပိုချစ်သွားပြီလား"

"နင်က ဘာချစ်စရာ၊ သနားစရာရှိသလဲ။ မိနဲ့ဖနဲ့။ ခိုလိုသမျှ ထုတ်ပေးနေတဲ့ မိဘ မောင်ဘွားတွေနဲ့။ သူတို့မှာသာ အများမတရား လိမ်လည်ကောက်ကျစ်နေတာကို သိသိကြီးနဲ့ ခံနေရတာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ် ဟင်း"

"နင် စိတ်မပုပ်နဲ့။ နင်ပဲ ငါ့ကို ရှိခိုးဦးချ လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ၊ ယုယ ဘာမှမပြောပါဘူး"

"မပြောလည်း ပြီးရော"

လွန်းခေါင်ရင်ထဲမှာ ခေတ်ယွန်းတို့ ညီအစ်မအတွက် ဘယ်လိုနည်းလမ်းဖြင့် ကူညီရမလဲဟုသာ အကွက်ချတွေးတော နေရပါတော့သည်။

✹



## အခန်း (၅)

လွန်းခေါင်။

ကိုယ်ပိုင်တိုက်ခန်းနှင့် ကားနှင့်။ လောလောဆည်၌ အလ
းမနေချင်တာမို့ တက္ကစီမောင်းဖို့ စီစဥ်ရင်း လုပ်ငန်းတွေလည်း
လာနေတာ။

သူ့ ဦးဝေမှု၏အကြောင်းကို စုံစမ်းကြည့်တော့ တော်
ာ် မဟာန်သည့်လူ။

မိန်းမပွေသည်။ အပျော်အပါးလိုက်စားသည်။ လောင်း
ားလည်းပါတာပဲ။

သည်လို စရိုက်မျိုးရှိသူဆိုတာ ဘဝမှာ ပရမ်းပတာပေ့။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ယွန်းတို့ ဖေဖေ သေရတာတောင် သူ့ပယောဂ မကင်းသလို ပြောနေကြသည်။

သည်ဘဲကြီးကို သူ ဘယ်လိုအကျပ်ကိုင်မလဲ။ ဦးဝေ ဟာ ကောက်ကျစ်သူမို့ တရားနည်းလမ်းကျအောင် ဖြေရှင်းဖို့ မလွယ်။

သူကလည်း ဂျပန်မှာ တစ်ကိုယ်တော်နေလာခဲ့သူမို့ ကြောက်သွေးကတော့ ကျဲကျဲ။

မတရားတာတွေ့လျှင် မနေနိုင်ရသည့်ကြားထဲ ကြား သည့်သတင်းက မဖွယ်မရာ။

ဦးဝေမြှဟာ သူ့အပေါင်းအသင်းတွေနှင့် စုပြီး လိမ်ဆင် ပြီးလုပ်နေပုံ။

ကိုယ်ကလည်း လောလောဆည် လုပ်ငန်းမစရသေး သည်မို့ ကောင်းမှုပြုသည့်အနေနှင့် လုပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီး သား။

အကူအညီကတော့ သူ့သူငယ်ချင်း စိုင်းကောင်းဆက် တောင်းရမည်။

သူ့သူငယ်ချင်းကလည်း လူရိုးလူဖြောင့် တစ်ယောက်ပါ သူကတော့ လောလောဆယ် ကွန်ပျူတာသင်တန်းဖွင့်ထားသည်





ွန်ပျူတာမှာ ဆရာကြီးပေါ့။

သူ့မှာလည်း အချိန်အားတော့ ရှိလောက်ပါသည်။ သူ ိုင်းကောင်းဆက်ထံသွားပြီး ကောင်မလေး (၂) ယောက်၏ ကွကိုပြောပြလိုက်သည်။

"အဲဒါပဲ စိုင်းရေ။ ငါက မတရားတာဆို ကြည့်မနေနိုင် ဲ့လူဆိုတော့ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်လေးတွေကို ချောင်းလိုက်ဦးမယ်ကွ။ မင်းလည်း တနိုင်တပိုင် ပါဝင်ကူညီ ားဖြည့်ပေးပါဦး"

"အင်း ... ကြားရတာ တကယ်စိတ်မကောင်းစရာပဲ။ ဋ္ဌေးသမီးလေးတွေအဖြစ်က သိကြားနဲ့အသူရာလို တာဝတိံသာ တ်ပြည်ကနေ မြင်းမိုရ်တောင်အောက် ပစ်ချခံရသလိုပါပဲလား။ ဘော်ရုံလူဆို လူးသွားမှာပဲ"

"သူတို့ညီအစ်မကတော့ ကြုံကြုံခံနေပါတယ်။ ဦးဝေမြှ ကြီးက ရိုက်ချက်ပြင်းလွန်းလို့ပါကွာ။ လုပ်ငန်းသိမ်းရုံတင်မက ိုက်နဲ့ခြံပါ အပြုတ်ဖြုတ်မယ့်အကြံကတော့ ရိုင်းလွန်းပါတယ်။ ူတာ ဆရာကြီးဆိုတော့ အကွက်စေ့အောင် ကြံဆောင် စီစဥ် ားမှာပေါ့"

"အင်း ... ငါတို့ တစ်ခုခုတော့ ကူညီနိုင်ကောင်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဆို ငါတို့ကို အကြောင်းကြားဖို့ ပြောထား"

"ပြောထားတယ်၊ အဲဒီကြားထဲက မကူညီလိုက်ရ စိုးလို့။ ငါ တစ်ခုစီစဉ်ထားတယ်။ မင်းလည်း သင်တန်းပြေ ပြတ်တော့မယ်မလား။ နောက်တစ်သင်တန်းမစနဲ့ဦးကွာ။ ကလေး မလေးတွေကို ကူညီကြရအောင်"

"ဆိုပါဦး"

"မင်းရုပ်က အဘိုးကြီးနဲ့တူတယ်။ အမွေးတုတွေတပ်ပြီး အဲဒီမှာ မာလီလုပ်"

"အောင်မာ မင်းကတော့ ရှီးအပြည့်နဲ့ပေါ့လေ။ လာ လာဝိုက်မှာမလား"

"ငါက ဒရိုင်ဘာလုပ်မှာပါ။ သူတို့ခြံထဲမှာ ကားဂိုဒေါင် ရှိတယ်။ ငါတို့နေပြီး စောင့်ရှောက်ရမယ်"

"တစ်သက်လုံးလား"

"ဟုတ်ပါဘူးကွ။ သူတို့ပထွေးရဲ့ အရုပ်ထုပ်တွေ ရှင်းသေ ရုံပါ။ ငါထင်တယ် ဦးဝေမျှရဲ့ ကလိမ်ကကျစ်ဇာတ်လမ်းတွေ တော်တော်ဖြည်ယူရမယ့်ပုံပဲ။ ကောင်မလေးတွေ အထိမနာ အောင် ငါတို့ သေသေချာချာ ကူညီရမယ်"

"သူတို့ကရော ငါတို့ အဲလိုလုပ်ပြီးစောင့်ရှောက်မှာ





သဘောတူလား။ ငါတို့ကို ထမင်းကျွေးထားနိုင်လား။ လစာပေး မှာလား"

စိုင်းကောင်းဆက်၏စကားကြောင့် လွှန်းခေါင် မျက်လုံး ပြူးသွားပြီး –

"ဟာ ကိုစိုင်း . . . ကူညီပါတယ်ဆိုမှ အရေးထဲ စီးပွား တွက် တွက်နေရသေး။ သူကတော်တော် ဆင်းရဲနေရှာတာကိုး"

"နောက်တာပါကွာ။ အေး . . . ငါ နောက်သင်တန်း မစခင် တစ်လလောက် နားထားဖို့ စိတ်ကူးနေတာ။ ဦးနှောက် ဆေးရင်း ဒီချာတိတ်တွေကို စောင့်ရှောက်ပေးလိုက်ဦးမယ်"

"သူတို့ရုပ်တောင် မမေးတော့ဘူးလား။ ရမ်းပြီးကူညီနေ တာပဲ။ တော်ကြာမှ ကပ္ပလီရုပ်၊ နီဂရိုးရုပ်တွေ ဖြစ်နေမှာ မပူ ဘူးလား"

လွှန်းခေါင် ခပ်တည်တည်နှင့်ပြောတော့ စိုင်းကောင်း ဆက်က ပုခုံးတွန့်ပြီး လက်ခါပြ၏။

"မင်းလိုကောင်တောင် ဒီလောက်မွန်နေပုံထောက်တော့ ငါ ဘာများပြောနေစရာလိုသေးလဲကွာ"

"ဟာ ဟေ့ ဟေ့ စိုင်း . . . အဲလိုတော့ အလုံးကြီးနဲ့ မပစ်နဲ့ကွာ။ ငါက မွေးကတည်းက ပရဟိတစိတ် ရှိပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ အကြောင်းမသိတာတွေကျလို့။ ခါတိုင်းထက်ကို အခု အဆတစ်ရာလောက်ပိုနေပြီ မဟုတ်လား။ စားမဖြောင့် အိပ်မဖြောင့်နဲ့။ စေတနာသာမှန်ပါစေကွာ၊ အကျိုးပေးမှာပါ"

"အိုကေ၊ ငါတို့ သူငယ်ချင်း (၂) ယောက် စေတနာ ရှေ့ထားပြီး ကိုယ့်ထမင်းကိုယ်စား၊ အမေ့ရွာသား သွားလုပ်ကြစို့"

"ကြီးတော်လေးတွေကို သွားစောင့်ရှောက်မှာပါကွာ"

နှစ်ယောက်အတူ ချမ်းမြေ့ပျော်ရွှင်စွာ ရယ်မောမိကြတာ။ သတ္တဝါမလေး (၂) ကောင်ကို သနားကြင်နာမိလို့ရယ်။

✸

ခေတ်ယွန်းနှင့် ခေတ်သီရိ။

ကိုယ့်ရှေ့မှာ ကားနှင့်ရောက်လာကြသည့် လုလင်ကြီး (၂) ယောက်ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်ရင်း မယုံသင်္ကာတွေ၊ သံသယတွေလည်းဖြစ်နေရပါ၏။

သူမတို့က ဦးဝေဠုလို တကာယ့်အစွယ်ပြူးပြူး ဘီလူးကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီမို့ မည်သူ့ကိုမျှ မယုံကြည်ရဲတာလည်း





အမုန်း။ ကူညီရမည့်သူတွေမှာ အောင့်သက်သက်။ သို့သော် ဒါလည်း သဘာဝကျတာပဲလေ။

ကောင်မလေးတွေဟာ ဖြူစင်လွန်းသည့် စပယ်ဖူးလေးတွေ။

ညှော်ခန်းထဲမှာ ထိုင်ကြရင်း လွန်းခေါင်ပြောပြ ရှင်းပြတာ နားထောင် နေရသည်။

စိုင်းကောင်းဆက်ဆိုသည့် ရှမ်းကပြား လုလင်ကြီးကရော၊ ထွားထွား မြင့်မြင့်နှင့် ကိုယ်ဟန်လှလှ။

ကွန်ပျူတာသင်တန်းတွေ ဦးစီးဖွင့်လှစ်သင်ကြားနေရသည့် ဆရာတဲ့။ ဝင်ငွေကမနည်း။

"အစ်ကိုတို့က ခေတ်တို့ကို ဘာလို့ကူညီမှာလဲဟင်"

ခေတ်ယွန်းရော ခေတ်သီရိပါ ချောတာ၊ လှတာထက် ချစ်စရာ ပျိုဖြူလေးတွေပဲ။

ဖြူစင်နုသစ်သာ အသားအရည်နှင့် ကိုယ်ဟန်ကျော့ရှင်းသည်။ မျက်နှာလေးတွေ ချစ်စရာကောင်းပုံက ဆိုဖွယ်မရှိ။

မျက်ဝန်းလှလှ၊ နှာတံလှလှနှင့် နှုတ်ခမ်းလေးတွေ နုနုလှလှ။ ချစ်စရာ ဘာဘီရုပ်လေးတွေနယ်။

"ဦးဝေဠု မတရားလုပ်နေတာ မခံချင်ဘူး။ ပြီး...



www.burmeseclassic.com

www.burmeseclassic.com



လောလောဆည် အစ်ကိုတို့အလုပ်တွေ နားထားလို့ရတာရယ် ကြောင့်ပါ"

"ကိုယ့်နိုင်ငံထဲက ကိုယ့်ပြည်သူတွေရဲ့အရေးဟာလည်း ကိုယ့်အရေးပါပဲ။ နိုင်ငံက ဆင်းရဲတော့ တစ်နိုင်တစ်ပိုင် ပရဟိတ တွေ လုပ်သင့်တယ်။ လုပ်နေကြတာပါပဲ။ ကိုယ်တို့လည်း မတာရားမှုတစ်ခုကနေ ကာကွယ်ပေးတဲ့သဘောပါ။ ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်နွားကျောင်းပေးမှာ"

"ကားကိုထောင်အပေါ်ထပ်မှာနေမယ်။ ညီမတို့ကိုစောင့် ရှောက်ပေးမယ်။ ကိုယ့်ရုပ်တွေလည်း မှတ်ထားကြမှာပါ။ ခုလို ချောချောလှလှ ငယ်ငယ်တွေဆိုရင် အများအမြင် မတင့်တာရယ် ဦးဝေဠုသတိထားမိမှာစိုးတာရယ်"

"ရုပ်ဖျက်ပြပါဦး။ အခြေအနေတွေ ကြည့်ရအောင်"

"အိုကေ"

(၂) ယောက်သား ကားထဲသွားပြီး စီစဉ်ထားသည့် အတိုင်း အမွေးတုတွေတပ်၊ အဝတ်အစားဟောင်းတွေ ဝတ်ကြ သည်။

စိုင်းကောင်းဆက်က မာလီ။

လွန်းခေါင်က ဒရိုင်ဘာ။





ကျော်သူတို့၊ လူမင်းတို့ မင်းသားတွေတောင် သဏ္ဌာန် လုပ် သရုပ်တူကြသေးတာ။

သူတို့ပြန်ထွက်လာတော့ ရုပ်တွေပြောင်းသွား၏။ နှုတ် ခမ်းမွေးတွေ မုတ်ဆိတ်တွေနဲ့လေ။

"ဆံပင်တွေက လှနေသေးတယ် ... လူငယ်ဆံပင် တွေ"

"ရတယ်၊ ဆံပင်တုစွပ်မယ်"

ကားထဲပြန်ဝင်သွားပြီး ဆံပင်တုစွပ်ကြသည်။

"အသားတွေက ဖြူနေတယ်"

"အမယ်လေး အသားမည်းအောင် မီးသွေးမှုန့်တွေလူးမှ ပဲ"

နောက်ဆုံး သူတို့ (၂) ယောက်ပုံစံပျက်သွားကြပြီး တစ်ယောက်က မာလီရုပ်၊ တစ်ယောက်က ဒရိုင်ဘာရုပ် ထွက် သွားလေ၏။

"မဆိုးပါဘူး။ ခေတ်တို့အဆင်ပြေရင် ကိုကိုတို့ကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး"

အငယ်မလေးကမှ မာလီကြီးကိုကြည့်ပြီး ရယ်ဖော်ရ ပြောဖော်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တံခါးလည်း ရမ်းမဖွင့်နဲ့။ ကိုကိုတို့အပြင်က စောင့်ရှောက်မယ်"

"ခေတ်ယွန်းတို့ကို သင်ပေးပါဦး။ စားစရာမရှိရတဲ့ ကြားထဲ အလုပ်သမားတွေ ငှားပြန်ပြီဆိုပြီး ဦးဝေချကြီး စိတ်တွေဆိုးနေဦးမယ်"

"ခေတ်တို့ ဖေဖေရဲ့ကျေးဇူးခံ၊ ကျေးဇူးစားတွေပေါ့။ ခေတ်တို့ကိုသနားလို့ လာနေပေးတယ်။ လစာမပေးရဘူး။ ထမင်းပဲ ကျွေးရတယ်လို့ ပြောပေါ့"

"ဟင် ... ထမင်းကျွေးရမှာလား"

အငယ်မလေး ခေတ်သီရိ၏စကားကြောင့် စိုင်းကောင်ဆက်က မျက်လုံးပြူးပြပြီး လွန်းခေါင်ကတော့ ကိုယ့်လူကိုယ်ခွဲထားရသည်။

"ခေတ်က မကျွေးချင်လို့ မဟုတ်ပါဘူး။ ခုလေ ခေတ်တို့မှာ ဘာမှလည်း စားစရာမရှိတော့ဘူး။ အိမ်မှာရှိသမျှလေးတွေ စားနေရတာ။ အခု ရေခဲသေတ္တာထဲမှာ ဘာမှမကျန်တော့ဘူး ကုန်ပြီ။ မေမေတို့က ဟန်းနီးမွန်းမပြန်သေးဘူး"

ငိုမဲ့မဲ့ရုပ်လေးက သနားစရာ။ ခေတ်သီရိက သူ့ထင်မြင်ချက်ကိုပြော၏။





"ဦးဝေချကြီးက ခေတ်တို့ကို သူ့အိမ်မှာ ဖိနှိပ်ထားချင်တာလေ။ ဖြတ်လေးဖြတ်နဲ့ ဖြုတ်၊ ထုတ်၊ သတ် လုပ်နေတာ။ တော်သေးတာပေါ့။ အစ်ကိုတို့လို အလုပ်မရှိ အကိုင်မရှိတွေက လာပြီးကူညီလို့"

"ဘာ"

(၂) ယောက်သား 'ဘာ' ခနဲအော်လိုက်လျှင် ခေတ်လွန်းအိမ် ရှိုရှိုဦးချတောင်းပန်ပါသည်။ စေတနာပျက်သွားလျှင် ဒုက္ခ။

သူမတို့က ရေနစ်နေပြီမို့ ကောက်ရိုးမျှင်ကြီးတွေကို ဆွဲထားရမှာ။

"ညီမလေးက မပြောတတ်လို့ပါ။ အစ်ကိုတို့အလုပ်နားနေတုန်း လာကူညီပေးလို့ ကျေးဇူးတင်ကြောင်း ပြောမှုရှာတာပါ"

"နင်တို့ညီအစ်မက အပြောမတတ်တော့ ဆဲ၊ အထိုင်မတတ်တော့ဖြို ... အဲ ... အဲလိုကြီး"

"ဆောရီးပါရှင့်၊ ယွန်းတို့ စေတနာမနည်းပါဘူး။ ဒီနေ့ နှုန်းလက်စွဲကိုရောင်းပြီး စားစရာ၊ သောက်စရာတွေ ဝယ်မှာ။ အစ်ကိုတို့ကိုလည်း ကျွေးမှာပါ"

"ကဲ ... တော်ကြပါတော့ မမယယ်မင်းကြီးမတို့ရယ်။ ရတဲ့သူ မျိုမကျအောင်။ ကဲ ... ခုချိန်ကစပြီး အစ်ကိုတို့



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ဖျက်ပြီး အလုပ်ဝင်မယ်။ ညီမတို့အတွက် ပဋ္ဌမတပ်သားကြီး တွေ ရောက်လာတယ်လို့ပဲ သတ်မှတ်ပေတော့”

“အသေခံတပ်သားကြီးတွေကို ကြိုဆိုပါတယ်”

ခေတ် ထအော်လျှင် စိုင်းကောင်းဆက် မျက်လုံးပြူးရ မျက်ခုံးလှုပ်ရပါသည်။

“ဖွဟဲ့၊ အသေခံတပ်သားတော့ မလုပ်ပါရစေနဲ့ မမ ခေတ်ရယ်။ ပဋ္ဌမတပ်သားလောက်ပဲလုပ်ပါ”

“အင်းပါ ... အင်းပါ”

သူတို့ (၂) ယောက် ကားဂိုဒေါင်အပေါ်ထပ်မှာ ပြင် ဆင်နေရာချထားပြီး လုပ်ငန်းတာဝန်တွေ ခွဲဝေနေရသည်။ လွှန်း ခေါင်ကို စိုင်းကောင်းဆက် နောက်ချင်ချင်နှင့်။

“ခေတ်မကောင်းတော့လည်း မင်းကုသကြီးတောင် ပဝ ဝတီရဲ့တိုင်းပြည်မှာ ထမင်းသွားချက်ကြရသေးတာပဲကွာ။ ခုတော့ ငါလေးခမျာ မာလီကြီးလုပ်ရင်း ဦးခွေးဆံမြည့်ရဦးမှာပေါ့”

“ယွန်းကမှ သနားစရာကောင်းတာပါကွာ။ မင်းရဲ့ခေတ် က စကားပြောလိုက်ရင် ပီသာလေးဘောပစ်”

“ကလေးကိုးကွ၊ (၁၈) နှစ်တောင် ပြည့်သေးရဲ့လား မသိဘူး”





“စိုင်းနော် ... အသက်မပြည့်သေးတဲ့ဟာလေးကိုလည်း သွားပြီးစိတ်ကူးမနေနဲ့ဦး”

“မကူးပါဘူးကွာ။ လူများ မိန်းမ မမြင်ဘူးတာကျလို့”

ပျော်ပျော်ရွှင်ရွှင်နှင့်ပင် (၂) ယောက်သား ဦးဝေချကြီးကို ဆိုင်ဖို့ တိုင်ပင်အားမွေးနေကြရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဦးဝေဒျူနှင့်ဒေါ်ကြည်လင်းဖြူ။

လူငယ်လေးတွေလို ပေလီမှာသွားပြီး ဟန်းနီးမွန်းကြ ကဲခဲ့ သည်းခဲ့ရာမှ ပြန်ရောက်လာခဲ့ကြပေပြီ။

ဦးဝေဒျူအိမ်မှာ ကေသရီဝေနှင့် သူညီမ ရှိသည်။ အိမ် အကူ (၂) ယောက်ရှိသည်။

ခေတ်ယွန်းတို့ဘက်မှာသာ မည်သူမျှမရှိကြတာ။ ညီ အစ်မ (၂) ယောက်ထဲနေရတာ။ မေမေက ဖုန်းလှမ်းလှမ်းဆက် ပေမယ့် သူမတို့ မကိုင်ချင်ကြတော့ပါ။

မိခင်ဖြစ်သူဟာ ဦးဝေဒျူ၏ အလိမ်အညာစက်ကွင်းမှာ အမိခံရသည်ပဲထားပါဦးတော့။ သည်မျှအထိ ခံနေရတာတော့ လွန်လှပြီ။





ဟန်းနီးမွန်းမှ ပြန်လာသည်နှင့် ဒေါ်ကြည်လင်းဖြူ၏ ဆန္ဒအရ ဦးဝေဒျူနှင့် ချက်ချင်းရောက်ချလာခဲ့ပြီ။

"သမီးတို့ အဆင်ပြေရဲ့လား"

အခြေအနေတွေ သိသိကြီးနှင့်မေးတော့ သူတို့ ညီအစ်မ နှစ်ယောက်လည်း ရွဲ့ဖြေသည်။

"ပြေပါတယ်၊ အပြေကိုလွန်နေတာပဲ"

"ပိုက်ဆံရှိသေးလား"

"ဘယ်သူကပေးခဲ့လို့လဲ"

"ဟင် ... ကို၊ ရှင်ပြောတော့ သမီးတို့ကို ငွေ (၅) သိန်းလောက် ပေးခဲ့မယ်ဆို"

"အေးကွာ၊ ကိုယ် အိမ်က ဒရိုင်ဘာကိုပို့ခိုင်းထားတာ။ ခဏနေဦး လှမ်းမေးလိုက်ဦးမယ်"

သူမတို့အားလုံး အိမ်ရှေ့မှာပင် ခပ်တည်တည် ဖုန်းခေါ် နေသည့် ဦးဝေဒျူဟာ တကယ့် အကြီးစားကလိမ်ကကျစ်ကြီးပါ။

"ဘဦး ... ငါ ပို့ခိုင်းတဲ့ငွေ မပို့ဘူးလား။ တောက် ... ဒီကောင်တို့ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ။ ဘာမှကို ယုံကြည်လို့ မရဘူး။ အေး ... မင်းတော့ ငါနဲ့တွေ့မယ်၊ သေမယ့်သာကြံ"

ဖုန်းကိုဟန်ပါပါပြောပြီး သည်ဘက်ပြန်လှည့်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက သကာရည်လောင်းလျက်။

"ကဲ ကဲ သမီးတို့အိမ်လိုက်ခဲ့ကြပေတော့။ ဒယ်ဒီ သည် နေ့ ဝယ်လက်နဲ့ ဆိုင်ထားတယ်။ လာကြည့်လိမ့်မယ်။ ဒယ် ကတော့ ဒီတိုက်နဲ့ခြံကို သိန်းတစ်သောင်းခေါ်ထားတာပဲ။ ပေါ် ထားတာက သိန်းငါးထောင်။ အတိုးတွေနဲ့ဆို လောက်တော လောက်ပါ့မလားဘဲ။ ကဲ ကဲ ပစ္စည်းတွေသိမ်း။ ဒယ်ဒီနဲ့လိုက်ခဲ့ ပေတော့။ ဒယ်ဒီ့အိမ်ကလည်း သမီးတို့အိမ်ပဲပေါ့။ ဒယ်ဒီ့ သိန်းတစ်ရာရှိလည်း သမီး (၃) ယောက်အတွက်။ သိန်းတစ်ထော ရှိလည်း သမီး (၃) ယောက်အတွက် ဝေပေးမှာ"

အပြောကတော့ ကောင်းလွန်းသမှ မိုးကိုပင် ဒူးနှင့်တိုက် မတတ်။

သည်စဉ် ကားကိုထောင်အပေါ်ထပ်မှ လွှန်းခေါင်နှင့် စိုင်းကောင်းဆက်တို့ ဆင်းလာခဲ့ကြသည်။ နှစ်ယောက်သား မျ ဖျက်ထားကြသည်မို့ အသက်ငါးဆယ်ကျော် လူကြီးသူကြီးတွေ အသွင်။

"သူတို့က ဘယ်သူတွေလဲ"

ဦးဝေမြအသံက မနှစ်မြို့ရုံတင်မက ရန်လိုသည့်အသံ သွေးလန့်သည့်အသံ။





ဒေါ်ကြည်လင်းဖြူကလည်း သမီးတွေ၏အမေမို့ အကဲ ခတ်လျက်။ လွှန်းခေါင်ကပင် –

"ကျုပ်တို့က ဆရာဦးဘုန်းခေတ်ရဲ့ရွာကပါ။ သူ့ကျေးဇူး နဲ့ကောင်းခဲ့ကြသူတွေပါ။ ဟိုတစ်နေ့ကမှ ဆရာ့ကိုသတိရလို့ ဝင် လာကြရင်း ဆရာ့သမီးလေးတွေ (၂) ယောက်တည်း အားငယ် နေရှာလို့ စောင့်ရှောက်ပေးကြဖို့ တိုင်ပင်ပြီး နေကြတာပါ။ ကျုပ် နာမည်က ဦးလွှန်း။ သူက ဦးစိုင်းပါ"

ဦးဝေမြကတော့ ခါးခါးသီးသီး။

"ဒီခေတ်ကြီးက ကလိမ်ကကျစ်တွေပေါတယ်။ မင်း တို့ကို ဘယ်လိုယုံကြည်ရမှာလဲ။ ရွာကဟုတ်မဟုတ် လူကောင်း ဟုတ်မဟုတ် ဘယ်လိုသိနိုင်မလဲ"

"ဟုတ်သားပဲ။ ကိုဝေမြပြောတာ မှန်တယ်။ ဒီခေတ် ကြီးက အလိမ်အညာတွေချည်းပဲ"

သူခိုးဓားပြတော့ လူကောင်းထင်ပြီး လူကောင်းကိုမှ သူခိုးထင်။ အေးလေ ဒါသဘာဝပဲ။

"သမီးတို့ ဖေဖေ့ရွာကအမျိုးတွေဆီ လှမ်းဖုန်းဆက် ကြည့်ပြီးပါပြီ။ ဦးလေး (၂) ယောက်လုံး ရွာကပါ။ ဘကြီးဒေး တို့ အာမခံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အလုပ်မရှိလို့ ဒီမှာနေကြတာလား"

"ရွာမှာထွန်စက်မောင်းတယ်။ တစ်ယောက်က ကုန်ကားမောင်းတယ်"

"ဟာ ... ကားသမားဆို လူလည်ချည်းပဲ။ မဖြစ်ဘူး မဖြစ်ဘူး"

ဦးဝေမျှ အပြင်းအထန်ငြင်းလျှင် လွှန်းခေါင် ဝင်ကျဲပြီး

"ကျုပ်တို့ကလည်း တစ်သက်လုံးမနေပါဘူး။ ဆင်းရဲသမီးလေးတွေ ဒုက္ခရောက်နေလို့ တစ်လတန်သည် နှစ်လတန်သည် စောင့်ရှောက်ပေးကြမလို့ပါ။ ကိုယ်တွေလည်း လုပ်ငန်းနားနေတုန်း"

ဒေါ်ကြည်လင်းဖြူ သူတို့ဥပဓိရုပ်တွေကို သေသေချာချာ အကဲခတ်နေပြီးမှ –

"ဒါဆိုလည်း ကောင်းပါတယ်လေ။ သမီးတို့ကို စောင့်ရှောက်ဖော်ရတာပေါ့"

ဦးဝေမျှ ဒေါ်သူပုန်ထရာမှ ပြန်မျှသိပ်ရင်း –

"ဖြူ ဘယ်လိုပြောလိုက်တာလဲ။ သားသမီးဆိုတာ မိဘက ပုံစံချရမှာပါ။ ခု ဖြူက သူတို့ကို မြှောက်ထိုးပင့်ကော်လုပ်မလို့လား"





"မဟုတ်ဘူးလေ၊ သမီးတို့စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူး။ သမီးတို့ကမှ ရှင့်အိမ် မလိုက်ချင်ကြတာ။ ဒီမှာပဲနေပါစေ"

"ငါက ဒီအိမ်ရောင်းရဦးမှာကွ။ ခင်းလင်ကြီး ရှုပ်ခဲ့တဲ့ အရှုပ်ထုတ်တွေကို ရှင်းရဦးမယ်။ ဝေမျှကို ဘာများမှတ်နေကြသလဲ"

လူမိုက်ပုံစံနှင့် ဦးဝေမျှ အကြမ်းဖက်လာတော့မည့်ပြင်ဆင် လွှန်းခေါင်နှင့်ကောင်းဆက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ခေတ်ယွှန်း နောက်မှလွှန်းခေါင်တို့ (၂) ယောက်ရှိသည့်အကြောင်း ရဲရဲဝံ့ဝံ့ ပြန်ပြောရဲပေပြီ။

"အဲဒီလူတွေကို ကျွန်မတို့ဆီ တိုက်ရိုက်လွှတ်လိုက်။ အချုပ်စာတန်းပြတိုင်း ယုံလိမ့်မယ် မထင်နဲ့။ ဒီအိမ်ကိုလည်း [illegible] အရောင်းမခံနိုင်ဘူး"

ဦးစေမျှ ဆွေ့ဆွေ့ခုန်ချင်ပြီ။ မျက်နှာကြီးက ဘီလူး [illegible]ရာသီးကိုက်ထားသည့်ရုပ်နှင့်။

"အောင်မာ၊ လူလေးတွေက လက်မလောက်နဲ့။ နင်တို့ [illegible]ကိစ္စတွေ ငါလိုက်ရှင်းထားရတာ အများကြီး။ ဒီအိမ်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ယူတောင်မကျေဘူး”

“ပါးစပ်က အခြေအမြစ်မရှိပြောတိုင်း ယုံမယ့်အစားထဲ မှာ ကျွန်မတို့မပါဘူး။ ဦးဝေဈ မေမေ့ကိုသာ လှိမ့်လို့ရမယ် ကျွန်မတို့ကို လှိမ့်လို့မရဘူး”

ဒေါ်ကြည်လင်းဖြူ ဓာချွေးတွေပြန်နေပြီး။ ဦးဝေဈ တော့ ခေတ်ယွန်းတို့ကို အစိမ်းလိုက်ဝါးစားချင်လှပြီ။

ဟန်းနီးမွန်းထွက်နေသည့် (၇) ရက်အတွင်း အခြေအနေ တွေက ပြောင်းလဲသွားချေပြီ။

ခေတ်ယွန်းတို့ညီအစ်မဟာ ဘယ်သူ့အားကိုးနှင့် သည် လောက်မာနေမှန်းကို မသိ။

သူတို့နောက်မှာလည်း သက်တော်စောင့် (၂) ယောက် က ခွေးသမင်ကြီးတွေနှယ်။ မားမားမတ်မတ်။

“တောက် ... ဖြူး ဖြူ့သမီးတွေကို မဆုံးမတော့ဘူး လား။ ဒီအတိုင်းဆို ကိုနဲ့ဖြူ လမ်းခွဲရတော့မယ် ထင်တယ်”

ဒေါ်ကြည်လင်းဖြူက မျက်ရည်တွေ ဝိုင်းလာပေမယ့် ခေတ်ယွန်းတို့ညီအစ်မကတော့ ခွေးပေါက်လေးတွေနှယ်။ မာန်ဖီ လျက်။

“မေမေ ... ဒီလောက်ကောက်ကျစ်ယုတ်မာတဲ့လူကြီး အဖေ့ကိုစော်ကားတဲ့လူကြီးကို ပေါင်းမနေနဲ့။ ဘာမှ အကျိုး အမြတ်မရှိတဲ့အပြင် သမီးတို့ရှိသမျှ အကုန်သိမ်းကျုံးပြီးယူနေတဲ့ လူကြီး။ သူ့လောက်ယုတ်မာတာ၊ သူ့လောက်အောက်တန်းကျတာ မရှိတော့ဘူး”

“ဖြူ ဖြူ့သမီးတွေ ကိုကိုစော်ကားနေတာ နားထောင် ကောင်းနေသလား။ ကိုစေတနာတွေကိုစော်ကားပါ။ တစ်နေ့ ဒုက္ခကောင်းကောင်းကြီးတွေ့မယ်”

“ဖြူ တောင်းပန်ပါတယ် ကိုရယ်။ သမီးတို့ လူကြီးကို ဒီလောက်မပြောရဘူးလေ။ သူဟာ မခေါ်ချင်သာနေရ မတော် ချင်လို့ မရတော့တဲ့ မေမေ့ခင်ပွန်းပါ”

ဒေါ်ကြည်လင်းဖြူ ဝေခွဲလို့မရ။ လက်ထပ်ပြီးတာ တစ် လတ်ဝဲရှိသေး ကွဲရမည်ဆိုလျှင် သူမ၏ဂုဏ်သိက္ခာ တစ်ပြားသား မှ ရှိမည်မဟုတ်တော့။

သူမတို့၏အသိုင်းအဝိုင်းက ဂုဏ်ပကာသန အသိုင်း အဝိုင်း။ ခေတ်ယွန်း မေမေ့စကားကို လက်မခံနိုင်။

“မေမေ သတ္တိမရှိဘူး။ မေမေပျော့ညံ့လို့ သမီးတို့ ဒီလောက်ဒုက္ခရောက်ရတာ။ အဲဒီလူကြီးက သစ္စာဖောက်။ အဖေက ပုဆိန်ရိုး။ သူ သမီးတို့ကို ခုတ်သတ်ဖို့ မမေ့ဘာ







www.burmeseclassic.com

www.burmeseclassic.com



အရိုးတစ် ပေးထားတာ”

“သူ့ကိုခေါ်လည်း မခေါ်ဘူး။ တော်လည်းမတော်ဘူး မေမေ သမီးတို့နဲ့နေမလား။ သူ့ဘက်ပါမလား။ ဒါပဲရွေး တစ်ခု ကိုရွေး”

ဒေါ်ကြည်လင်းဖြူ တွေဝေပြီး မျက်ရည်ကျနေရပေပြီ။ သူမဟာ အစွမ်းအစမရှိသူမို့ ခြေမဲ့လက်မဲ့ဖြစ်ပြီး ဆင်းရဲမှာ ကြောက်တာကတစ်ဖက်၊ သမီးလေး (၂) ယောက် ဒုက္ခရောက် မှာလည်း စိုးတာကတစ်ဖက်။

ဦးဝေဠုနှင့်ဆက်ပေါင်းလျှင် သူတို့သားအမိဘဝ မတော် မတ မကြောင့်မကြနေသွားရမှာအမှန်။

တိုက်တွေ၊ ခြံတွေ ရောင်းရစေဦးတော့။ နေရန် စားရန် မပူရ။ ဦးဝေဠု၏အရိပ်မှာ အေးအေးဆေးဆေး သက်သောင့် သက်သာနေသွားရုံ။ တကာယ့်ကို ဘွားကျပ် နံကျပ်။

သမီးတွေနှင့်အတူ ဘဝကိုရင်ဆိုင်မည်လား။

ဦးဝေဠု၏အရိပ်မှာ ခလုတ်မထိ ဆူးမငြိဘဲ ခိုလှုံမည် လား။ ပြဿနာကတော့ အကြီးကြီးတက်နေပေပြီ။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရပေပြီ။ ဦးဝေဠု ကလည်း အညာကိုင်ပါ၏။





“ဖြူ ကိုယ်သေရင် ကိုယ့်ပစ္စည်းတွေအကုန် မင်းရမှာ နော်။ သမီးကို နိုင်ငံခြားပို့ အလုပ်လုပ်ခိုင်းမှာ။ ကိုယ့်မိတ်ဆွေရဲ့ သားနဲ့ လက်ထပ်ပေးပြီး နိုင်ငံခြား ထည့်လိုက်မှာ”

“ဘဝမှာ ဖြူနဲ့ကိုယ်ပဲ နှစ်ယောက်အတူရင်ဆိုင်သွား ရမှာ။ သားသမီးဆိုတာ အတောင်အလက်စုံရင် မင်းရင်ခွင်ကို စွန့်ခွာပြီးထွက်သွားမှာ မပူနဲ့”

“ဒီလူတွေကိုလည်း ငါမယုံကြည်ဘူး။ သူတို့ စေတနာ အယ်လောက်ပဲပျက်ပျက် ငါမပျက်ဘူး။ ငါ့ဝတ္ထုရှိတဲ့အတိုင်း ဒါတော့ တားဆီးရမှာပဲ။ ဟော့ မင်းတို့ကို ငါ ရဲတိုင်လိုက်ရ မလား။ ခုချက်ချင်း ထွက်သွားမလား”

ခေတ်ယွန်းနှင့်ခေတ်သီရိတို့ လွန်းခေါင်နှင့် စိုင်းကောင်း ဆက်ဘက်မှ မားမားမတ်မတ် ရပ်တည်ရပါသည်။

“ဒါ ဦးဝေဠုအိမ် မဟုတ်ဘူး။ ကိုယ့်အိမ်သာကိုယ်အုပ် ချုပ်။ ဖေဖေ့ရွာက ဖေဖေ့လူတွေကို ကျွန်မတို့ယုံတယ်။ သူတို့ စောင့်ရှောက်ပေးလိမ့်မယ်”

နောက်ဆုံး ဦးဝေဠု တောက်ခေါက်ပြီး ဒေါ်ကြည်လင်းဖြူ ကို အတင်းဆွဲကာ တပ်ခေါက်ပြန်သွားကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျောင်းပိတ်ရက်ရောက်ပြီမို့ သူမတို့ ကျောင်းမသွားရ။ စာမေးပွဲနီးပြီ။ စာဖြေကြခါနီး အာရုံတွေ နှောက်နေရတာ။

ခေတ်ယွန်းတို့ (၄) ယောက် ထမင်းစားနေကြတုန်း တိုက်ရှေ့မှ ကားသံတွေကြားရသဖြင့် ထွက်ကြည့်ရသည်။

"ဦးဝေဠုပြောတဲ့ ဝယ်မယ့်သူဆိုတာ ခေါ်လာပြီထင်တယ်။ အလကားပါ။ သူ့မိတ်ဆွေတွေကိုပဲ လှည့်ပတ်ပြီး သရုပ်ဆောင်ခိုင်းနေတာ"

"တံခါးဖွင့်မပေးနဲ့ ယွန်း။ အစ်ကိုတို့ရှိတယ်"

"အင်းပါ၊ ဖွင့်ကိုမပေးဘူး။ အပေါက်ဝကပဲ စကားပြန်လိုက်မယ်"

ခေတ်ယွန်းနှင့် ခေတ်သီရိတို့ ညီအစ်မ ခြံတံခါးဝအထိ သွားကြသည်။ အပြင်မှာ ဦးဝေဠုနှင့် သူ့မိတ်ဆွေများ။ ကား





(၂) စီးနှင့်။

"သမီးတို့ တံခါးဖွင့်ပါဦး။ ဒီမှာ ဒယ်ဒီ ဝယ်လက်ခေါ်လာပြီ"

"မရောင်းပါဘူး။ ဦးဝေဠုလူတွေ ပြန်ခေါ်သွား။ ကျွန်မတို့အိမ် ကျွန်မတို့သဘောတူမှ ရောင်းမှာပေါ့"

"စကားကို အဓိပ္ပာယ်မရှိတာ မပြောနဲ့။ ဒါ ငါ့မိန်းမအိမ်၊ ငါရောင်းမယ်"

"မေမေ့အိမ်ပေမယ့် ကျွန်မတို့နာမည်နဲ့ ထားတဲ့အိမ်။ အိမ်စာချုပ်ကြည့်မလား"

"မယုံဘူး ပြ"

"မပြနိုင်ဘူး။ သွား ပြန်ကြတော့။ ကျွန်မတို့အိမ်မရောင်းနိုင်ဘူး။ သတင်းစာထဲကနေ ကန့်ကွက်တဲ့ကြော်ငြာထည့်မယ်"

"နင်တို့ တော်တော်လူပါးဝနေပါလား။ တောက်"

သူတို့အဖွဲ့ ခေတ်ယွန်းတို့ညီအစ်မကို အရေခွံဆုတ်ချင်သမယ့် တိုက်အဝမှာရပ်နေသည့် လွန်းခေါင်နှင့် စိုင်းကောင်းဆက်တို့၏ ဥပဓိရုပ်တွေကိုကြည့်ပြီး လှည့်ပြန်သွားကြရသည်။

နောက်က ရုပ်တွေက ကမ္ဘာ့လက်ဝှေ့ချန်ပီယံရုပ်တွေနှင့်သော။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ယွန်းတို့ (၂) ယောက် နောက်ကြောင်းပြန်လာပြီး ထမင်းပွဲမှာ ဆက်လက်စားသောက်ကြသည်။

သူမတို့ (၂) ယောက် အောင်ပွဲရသဖြင့် ပျော်ရွှင်နေမိကြသည်။ အဆိုးထဲမှအကောင်း။

"အစ်ကိုတို့ရုပ်တွေက လူရှိန်တယ်ဗျ။ လမ်းမတော်ဖိုးတုတ်တို့၊ ဗိုလ်အောင်ဒင်တို့ ဥပမိရုပ်လောက်တော့ အသားလေးရယ်"

"ခွေးမလေး၊ ငါ့ကိုဖွဲ့ပြီ။ ပေးဦး အရိုးလေးတစ်တုံးလောက် ပေးပါဦး"

"ကိုကိုစိုင်းက သွားကောင်းတယ်နော်။ အရိုးကြိုက်တယ်"

ခေတ်၏စကားကြောင့် အရိုးတောင်းနေသည့် စိုင်း ရှုံ့သွားရ၏။

"နင်တို့အိမ်ရောက်မှ အရိုးစားရတဲ့ဘဝရောက်တာ ငါ့များ ဘာအောက်မေ့နေ။ ကွန်ပျူတာသင်တန်းဆရာကြီးပါနော်"

"ကိုကို အခန်းငှားခနဲ့ ဘာနဲ့ ဘယ် သိစ်ကျန်မလဲ"

"ငါ့အပိုင်တိုက်ခန်းပါဟ။ အမြွတ်ခွန်ကောက်မှာစိုးလို့





ခြင်ငွေကို ဘယ်လောက်အောက်မေ့နေသလဲ"

မျက်မှန်ကို ဟန်ပါပါပင့်လိုက်၊ မ,လိုက် လုပ်ရင်း စိုင်းကောင်းဆက် ပြောနေသော ခေတ်သီရိက တခစ်ခစ်။

"သနားပါတယ်နော်။ ခေတ်တို့ အဆင်ပြေရင် ကိုကိုတို့ကို ဟင်းကောင်းချက်ကျွေးမယ်။ အသားတွေချည်း ချက်ကျွေးမယ်"

"ဝတ်လို့လာနေပေးတာကျေနေတာပဲ။ ခွေးမလေး စကားကြည့်ပြော"

စိုင်းကောင်းဆက်နှင့် ခေတ်သီရိက တကျက်ကျက်။ အခုလည်း ဟုတ်တာမဟုတ်။

"နေ ... ဒါဆိုလည်း အရိုးပဲချက်မယ်"

ကြက်တောင်ပံကို ချက်ထားတာမို့ အသားမပါ။ ခြေထောက်တွေလည်းပါသေး။ ဟင်းချက်ကတော့ ကောင်းကြပါသည်။

ကြက်သားကာလသားချက်ပေါ့။ နောက် မြင်းခွာရွက်သည်၊ ဘူးသီးဟင်းခါး။

ယွန်းက ဘာမှမပြောပေမယ့် ခေတ်က ကလေးပီပီရွှေရောင်တစ်ခေတ်ကို တမ်းတမ်းတတ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖေဖေသာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး နော်။ မေမေလည်း ဒီလို လူ့ကလိမ်ကကျစ်ကြီးနဲ့ တွေ့မှာမဟုတ် ဘူး။ ဖေဖေရှိတုန်းက ဟင်းကျိုးများတာ၊ ခုကျမရှိ ရှိတာလေးနဲ့ ချက်စားနေရတယ်။ အရေးထဲ ကိုကိုတို့ကလည်း သူဌေးတွေဖြစ် ပြီး ကပ်စေးနဲ့နေကြတယ်။ သူများတွေရဲ့ မရှိမဲ့ ရှိမဲ့လေးတွေကို ကပ်စားနေကြသေးတယ်"

"အင်"

စိုင်း ကြက်ရိုးကိုက်နေရင်းမှ အရိုးပြုတ်ကျတော့ ယှန်း ခေါင်းမှာ တဟားဟား။

"ကိုစိုင်းတော့ ခေတ်နဲ့ကျမှ ကွဲတာပဲဟော့။ ဘယ့်နှယ် လဲ။ ဘ၀ကချိုမြိန်ရဲ့လား"

"ချိုပါ့ကွာ။ ခွေးမလေး ငါတို့က နင်တို့ညီအစ်မ လာပြီး စောင့်ရှောက်နေရတာ။ သူတို့က ထမင်းဆိုး ဟင်းဆိုး လေး ကျွေးရတာများ နာတယ်ထင်နေ"

"ကမ္ဘာမှာ သူဌေးကြီးတွေရဲ့ ဘော်ဒီဂတ်တွေဆို တစ်လ ဘယ်လောက်ပေးရတယ်မှတ်။ သူတို့ကို အလကားလာစောင့်ပေး နေတာကို ကျေးဇူးမတင် ဖင်လှန်ပြ"

"အာ ... ကိုကိုနော်၊ လူညစ်ကြီး"





စိုင်းစကားက ကြမ်းသွားလျှင် ခေတ်သီရိ မျက်နှာလေး နီသွားပြီး နှုတ်ခမ်းစူပါတော့သည်။

"ဆောရီး ... ဆောရီး။ ကိုကိုကယောက်ျားချင်းပြောနေ ကျမို့ပါ။ ဆောရီးကွာ"

"ကဲ ... စားကြကွာ။ အရိုးဟင်းချက်ရတဲ့ကြားထဲ။ စား ... စား"

"အရိုးဟင်းလေးကလည်း ကောင်းလိုက်တာကွာ"

(၄) ယောက်သား ဟင်းချေးများမနေတော့ဘဲ ရှိသည့် ဟင်းလေးများနှင့် စားရပေမယ့် လွန်းခေါင်နှင့်စိုင်းကောင်းဆက် တို့ ရင်ထဲ ကျေနပ်ပီတိတွေ ဖြစ်နေမိပါသည်။

ကယ်ဆယ်ထိုက်လို့ ကယ်ဆယ်ရမည့် ချစ်စရာ ညီမ သေး (၂) ယောက်ပါ။

✹

ည (၉) နာရီလောက်။

(၄) ယောက်သား ဧည့်ခန်းထဲမှာ တီဗီကြည့်နေကြပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်ပြီမို့ လွန်းခေါင်တို့ ရုပ်ဖျက်မထားတော့။ နို
ပုံစံတွေနှင့်ပဲ။

ည (၁၀) နာရီလောက်မှ ကိုယ့်ဘုံဗိမာန်သို့ သူတို့ (၂)
ယောက် သွားအိပ်ကြတာ။

စလောင်းမှလာသည့်ကားက အမေရိကန် ဇာတ်ကြမ်း
ကား။

တစ်မိသားစုလုံးကို လူသတ်သမားက လျှောက်သတ်
သည့်ကား။ ခေတ်သီရိရော ခေတ်ယွန်းပါ နေစရာမရှိတော့။

ယွန်းက နည်းနည်း ဣန္ဒြေဆည်နေပေမယ့် ခေတ်က
တော့ ငိုချင်နေပြီ။

"ကိုကို"

သူမခေါ်သည့်ကိုကိုဆိုတာ စိုင်းပါ။

"ဘာတုံး"

"ခေတ်ကြောက်တယ်။ ဦးဝေဠုရုပ်ကြီးက မျက်ထောင့်
နီကြီးနဲ့။ ခေတ်တို့ကို မကောင်းကြံမယ့်ရုပ်ကြီး"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ။ ညနေက အခ
ကျွေးထားပြီး အခုညကျ ခြံစောင့်ရ၊ ကိုက်ရမှာလား"

စိုင်းကောင်းဆက် စနေပေမယ့် ကျီစားလွန်းသွားပေပြီ





ခေတ်သီရိ တအီအီနှင့် ငိုပါချေပြီကော။

"ဟာ ... တကယ်ကြီးဟ"

"အီး ကိုကိုမကောင်းဘူး။ သူလုပ်ပေးတာနဲ့ မကာမိ
အောင် ပြောတယ်။ သွား ပြန် ချပြန်။ ခေတ်တို့ဘာသာ ဘယ်
သူသတ်သတ်၊ ဘယ်သူရောင်းစားစား ကိုကိုတို့နဲ့ မဆိုင်ဘူး။
သွားပြန် ကိုယ့်ဘာသာ ကွန်ပျူတာသင်တန်းတွေဖွင့်၊ ပိုက်ဆံ
တွေအများကြီးရအောင်ရှာ။ သွား သွား"

ပြောလည်း ပြော၊ ငိုလည်းငို၊ သူ့ကိုလည်း လက်ကိုဆွဲပြီး
ထောင်းပြန်နိုင်းနေသည့်ကောင်မလေး။

ဂါဝန်အဝါပွင့်ပျော့ပျော့လေးနှင့် ဖယောင်းရုပ်လေးလို
ဖြူပြီး ချစ်စရာကောင်မလေး။

"ဟာကွာ ... ခေတ်ကလည်း ကိုကိုကစတာပါ။
ခေတ် ဘယ်တော့မှ ဘာမှမပြောတော့ဘူးနော်။ ခေတ်ဘာသာ
ခေါ်ပြုတ်တိုက်တိုက်၊ ထမင်းရေတိုက်တိုက် ချေးလည်း မများ
တော့ဘူး။ နော် နော် တိတ် တိတ် မငိုနဲ့။ ကိုကိုတို့ (၂)ယောက်
ညအိပ်ဘူး။ ခြံထဲမှာ ကင်းလှည့်နေမယ်"

လွန်းခေါင်ကလည်း ဝင်ပြီးအာမခံရပါ၏။

"ဟုတ်တယ် ... ကိုကိုတို့ တစ်ညလုံးစောင့်ပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်လဲ စောင့်မယ်။ ဦးဝေဠု အကောက်ကြီးမှာ
သေချာတယ်။ ဘယ်နေ့မှန်းသာ မသိတာ။ တစ်ခုခုဆို
အကြောင်းကြားမယ်။ ကိုကိုတို့က ဖိုက်တာတွေပဲကွ။ ဂျပန်
ကြီးပါ။ ဂျပန်ဆာမူရိုင်းတစ်ယောက်ပါ"

လွှန်းခေါင် ဝင်ပြီးကတိပေးတော့မှ ခေတ်ယွှန်းတို့
အစ်မ စိတ်ချ လက်ချ ရှိသွားရသည်။

"ကိုကိုတို့ ဒီညှော်ခန်းထဲမှာပဲ တီဗီကြည့်ရင်းစောင့်
ကြပါလားဟင်။ ညစောင့်ပြီး နေ့ဘက်အိပ်ပေါ့။ ကင်းစောင့်
လူတွေလို"

"အပျိုလေး (၂) ယောက်ရဲ့အိမ်ထဲမှာ လူပျို
ယောက်က ဝင်စောင့်နေရင် သူများပြောစရာများ ဖြစ်နေမယ်
လို့ပါ"

"ဟာ ... ကိုကိုကလည်း ကိုယ်တွေဖြူစင်နေရင် ပြီး
ပဲ။ ယွှန်းတို့က အခန်းထဲဝင်အိပ်မှာ။ ကိုကိုတို့ (၂) ယောက်
ညှော်ခန်းထဲက ထိုင်စောင့်"

နောက်ဆုံး သူမတို့ အမိန့်ချသည့်အတိုင်း ညှော်ခန်း
ထိုင်စောင့်ကြရပါသည်။



## အခန်း (၈)

ည (၁၂) နာရီအထိ ဂျူတီက လွှန်းခေါင်။
(၁၂) နာရီမှ မိုးလင်းအထိက စိုင်းကောင်းဆက်။
ညှော်ခန်းထဲမှ ဆိုဖာရှည်ကြီးပေါ်မှာ လဲလျောင်းရင်း စိုင်း
တခေါခေါ အိပ်နေချိန်မှာ လွှန်းခေါင် ခြံပြင်ကို လှမ်းလှမ်း
ကြည့်ရပါ၏။

ခြံနောက်ဘက်က ဝင်လို့တော့ မရလောက်။ နောက်
ဘက်မှာ လူနေ၊ အိမ်ခြေ၊ တိုက်တာတွေ။ ရှေ့ဘက်ကပဲဝင်လို့
ရမည်။ ဘေးနှစ်ဖက်ကလည်း သူများအိမ်တွေ။

မှန်ပြတင်းအတွင်းမှ (၁၅) မိနစ်တစ်ခါ နာရီဝက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လောက် ခြံပြင်သို့ လှမ်းလှမ်းကြည့်နေရင်းမှ (၁၂) နာရီထိုးခါနီး
တွင် ခြံတံခါးကို ဖွင့်ဝင်နေသည့် လူ (၂) ဦးအား တွေ့လိုက်[...]
လျှင် လွန်းခေါင် လန့်သွားသည်။

နောက်မှ အတွေးပေါက်လိုက်၏။ ဦးဝေမျှ၏ အဆော[...]
အသွယ်မို့ ခြံသော့အပြင် တိုက်သော့တောင် မပါဘူး ပြောနိုင်[...]
မလား။

နောက်နေ့မှ သော့တွေလဲပစ်ရမည်။ သူ စိုင်း၏[...]
အလျှင်အမြန် နှိုးလိုက်ပြီး အသင့်အနေအထား ပြင်လိုက်၏။

စိုင်းကလည်း ကရာတေးသမား ဖိုက်တာကြီးမို့ နှိုးလိုက်[...]
သည်နှင့် ဝေါက်ခနဲနိုးပြီးသား။ လွန်းခေါင်ပါစပ်နှင့်လက်ညှိုး
ထိလိုက်သည်။

"ရှူး ... လူ လူဝင်လို့။ ခြံတံခါးကိုဖွင့်ဝင်လာတာ[...]
မောင်။ ဦးဝေမျှရဲ့ပဉ္စမ်တပ်သားတွေလားပဲ"

နှစ်ယောက်သား အနားမှာဆောင်ထားသည့် သံတုတ်[...]
တွေကို ယူလိုက်ပြီး တံခါးနားမှာ သွားစောင့်နေကြသည်။
ဖွင့်ဝင်လာလို့ကတော့ အသေပဲ။

"ရဲကို လှမ်းအကြောင်းကြားထားရင် ကောင်းမယ် ထင်[...]
တယ်။ စိုင်း"





"အေး ... လှမ်းအကြောင်းကြားကွာ။ သူတို့အင်အားက
[...]ယ်နှယောက်လည်း မသိဘူး"

လွန်းခေါင် ရဲဌာနကိုလှမ်းပြီး အခြေအနေတွေသတင်းပို့
[...]ည်။

လူ (၂) ယောက်ကလည်း တိုက်နားသို့ပြေးကပ်လာကြ
[...]ည်။ သူတို့မှာ ဘာလက်နက်တွေပါလာမည်မသိ။ ပေါ့ဆလို့
[...]ာ့မရ။

တကယ်ပါပင်။ တိုက်သော့ကိုလည်း ဖွင့်ဝင်နိုင်ပေ၏။
[...]ချာပြီ။ ဦးဝေမျှခိုင်းသည့် ပဉ္စမ်တပ်သားတွေ။
တော်တော်ယုတ်မာပက်စက်တာပါပဲ။

သူတို့ကြည့်နေစဉ်း တစ်နေရာမှ လူ (၂) ယောက်ပါ
[...]ာင်လာသည်မို့ သူတို့က စုစုပေါင်း (၄) ယောက်။ ခေါင်းမှာ
[...]ည်းစွပ်တွေ စွပ်ထားကြတာကတော့ တကယ့်စစ်သွေးကြွ
[...]နှယ်။

တိုက်တံခါးပွင့်သွားပြီး သူတို့ကလည်း အထဲသို့ ချက်
[...]ာင်မလာကြပါ။ အခြေအနေကို အကဲခတ်နေကြသည်။

(၄) ယောက် အပြိုင်လိုက် ဝင်မလာဘဲ အကဲခတ်နေကြ
[...] အခြေအနေတွေက အသည်းယားစဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

(၄) ယောက်လုံး၏လက်မှာ လက်နက်တွေ ထုတ်ကိုင်လိုက်ကြပါပြီကော။ (၂) ယောက်က သေနတ်၊ (၂) ယောက်က ဓားမြှောင်တွေ။

တစ်ဖက်နှင့်တစ်ဖက် တိတ်တဆိတ် ချောင်းမြောင်းနေကြသလို။

သည်စဉ် (၂) ယောက် လှစ်ခနဲ ပြေးဝင်လာကြလျှင် လွန်းခေါင်နှင့် စိုင်းကလည်း သံတုတ်တွေနှင့် ရိုက်ချလိုက်တာပါပဲ။

သူတို့ဘက်ကလည်း ကြိုတင်မျှော်လင့်ထားပြီးမို့ ငှက်ပျောသီး အခွံနွှာစားရသလို မလွယ်။

နှစ်ယောက် နှစ်ယောက်ချင်း တိုက်နေရတုန်း ကျန် (၂) ယောက်ကပါ ပါဝင်အားဖြည့်ဖို့ ကြံရွယ်နေကြစဉ် လမ်းထဲသို့ ရဲကားဝင်လာသံကြားလိုက်ရလျှင် (၄) ယောက်သား ထွက်ပြေးလိုက်ကြသည်မှာ လျှင်မှလျှင်။

ဖွင့်ထားသော တံခါးများမှ လေအဟုန်လို ခုန်ထွက်သွားကြပြီး အသင့်စောင့်နေသည့်ကားနှင့် ထွက်ပြေးသွားကြလေသည်။





ရဲကားနှင့် ထိပ်တိုက်တိုးမသွားသည်မို့ လွတ်မြောက်သွားလေသလား နောက်မှလိုက်ဖမ်းနေလေသလားမသိ။

ရဲကားရောက်လာသည့်အခါ လွန်းခေါင်တို့ (၄) ယောက်ခြေအနေတွေကို ရှင်းပြပြီး တိုင်ချက်ဖွင့်လိုက်ကြသည်။

ရင်တုန် ပန်းတုန် ဖြစ်ခဲ့ကြပြီမို့ ပြန်မအိပ်နိုင်ကြတော့ (၄) ယောက်သား စကားထိုင်ပြောနေကြရလေသည်။

✹

"တောက် ... တော်တော်အသုံးမကျတဲ့ကောင်တွေ။ ယောက် လက်နက်အပြည့်အစုံ တပ်ဆင်ပေးလိုက်တာတောင်ကြီး (၂) ယောက်ကို မနိုင်ဘူးလား"

ဦးဝေရွှေ ပေါက်ကွဲနေရတာ။ သူ့တိုက်က (၂) ထပ်တိုက်။ လုံခန်းထဲမှာ တပည့်တွေကို ကြိမ်းမောင်းဆူပူနေရတာ။

တပည့် (၄) ယောက်လုံး ခေါင်းငုံ့နေကြပေမယ့် တစ်တ်ကတော့ ကွန်ပလိန်းပြန်တက်၏။

"ဆရာ အဘိုးကြီးတွေ မဟုတ်ဘူးဗျ။ လူငယ်တွေ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ (၂) ယောက်ကို မနည်း သတ်ရ ပုတ်ရတယ်"

"မင်းတို့အသုံးမကျတိုင်း ကြောက်လန့်ပြီး လူကြီးလား လူငယ်လား မသဲကွဲတိုင်း အခြေအမြစ်မရှိတာတွေ လာမပြောနဲ့ ငါကိုယ်တိုင် မြင်ခဲ့ပြီးသား။ အဘိုးကြီးတွေ"

"ဆရာ ဆရာ့တပည့်တွေ ကြောက်သွေးမပါတာ ဆရာ အသိပါ။ တစ်ခုခုတော့ လွဲနေပြီ။ ကျွန်တော်တို့တွေ့ခဲ့တာ လူငယ်တွေပါ။ အသက်အစိတ်ပတ်ဝန်းကျင်တွေ။ ဆရာ့မျက်လုံးပဲ မှားသလား၊ ကျွန်တော်တို့ပဲ မှားသလား။ တစ်ခုခုပဲ"

"ကဲ ထားလိုက်တော့။ မင်းတို့ကို ငါက လုပ်ငန်းအောင်မြင်မှ ပြောထားတဲ့အတိုင်း ဆုချမှာ။ ခုဝေ့ နည်းနည်းစီခွဲ ယူကြ။ တောက် တော်တော်အသုံးမကျတဲ့ကောင်တွေ"

"ရဲဖမ်းမိရင် ပြဿနာပိုကြီးမှာစိုးလို့ပါ ဆရာရယ်။ ရဲသာဝင်မရှုပ်ရင် သူတို့ (၂) ယောက်လောက်တော့ သူသေသေ ကိုယ်သေသေပါ။ ဆရာ သေချာစုံစမ်း ဖော်ထုတ်လိုက်ဦး။ အဲဒီ က (၂) ကောင်က အဘိုးကြီးတွေ မဟုတ်ဘူး။ လူငယ်တွေ သူတို့ရည်းစားတွေလား မသိဘူး"

"အင်း ...တွေ့ကြသေးတာပေါ့ကွာ။ ဖြူသမီး (၂) ယောက်လုံး ချိုကြွနေတာ။ ဝေဇွာအကြောင်း ကောင်းကောင်း





သိရသေးတာပေါ့"

"ဆရာက သူတို့ကို အနုနည်းနဲ့သိမ်းသွင်းရမှာ၊ ဘယ့်နှယ် ဓာတ်ကြမ်းတိုက်နေရတာလဲ။ ကျွန်တော်တို့က ဘယ်ထိ ချောက်လှန့်ပေးရမှာလဲ"

"မသေရင်ပြီးရောကွာ။ ကျန်တာစိတ်ကြိုက်။ မင်းတို့ သဘောလို့ ငါပြောထားသားပဲ။ ဒါမှကြောက်ပြီး ငါ့ခြေရင်း ရောက်လာမှာ။ ငါလိုသလိုနိုင်းလို့ရမှာ"

"နောက်တစ်ခါ ဒီလိုမလွဲချော်စေရပါဘူး အာစရိရယ်။ ခဲ့သော့တွေ လဲပစ်ရင်တော့ ဒုက္ခပဲ"

"သော့ဖျက်ဝင်ပေါ့ကွ။ သော့ဝိဇ္ဇာတစ်ယောက်ထည့်ပေးမယ်၊ မပူနဲ့"

"ဒါဆိုလည်း ဘာလိုသေးလဲပေါ့ ဆရာရယ်။ နောက် တစ်ခါ ပိပိရိရိ လုပ်ရှားပါမယ်။ ဒါထက် ဆရာ အိမ်ထဲ၊ တိုက်ထဲ အောက်ခိုးဝင်တာထက် သူတို့အပြင်ထွက်တုန်း နှောင့်ယှက်ရင် ပိုရှင်း ပိုပြီး အဆင်မပြေဘူးလား"

"နေ့ဘက်ကြီး ပိုဆိုးမယ်ထင်တယ်"

"ကားချင်းပွတ်ဆွဲတာလောက် ဒုက္ခရောက်ရုံလောက် ပေါ့ဆရာ။ နောက် ဖုန်းထဲက လှမ်းပြီးခြောက်လှန့်တာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်။ အဓိက,က သူတို့ ညီအစ်မ ငါ့လက်ထဲရောက်ဖို့နဲ့ သူတို့ တိုက်နဲ့ခြံကို ရောင်းစားဖို့ပဲ။ သင့်သလိုသာ စီစဉ်ပါတော့ကွာ"

ဦးဝေချို သူ့တပည့်တွေကို အာဏာကုန်လွှဲလိုက်ပေပြီ။ လိုအပ်တော့မှ သူကိုယ်တိုင် စင်တော့မည်။

✹



## အခန်း (၉)

ဒေါ်ကြည်လင်းဖြူ။

ဘဝကြီးကို ဘယ်လိုမှ ဘဝင်မကျ။

လက်မထပ်ဖြစ်ခင်အထိ တော်ကီဇွေတွေနှင့်၊ အနုအရှု။ ညာ သာရကာတွေနှင့် သူမကို အလိုလိုက်၊ အကြိုက်ဆောင် ခဲ့သည့် ဦးဝေချိုဟာ။

သားကောင်သူ့လက်ခုပ်ထဲ ရောက်သည်နှင့် မင်းသား င်း ဖြတ်ချုပြီလား။ ပြုတ်ကျပြီးလား။ ဇာတိရုပ်တွေ ဘွားဘွား ပေါ်လာပြီလား။

ယခုထိတော့ အချိုသတ်နေတုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဆက်လက်အယုံသွင်းနေဆဲ။ စည်းရုံးနေဆဲ။

ဒေါ်ကြည်လင်းဖြူဟာ ပညာအခြေခံနည်းပါးသူ ပထမ ခင်ပွန်းလက်ထက်ကတည်းက ကလေးတစ်ယောက်လို အပူပင်ကင်းစွာနေလာခဲ့ရသူမို့ ဉာဏ်ပညာ အမြော်အမြင်ကတော့ ခပ်နည်းနည်း။

အသက် (၁၆) နှစ်လောက်ကတည်းက ယောက်ျားရပြီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေလာခဲ့ရသူမို့ လောကကြီးအကြောင်းလည်း ကောင်းကောင်းမသိ။

လောကကြီးထဲမှာ ဟန်ဆောင်တတ်သည့် မာယာသည်တွေရှိကြောင်း သူမ မသိ။

မနေ့ကထိ ဦးဝေဠုကို အထင်ကြီးနေမိခဲ့သည့်သူမ။ သည်နေ့မှာတော့ သံသယတွေ ဝင်ချေပြီ။

ဦးဝေဠုဟာ သူမမျက်နှာလည်း မထောက်။ သားအမိ (၃) ယောက်လုံး၏ဘဝတွေကို နင်းချေဖျက်ဆီးပြီး အောင်သေအောင်သားများ စားလေတော့မလားမသိ။

ဦးဝေဠုဟာ ဘနုဖူး သိုက်တူးမည့်သူ။ ဒေါ်ကြည်လင်းဖြူ ကလေးလို နေလို့မဖြစ်တော့။

သူ့ကို တည်ကြက်လုပ်ပြီး ပုဆိန်ရိုးလုပ်ပြီး သူ့သမီးတွေ





နှင့် သူ့ပစ္စည်းတွေကို အပိုင်သိမ်း။ လိုသလိုအသုံးချမည့်အကြံရှင်ကြီးအား တတ်နိုင်သမျှ ပြန်လည်တိုက်ခိုက် ထိုးစစ်ဆင်ရပေတော့မည်။

အနီးကပ် ပူးသတ်မလား။

ပြောင်ပြောင်တင်းတင်းပင် စစ်ကြေညာမလား။ ပွဲစဉ်ကတော့ ပရမ်းပတာ။

သူမတို့ဘက်က တော်တော်ရှုံးနေပေပြီ။ ကိုယ့်ညံ့ဖျင်းချက်ကြောင့် ရန်သူလက်တွင်းသို့ သက်ဆင်းနေရသည့်အဖြစ်။

သူမ သမီးတွေထံ သွားပြီး အတူပြန်နေရလျှင် ကောင်းမည်လား။ သမီးတို့တော့ အားရှိမှာပဲ။

သို့သော် ဦးဝေဠုက အလွတ်ပေးမည်၊ လွှတ်ပေးမည်ထင်။

သူ့အနားမှာ ကိုယ်ပေါင်းစိတ်ခွာနေပြီး အနီးကပ်ထောက်လှမ်း ပူးသတ်သည့်နည်းလမ်းကို သုံးရမည်ထင်သည်။

အရှုံးနှင့်တော့ လက်မလွှတ်နိုင်။

ကိုယ်တတ်နိုင်သလောက် သမီးတို့ကို ထောက်ပံ့ကူညီရမည်။

ဦးဝေဠုကလည်း ချောချောလှလှ၊ တောင့်တောင့် ဖြောင့်

www.burmeseclassic.com



ဖြောင့်နှင့် ဒေါ်ကြည်လင်းဖြူကို လက်မလွှတ်နိုင်ပါ။

သည်နေ့မနက် လက်ဖက်ရည်ဝိုင်းမှာ ဒေါ်ကြည်လင်းဖြူ ဦးဝေဠုကို တောင်းဆိုရသည်။

"ကိုရေ ... ဒီနေ့ ဖြူ ရွှေပင်ထွက်ချင်တယ် ယောက်ျားဆုံးကတည်းက ဒုက္ခတွေပတ်လည်ဝိုင်းနေရတာ ရွှေပင်မထွက်ရတာ ကြာလှပြီ"

"ယူလေ ဖြူ။ ဘယ်လောက်သုံးမလဲ။ ဘာတွေ မလဲ။ ပြော ကို ဘယ်လောက်ပေးရမလဲ"

"အားနာပါတယ်။ ကိုပေးချင်သလောက်ပေးပေါ့။ ဖြူ ငွေရှာနိုင်တာမှ မဟုတ်တာ"

လက်ဖက်ရည်ဝိုင်းမှာ ကေသရီရှိမနေပါ။ ကေသ ကလည်း မိတွေးကို စစ်ဆေးတိုက်ပွဲနှင့် တုံ့ပြန်နေတာပါပဲ။

"(၁၀) သိန်း တော်ပလား။ ဖြူက ဘာဝယ်ချင်တာ လက်ဝတ်လက်စားတွေပါသေးလား"

"ဖြူ့မှာ ဘာမှမရှိတော့ဘူးကို။ (၆) လလုံးလုံး စားသောက်နေရတာ"

"ဒါဆို ကိုပါလိုက်ဝယ်ပေးမှာပေါ့။ ဖြူဘာလိုချင် ပြော"





"ကိုတတ်နိုင်သလောက်ပေါ့။ အထည်အဝတ်အစားနဲ့ အလှအပပစ္စည်းနည်းနည်း"

"အိုကေ လိုက်ပို့မယ် မိန်းမ"

"ရတယ်၊ ကိုက အားတာ မဟုတ်ဘူး။ ဖြူဘာသာ သွားပါ့မယ်"

သူမတစ်ယောက်တည်းသွားမှ သမီးတွေကို ပေးလို့ တမ်းလို့ ရမှာမဟုတ်ပါလား။

"ဒရိုင်ဘာထည့်လိုက်မယ်၊ ဖြူ ခေါ်သွား"

"ဟုတ်ကဲ့ပါ"

ဦးဝေဠု (၁၀) သိန်းပေးတာမှ (၅) သိန်းကိုသုံးပြီး (၅) သိန်းကို သမီးတွေပေးဖို့ ဒေါ်ကြည်လင်းဖြူ စိတ်ကူးလိုက်ပါသည်။

✸

"မေမေ"

သမီး (၂) ယောက်က မိခင်ကိုပြေးကြိုတော့ ဒေါ်ကြည်လင်းဖြူ မျက်ရည်ကျရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးမှပြန်လာတာမို့ သမီးတွေဖို့ စားသောက်စရာ အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်များ၊ ကော်ဖီဘူး၊ မုန့်ဘူးတွေဆိုတာ ခြင်းကြီး (၁) လုံးအပြည့်။

"ဟိုလူကြီးပိုက်ဆံနဲ့ ဝယ်လာတာတွေ မလိုချင်ဘူး၊ မစားချင်ပါဘူး မေမေရယ်။ မေမေ သမီးတို့နဲ့ ပြန်လာနေပါ"

ရောက် ရောက်ချင်းပင် ခေတ်က တောင်းဆိုလိုက်တော့ ဒေါ်ကြည်လင်းဖြူ အကျပ်ရိုက်ရသည်။

"မေမေကတော့ ကျွန်းခံတွင်းထဲ ဝင်မိနေပြီ သမီးတို့ရယ်။ သူက ဘယ်ပြန်လွှတ်ပေးတော့မလဲ။ သမီးတို့ကို ရန်ပြုမှာ စိုးတယ်"

"ရန်ပြုနေပါပြီ မေမေရယ်။ ညက သမီးတို့တိုက်ထဲ လူဆိုး (၄) ယောက်ဝင်လာတယ်"

"ဟင် ... ဘုရား ဘုရား။ ဘာလို့မပြောသလဲ သမီးတို့ရယ်။ ဒီလောက် တိုက်ကြီး၊ ခြံကြီးတောင်မလုံခြုံဘူးလား။ ဘုရား ဘုရား ဘာ ဘာတွေဖြစ်သွားလဲဟင်"

"ဘာမှမဖြစ်ပါဘူး မေမေ။ ဦးလွန်းတို့ (၂) ယောက်ရှိနေလို့ပေါ့။ ရုန်းရင်းဆန်ခတ်တွေ ဖြစ်ပြီး ရဲကားသံတွေကြားတာနဲ့ ထွက်ပြေးသွားကြတယ်"





"ယွန်းထင်တာတော့ မေမေ့ယောက်ျားကြီး လက်ချက်လို့ ထင်တာပဲ။ ဟိုတုန်းက ဘာမှမဖြစ်ဘူး၊ ခုမှ ဖြစ်တာ။ သူ သမီးတို့ကို မကျေနပ်ဘူးလေ။ တိုက်နဲ့ခြံရောင်းချင်နေတာ၊ အလိမ်ကကျစ်လုပ်ချင်နေတာ"

"ဒုက္ခပါပဲ သမီးတို့ရယ်။ မေမေ ဘယ်လိုစီစဉ်ရပါ့။ ဒီသမီးလေးတွေ ငါမလိမ္မာလို့၊ ငါမအေစိတ်မရှိလို့ ခုလိုဖြစ်ရတာ"

ကိုယ့်ရင် ကိုယ်ထုရင်း ဒေါ်ကြည်လင်းဖြူ ရှိုက်ကြီးတငင် ငိုနေလျှင် ယွန်းနှင့်ခေတ်တို့ ကိုယ့်မေမေကို ချော့မော့ရသည်။

"မေမေ့ လူကြီးကတော့ မေမေ့ကို ကွာပေးမှာမဟုတ်ဘူး။ ကြည့်ပြီးသာစခန်းသွားပေါ့ မေမေ။ သမီးတို့ကတော့ ကိုယ့်လမ်းကိုယ် အကောင်းဆုံးလျှောက်ရတော့မှာပဲ။ ဒီတိုက်နဲ့ခြံ ရောင်းရအောင်သာ မေမေ တားပေါ့"

တကယ်ကျ ဒေါ်ကြည်လင်းဖြူ ဘာမှ မတတ်နိုင်တော့ပါ။ ဦးဝေဠုက စကားတွေ ချည်ပြီး တုပ်ပြီး။

ဦးဘုန်းခေတ်၏အကြွေးတွေဆပ်ဖို့ တိုက်နှင့်ခြံ ရောင်းကို ရောင်းရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့်ပင် သမီးတွေကို အ... အနေ မေးမြန်းရင်း ဦးလွန်းနှင့် ဦးစိုင်းကိုခေါ်ပြီး ကျေးဇူး... စကား ပြောရသည်။

“ဦးလွန်းတို့ကို ဖြူ့သမီးတွေ စောင့်ရှောက်ဖို့ အပ်... တယ်ရှင်။ လစာလည်း ပေးမှာပါ။ ဦးလွန်းတို့ရွာမှာလုပ်သလို... ပေးပါ့မယ်ရှင်။ ဖြူ့သမီးလေးတွေကို စောင့်ရှောက်ပေးပါနော်”

“စိတ်ချပါဗျာ။ ကျုပ်တို့မှာ ဆရာဘုန်းခေတ်ရဲ့ကျေး... တွေ ရှိပါတယ်။ အသက်ပေးပြီးတော့ကို စောင့်ရှောက်မှာပါ”

“ကြားရတာ ဝမ်းသာမိပါတယ်ရှင်။ ကျွန်မကတော့... ခြေလှမ်းမှားထားမိတဲ့အတွက စပါးကြီးမြွေကြီးရဲ့ အသိုက်ထဲ... နေ ဘယ်လိုရုန်းထွက်ရမှန်းကိုမသိတော့ပါဘူး။ ဖြူ့သမီးတွေ... ဥမကွဲ သိုက်မပျက် ပြန်ပြီးနေချင်ပါတယ်ရှင်”

ဒေါ်ကြည်လင်းဖြူ အကျပ်ရိုက်နေရပါသည်။ ဦးဝေ... ဟာ သူမ၏ တရားဝင်ယောကျ်ားဖြစ်နေပြီမို့ အကြောင်းမဲ့... ကွဲချင်လို့ ရမှာမဟုတ်တော့ပါ။

ညနေ (၃) နာရီလောက်မှာ ဦးဝေမျှ ကိုယ်တိုင် ဒေါ်... ကြည်လင်းဖြူကို လာခေါ်ပါလေတော့သည်။ ဒရိုင်ဘာနှင့်ကား... သူမကိုထားခဲ့ပြီး မနက်ကတည်းက ပြန်သွားခဲ့တာ။





ဦးဝေမျှက အကြီးနှင့်လာခြင်းပါ။ သူ့လူတွေပြောသည့် ...ဘာသားကြီး (၂) ယောက်ကိုလည်း အကဲခတ်မလို့ ဖြစ်သည်။

ဒေါ်ကြည်လင်းဖြူ ကိုယ့်ယောကျ်ားကို ခရီးဦးကြိုဆိုရင်း ...ဆစ်မိသည်။

“ကို သမီးတွေလည်း ခေါ်မရတဲ့အတွတ္တ ဖြူ ဒီဘက်မှာ ...နေမယ်။ ကိုလည်း ဝင်ထွက်သွားလာပေါ့”

ဦးဝေမျှ ငြင်းဆန်ပုံက ခါးခါးသီးသီး၊ ရုပ်ပျက်ဆင်းပျက်။

“အလိုဗျာ၊ ကိုယ်ချစ်လို့ မရ အရယူထားတဲ့ မိန်းမ။ ...စ်နာရီတောင် မခွဲနိုင်ဘူး။ သမီးတွေ စိတ်မချရင် အိမ်ရအောင် ...ခေါ်ပေါ့ဗျ။ ဘာခက်လို့လဲ”

“ကိုတို့ နယ်ကာန်နေရတာနဲ့ ကြားထဲက ဖြူသေလိမ့် ...မယ်”

“ဖြူ့ကို အသေမခံနိုင်ပါဘူး။ ကိုပါ လာနေရမလား ...ပြော။ သမီးက ဟိုဘက်မှာ အဒေါ်တွေရှိတယ်၊ စိတ်ချရတယ်”

“ဒါနဲ့ ဒီတိုက်က ရောင်းပစ်မှာဆို”

“မရောင်းခင်ပေါ့။ ဖြူရှိတဲ့နေရာမှာ ကိုလည်း ရှိမှာပဲ”

ဦးဝေမျှကြီး ဂျင်းထည့်လိုက်တာပါ။ ဖြူ့သမီးတွေ သူ့ကို ...နေစေချင်တာ သူအသိ။ သူ့စကားဆုံးသည်နှင့် ယွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တို့ ပျာပျာသလဲ ကန့်ကွက်ကြသည်။

"မေမေပဲ လိုက်သွားပါ။ ဖေဖေ့အိမ်ပေါ်မှာ ဒီလူကြီး တော့ မမြင်ပါရစေနဲ့။ သူနဲ့လည်း အတူမနေချင်ပါဘူး။ မုန်းလွန်း လို့"

"တွေ့လား၊ ဖြူ့သမီးတွေ ကိုအပေါ် ဘယ်လော မေတ္တာထားသလဲလို့"

"ဪ ... အနေအထားတွေကလည်း ကြည့်ဖြူချင် စရာမှ မရှိဘဲကိုး"

ညည့်ခန်းထဲမှာ ခေတ္တထိုင်ရင်း ဦးဝေဌေး မျက်လုံး ဟိုကြည့် သည်ကြည့်။

"ဟိုတောသားတွေရော ဘယ်ရောက်နေလဲ။ အိမ်လာ ပြီး စားလိုက်၊ အိပ်လိုက်လုပ်နေသလား"

"ရမ်းမပြောပါနဲ့၊ ခြံထဲမှာ မြေလေးရှိသရွေ့ တူး စိုက်ပျိုးနေကြတာ"

"တော်တော်လည်း ကြီးပွားဦးမယ်။ သူတို့ကို စကား ပြောစရာရှိလို့ သွားခေါ်ချည်"

ဦးဝေဌေး၏အမိန့်ကို မနာခံချင်ပေမယ့် မြန်မြန်ပြန်စေချင် သဖြင့် ခေတ် သွားခေါ်ရ၏။





"ကိုကိုတို့ရေ ... ဟိုလူကြီးက တွေ့ချင်လို့တဲ့။ သတိ ထားနော်။ တကယ့်ကလိမ်ကကျစ်ကြီး"

"နင်ပြောမှ မဟုတ်ပါဘူး။ ကြိုသိပါတယ်။ ဒါ ငါတို့ကို လို့ လာစစ်တာ။ ညက သူ့လူတွေဆိုရင် အကျိုး အကြောင်းပြောထားပြီပေါ့"

"နောက်ဆို၊ ညဘက်လည်း ရုပ်ဖျက်ထားမှ ဖြစ်မယ် ဆယ်"

(၂) ယောက်သား တိုက်ဘက်သို့ ပြန်လျှောက်လာကြရ ည်။ ခြံနောက်ဘက်မှ ကွက်လပ်လေးမှာ သီးပင် စားပင်တွေ နေကြရင်းမှ လိုက်လာကြတာမို့ လက်တွေမှာ မြေကြီးတွေ

"ရေဆေးဦးမှ"

တိုက်ရှေ့မှာ ရေတိုင်နား လက်ဆေးကြပြီးမှ တိုက်ထဲသို့ ကြသည်။ ဦးဝေဌေးက သူတို့ (၂) ယောက်ကို မျက်လုံး ကျမတတ် ကြည့်နေ၏။ ဖြစ်နိုင်လျှင် နှုတ်ခမ်းမွေးတွေ ကြည့်ချင်သည့်ပုံ။

ခြေတွေ လက်တွေလည်း သေချာကြည့်၏။

"ညက မင်းတို့ ဘယ်ရောက်နေကြလဲ။ သမီးတို့အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သူခိုးတွေ ဝင်လို့ဆို''

''ကျုပ်တို့ တီးထည့်လိုက်တာပေါ့။ သူခိုး ဘယ်ဟုတ်
မလဲ၊ ဓားပြတွေ (၄) ယောက်ကြီးတောင်''

''ဒီဓားပြတွေကလည်း ဒီအိမ်မှာ အတွင်းပစ္စည်းတွေ
ဘာတွေရှိတာမှ မဟုတ်တာ။ ရှိတဲ့အိမ်တော့ သွားမတိုက်ဘူး''

ဦးဝေဠု နှိပ်ကွပ်နေပုံက မခံချိမခံသာ။

''ဓားပြတွေက ဓာတ်သိဗျ။ အတွင်းလူကမကောင်း
ပြီး သော့ပေးလွှတ်တာ။ ဒေါ်ဖြူ ခင်ဗျား ဒီအိမ်မှာမနေဘူးဆို
သော့တွေယူထားဖို့ မသင့်တော့ဘူး။ ကျုပ်ပြောတာ သဘော
ပေါက်ပါတယ်နော်''

လွှန်းခေါင် ပြောပစ်လိုက်လျှင် ဦးဝေဠု ဒေါသတွေထွ
ပြီး ဒေါ်ကြည်လင်းဖြူကတော့ ဇဝေဇဝါရုပ် ဖြစ်သွားလေ

''မင်းတို့ စကားပြောတာကြည့်ပြော။ အရင်က ဒီ
အဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးဘူး။ မင်းတို့ရောက်လာမှ ဖော
ထွင်းမှု၊ လုဝင်မှုတွေဖြစ်လာတာ။ ဖြူ ဒီလူတွေကိုနှင်ထုတ်လို
ပါ။ သမီးတို့အတွက် အန္တရာယ်များတယ်''

ဦးဝေဠု၏စကားကို ယွန်းနှင့်ခေတ် ချက်ချင်းပင် မ
ရှင်း၏။





''ဦးဝေဠုက ကျွန်မတို့ကို ဒုက္ခရောက်စေချင်နေတာ
ဟုတ်လား။ ကျွန်မတို့ကို သူများသတ်လို့ သေစေချင်နေတာ။
ဦးလေး (၂) ယောက်က ကျွန်မတို့ကို စောင့်ရှောက်နေတာ။
ဦးဝေဠု ဘာမှ စိမ်နေစရာမလိုဘူး''

''မေမေ ဒီလူကြီးနဲ့တော့ သမီးတို့ မျက်စိရှေ့မှာ အတွဲ
ထိုက်ကြီးလာမနေပါနဲ့။ မေမေ သူ့ကိုပြတ်ရင် အချိန်မရွေး ပြန်
လာပါ။ သမီးတို့ အလုပ်လုပ်ပြီး ရှာကျွေးမယ်''

''ဟုတ်တယ်၊ မေမေ ကြိုက်ရာလမ်းကိုရွေး။ ဒီလူကြီးကို
ရွေးမလား။ သမီးတို့ကိုရွေးမလား ရှင်းရှင်းပြော''

သူတို့သားအမိတွေ ပြဿနာရှင်းနေကြလျှင် ဦးဝေဠု
ဒေါ်ကြည်လင်းဖြူကို လက်ဆွဲပြီး အတင်းထပြန်လေတော့သည်။

''ဖြူ ကိုယ်တို့နှစ်ယောက် လူသိရှင်ကြား လက်ထပ်ထား
တာ ရက်ပိုင်းပဲရှိသေးတယ်နော်။ လက်ထပ်တယ်ဆိုတာ ကလေး
ကစားတာ မဟုတ်ဘူး။ ဖြူ့သမီးတွေက ပြဿနာမရှိ ပြဿနာ
ရှာနေကြတာ။ သူတို့လည်း စောင့်ရှောက်မယ့်လူတွေ ရှိတယ်။
ကြစို့။ သူတို့လိုတာ ဖြူ့ထောက်ပံ့ပေါ့။ ကိုယ့်ယောကျ်ားကမှ
တစ်သက်လုံး အားကိုးရမှာ။ သူတို့က အချိန်တန်ရင် သူ့လမ်း
သူသွားကြမှာ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်လင်းဖြူ နောက်ဆံတင်ငင်နှင့်ပင် ဦးဝေ့နောက်သို့ ပါသွားရသည်။ ကျွံမိသည့်နွံက လွယ်လွယ်ရုန်းမရတော့။

ခေတ်ယွန်းနှင့်ခေတ်သီရိကတော့ မေမေ့ကို လွယ်လွယ်နှင့် ပြန်မရတော့ကြောင်း သိပြီးသားပါ။ ဦးဝေ့ကြီး မြန်မြန်ပြန်အောင် အညှာကိုင်ရတာ။

သူတို့ကားထွက်သွားတော့မှ မေမေပေးခဲ့သည့်ပစ္စည်းများကိုသိမ်းရင်း သည်ညနေ ကောင်းကောင်းစားကြဖို့ စီမံချက်ပြုတ်ရသည်။



## အခန်း (၁၀)

ခေတ်ယွန်းနှင့် ခေတ်သီရိတို့ စာမေးပွဲဖြေသွားကြရမည်။ ...ကာ နောက်ဆုံးနှစ်။ သည်စာမေးပွဲပြီးလျှင် ဘွဲ့ရပြီ။

ခေတ်ကတော့ ခုမှ ဒုတိယနှစ်။

အခြေအနေတွေက ရှုပ်ရှုပ်ထွေးထွေး။ အိမ်မှာလည်း ...ခြေပြတ်မခံရဲ။ ကျောင်းမှာလည်း လွှတ်ထားလို့မရ။

ဦးဝေ့ကြီးက အကြီးကြီးကြံစည်နေမှာမလွဲ။

စိုင်းက အိမ်မှာစောင့်ရှောက်ကျန်ခဲ့ရပြီး လွန်းခေါ်က ...ာ ကျောင်းပို့ ကျောင်းကြိုရင်း ကျောင်းမှာလိုက်စောင့်ရှောက်...ည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း (၂) ယောက်လုံး အခြေအနေထူးခြားလျှင် တစ်ယောက်ကိုတစ်ယောက် သတင်းပို့ရသည်။

ညကလည်း အိမ်မပျော်ခင် ပြတင်းမှလရောင်ကို ငေး ကြည့်ရင်း နှစ်ယောက်သား စကားတွေပြောဖြစ်ကြတာ။

"ငါတို့လည်း ဘယ်ဘဝက ဝဋ်ကြွေးတွေပါလိမ့်ကွာ။ ဒါလေး (၂) ကောင်ကို အသလွတ်စောင့်ရှောက်နေရတာ"

"စိုင်းကလည်းကွာ။ ဝဋ်ကြွေးလို့ သဘောမထားပါနဲ့ ရေစက်တို့၊ ပဋ္ဌာန်းဆက်တို့ ရယ်လို့ လှလှပပလေး သုံးစမ်းပါ"

"ထားပါကွာ၊ အတူတူပါပဲ။ ခုမှမြင်ဖူးတဲ့ ကောင်မလေး (၂) ယောက်ကို ငါတို့ရင်ထဲ သံယောဇဉ်တွေ ငြိတွယ်နေမိကြ တာလည်း ဆန်းတယ်နော်"

"အဲဒါပေါ့ကွ။ ရေစက်ဆိုတာ။ မင်းစိတ်ထဲ အရင်ဘဝ က ချစ်သူလို့ မထင်မိဘူးလား"

"ကုလားကားတွေကြည့်ပြီး ဆွဲစိမနေနဲ့ လွှန်းခေါင် ကောင်မလေးတွေကဖြင့် ငါတို့မွေးမှ သမီးလောက်လေးတွေ"

"ယွန်းက (၂၀) ကျော်ပါပြီကွ။ လပိုင်းစွန်းပြီး မင်း ခေတ်ကသာ (၁၈) နှစ်"

"ကျော်ပါပြီကွ (၂) လကျော်ပြီ"





"ဒါတော့ မင်းသဘောပေါ့ကွာ။ ငါကတော့ ငါ့မှာ အမေတို့သဘောတူထားတဲ့ ဆွေမျိုးထဲက အညာသူမလေး ရှိတယ်။ ငါ အမေတို့မျက်နှာ အိုးမည်းမသုတ်ရက်ပါဘူးကွာ"

လွှန်းခေါင်အသံက ဆွေးဆွေးမြည့်မြည့်ဖြစ်နေလျှင် စိုင်း ဆဲချင်ချင်။

"ဒါနဲ့များ ဒီလာပြီး ဖွန်ကြောင်နေရသေးတယ်။ ငါက ကြားထဲက ကျွန်ဝယ်ရာအဆစ်ပါ။ သူမှန်တာနဲ့ ငါပါ ကန့်လန့် ကန့်လန့်ပါနေရတယ်"

ပြောလို့သာပြောရတာပါ၊ စိုင်း ကိုယ်တိုင်လည်း သင်း တို့ကို မထားခဲ့ရက်နိုင်ပါ။ အလုပ်ပြန်စလျှင်တောင် သည်အိမ်က နေ သွားရတော့မလား စဉ်းစားနေမိတာ။

"အဲလိုမပြောပါနဲ့စိုင်းရာ။ သူတို့ခများလည်း ငါတို့မှ နောက်မှရပ်တည်မပေးရင် စုန်းစုန်းမြုပ်တော့မှာ။ အေးလေ၊ ဒီ မင်းအပေါ် မတရားလုပ်တယ်ထင်ရင်လည်း ငါတို့ကိုထားခဲ့ ပေါ့ကွာ။ ငါကတော့ အတတ်နိုင်ဆုံး စောင့်ရှောက်ရမှာပါပဲ။ မြစင်သော မေတ္တာများနှင့်ပေါ့ကွာ"

"လာ လာချည်သေး။ လွှန်းခေါင်ရယ် ဟုတ်မှလည်း သုပ်စမ်းပါ။ မင်းရင်ထဲမှာ အညာသူမလေးကိုမေ့ထားလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ထားလိုက်စမ်းပါကွာ။ မင်းအမေမျက်နှာ အိုးမည်းသုတ်တယ်လည်း ဘယ်ဟုတ်မလဲ။ ဘဝဆိုတာ အရှည်ကြီးကွ။ ကိုယ်ရင်ခုန်နေဖို့လည်း လိုတာပေါ့"

"အင်း"

လွန်းခေါင် သက်ပြင်းရှည်ကြီးချသလို စိုင်းကောင်းဆက်လည်း ဖြောင့်ချက်ပေးရသည်။

"ငါလည်း သူတို့ညီအစ်မကို မထားခဲ့ရက်နိုင်တော့ပါဘူးကွာ။ လုပ်ငန်းပြန်စရင်တောင် ဒီအိမ်ကနေ သွားရတော့မယ့်အဖြစ်ပါ။ ငါလည်း မင်းလိုပဲ ဖြူစင်သောမေတ္တာများနှင့်ပေါ့။ ငါတို့စေတနာမှာ အရောင်မပါ ပါဘူး။ သူ့ဘာသာ အလိုအလျောက် ဖြစ်တည်လာမယ့် ရေစက်ဆိုတာကိုတော့ ကြိုဆိုမျှော်လင့်မိပါတယ်။ ငါက မင်းထက်သာတာတစ်ခုရှိတယ်"

"ဘာတုံး ... ဘိန်းစားချင်းအတူတူ"

"မင်းက အမေသဘောတူထားတဲ့ ရွှေညာသူလေး ရှိတယ်လေ။ ငါက ရှင်းတယ်။ ငါ့အိမ်က ငါ့ကို ဘေးမဲ့ပေးထားတာ"

"အေးပေါ့ကွာ။ မင်းက ငါ့ထက်နှာတစ်ဖျားသာနေတာပေါ့"





(၂) ယောက်သားရဲ့ရင်ထဲမှာ သူမတို့ညီအစ်မကို အလွန်အင်မတန် ကရုဏာမိုးတွေ စွေမိနေတာအမှန်။

ယခုလည်း နိုင်းက ခြံစောင့်မာလီကြီး။

လွန်းခေါင်ကတော့ သက်တော်စောင့်ဒရိုင်ဘာ။

မိဖုရား (၂) ပါးကိုလည်း သေချာမှာထားရသည်။

"ကိုကို ယွန်းတို့စာဖြေပြီးတဲ့အထိ ကားနားမှာပဲ စောင့်နေမှာနော်။ ဘယ်သူက ညာခေါ်ခေါ် လိုက်မသွားရဘူးနော်။ ဘာပဲဖြစ်ဖြစ် ကိုကို့ကိုပြော"

"အင်းပါ ... လူတွေကိုများ သူငယ်နှပ်စားလေးကျလို့"

"သူငယ်နှပ်စား မဟုတ်လို့ပေါ့။ ဦးဝေချုကြီးက ကောက်ကျစ်တယ်။ လောကကြီးက ကောက်ကျစ်တယ်။ တော်ကြာ အကြောင်းတစ်ခုခုပြပြီး ခေါ်ထုတ်သွားရင် ကိုကိုတို့ အပင်ပန်းခံပြီး စောင့်ရှောက်နေရတာတွေ အလကားဖြစ်မှာစိုးလို့"

"ဟုတ် ... ဟုတ်၊ ဘယ်မှမသွားဘူး။ ဒီပဲ အမြန်ဆုံးပြန်လာမယ်"

(၂) ယောက်လုံး စာဖြေခန်းထဲ ဝင်သွားသည်အထိ ငေးကြည့်နေမိသည်မှာ ကလေးအဖေကြီးနှယ်။ လွန်းခေါင် ကိုယ့်ဘဝ ယုယဝင်းခင်ကိုပင် တစ်ခါမှ သည်လို ဂရုမစိုက်ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယုယဝင်းခင်ကတော့ သူ့ကိုမြင်သည်နှင့်။

"ကိုကို ကိုယ်ဖော်တဲ့ဆေး ကိုယ် ကုန်အောင်သော

ပေတော့။ ကူညီတယ်ဆိုတာ အဆုံးထိကူညီရတယ်"

ဟုပြောပြီး ကျပ်နေလေ၏။

"အောင်မယ် နင်ဖော်တဲ့ဆေးပါ။ နင် ကြိုးဆွဲရာ

ကနေရတာပါ"

"အောင်မယ် ... ခုတော့ စိတ်ပါနေပြီ မဟုတ်လာ

အပိုတွေ ပြောမနေနဲ့"

"ကဲ ... သွား သွား။ စာဖြေဖို့ပဲ အာရုံစိုက်"

အားလုံး စာဖြေနေကြတော့မှ လွှန်းခေါင် ကားနား

ယွန်းတို့ ညီအစ်မကိုစောင့်နေမိပါသည်။

ခဏကြာလျှင် ကျောင်းဝင်းအပြင်မှာ လူက ခပ်

ကျဲ။ ကျောင်းသားတွေ စာဖြေနေကြပြီမို့ အပြင်မှာ လူသိပ်

တော့။

သူ့အနားသို့ လူ (၂) ယောက် လျှောက်လာပြီး ရပ်

လေ၏။

"ဒီမှာ ကောက်ရိုးပုံစောင့်တဲ့ခွေးဆိုတာ မင်းလို

မျိုးကိုပြောတာ ဟော့ကောင်"





"ဘလိုင်နဲ့ကြီး လာဖွဲ့နေပါလား"

"မိန်းကလေး (၂) ယောက်လုံးနဲ့ ဇယားရှုပ်နေတာတော့

ဘယ်ကောင်းမလဲကွ။ ငါတို့လည်း တစ်ယောက်လောက်တော့

ခွဲမှုမှပေါ့"

လွှန်းခေါင် မျက်မှောင်ကြုတ်သွားရ၏။ ဒါ သက်သက်

နှော်နေတာ။ သူတို့ဆင်တဲ့ခွင်ထဲ ဝင်ရမှာလား။

လူ (၂) ယောက်၏ပုံစံက ထောင့်မကျိုး။ သည်အသိုင်း

အဝိုင်းနှင့် မအပ်စပ်။ လူငယ်တွေတော့ လူငယ်တွေပါ။ ဂျလေဗီ

အပေအတေ ပုံစံတွေ။

"ကိုယ့်လမ်းကိုယ်သွားကြရင် ကောင်းမယ်"

"မင်းက စိန်ခေါ်တာလား။ ဆရာကြီးအထာနဲ့"

သူ့ရင်ဘတ်ကို လာဆွဲပြီး ကိုယ်ထိလက်ရောက် စော်

ကားလာတော့ လွှန်းခေါင် ဆောင့်တွန်းပစ်လိုက်သည်။

"ကလေးတွေ စာဖြေနေတာ အနှောင့်အယှက် မဖြစ်

စေချင်ဘူး။ မင်းတို့သွားလိုက်တော့"

ထိုလူ (၂) ယောက်က မသွားသည့်အပြင် ကားကို

အနားရှိ ခဲနှင့်ကောက်ထုမည်ပြင်နေလျှင် လွှန်းခေါင်ပြေးပြီး

ခြေနှင့်ကန်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းရင်းဆန်ခတ်တော့ ဖြစ်သွားတာပါပဲ။ အနား
ရောက်ရှိလာသည့် တာဝန်ရှိသူများကို မြင်လေမှ ထို (၂) ယော
တခြားသို့ ထွက်သွားလေတော့သည်။

လွန်းခေါင်ကတော့ အခြေအနေတွေ ရှင်းပြလိုက်
ယွန်းတို့ညီအစ်မ ကျောင်းဆင်းချိန်အထိ စောင့်နေသည်။



## အခန်း (၁၁)

(၃) ယောက်သား ချောချောမောမော အိမ်ပြန်ရောက်
ကြတော့ အိမ်မှာ စိုင်းက ချက်ပြုတ်ထားရှာသည်။

လွန်းခေါင် လမ်းကဝယ်လာမှာစိုးလို့ ဖုန်းပင်လှမ်းဆက်
ထားလိုက်သေး။

"လာကြ လာကြ၊ ဟင်းကောင်း ကျွေးကောင်းတွေ
ချက်ထားတယ်။ လျှာလည်သွားမယ်သာကြ"

ခေတ်ဇော်ပန်းလေးဖက်ကာ မီးဖိုဘက်သို့ ခေါ်ဆောင်သွား
တာ ယုယုယယ။ မရွှေခေတ်ကလည်း ယခုမှ သခင်တွေ့သည့်
ခွေးလေးနှယ် အမြီးလေးနန့်ပြီး လိုက်သွားတာပါပဲ။

လွန်းခေါင်မှာသာ မထွေးနိုင် မမျိုနိုင်။

အမေကလည်း ဝမ်တိန်ပေးလှုပြီ။ သူ့မြို့မှ သူ့ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်ထဲမှ အညာသူလေးကိုယူဖို့။

မရွှေယွန်းကလည်း အပျိုကြီးစတိုလ်နှင့် စိမ်းစိမ်းက
ကား။ သူများဆို ဖုတ်လေသည့်ငါးပိ ရှိလေတယ်လို့ မမှတ်

ခေတ်တို့ကတော့ အဆင်ကိုပြေလို့။

ရေစက်တွေ၊ ရေစက်တွေ။

ထမင်းစား စားပွဲမှာ စိုင်းက လက်စွမ်းပြပြီးချက်ပြု
ထားရုံသာမက ခူးခပ်ပါ ပြင်ဆင်ထားလိုက်သေး။

"ဟပ်ချလောင်း"

မျက်လှည့်ဆရာကြီးလို ထမင်းစားသည့်အုပ်ဆောင်း
ဆွဲဖွင့်လိုက်တော့ စားပွဲပေါ်မှာ ဟင်းတွေက အလျှံပယ်။ ခါ
အရိုးဟင်းလေးကို လုယက်စားနေရသည့်ဘဝမှ ယခုကျ ငါး
တွေ၊ ကြက်ကြော်တွေနှင့်။

အသီးအရွက်ကြော်၊ အရွက်သုပ်၊ ဟင်းချို ပူပူနွေး
နှင့် မွှေးမွှေးပျံ့ပျံ့။

"ကိုကိုက တော်လိုက်တာနော်။ ခေတ်တော့ ဆွဲ

"ဆွဲ ... ညီမလေး ဖြေနိုင်လား"

"ဖြေနိုင်တာပေါ့ ကိုကိုရဲ့။ ကိုကို ဒီလောက်ပြုစုနေ
ဥစ္စာ"





"သူများသားသမီးတွေ ညာခိုင်းတတ်၊ ညာစားတတ်
သည်။ တို့သားသမီးတွေကတော့ ကျောက်ခဲတုံး"

သည်လိုပြောတော့လည်း မရွှေယွန်းတို့ သဘောပေါက်
သည်။ သူ့ကိုမျက်စောင်းလှဲလှဲလေးထိုးပြီး –

"ကိုကိုနော် ... စောင်းမပြောနဲ့။ ကိုကို့ကို မကျေနပ်လို့
လား"

"ဘာတုံး၊ ဘာတွေမကောင်းကြံစည်နေသတုံး"

"ကိုကိုမနေ့က ဖုန်းပြောနေတာ ကြားတယ်။ အကုန်
ကြားတယ်"

ဘုရား ဘုရား ... မနေ့က သူ့အမေနှင့် စကားပြောခဲ့ရ
တာ။ အမေက သူ သဘောတူသည့် ရွှေညာသူပျိုဖြူချောနှင့်
တင်း နယားပါယားနေလို့ သူမှာတော့ စကားမလွန်ဖို့အရေး
ကြောင်းပြလို့ ဆွေးနွေးနေခဲ့ရတာပါ။ မချောက ဒါကို
ာက်နေတာကိုး။

"ထမင်းစားရမှာတောင် နင်သွားတယ်ဟော့။ မျိုလို့
တောင် မကျတော့ဘူး"

ထမင်းဝိုင်းမှာမို့ ဘာရှင်းချက်မှ မထုတ်သေးဘဲ ထမင်း
စားနေရပေမယ့် စားရတာ နင်တင်တင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်မ၏ပြဿနာက စလုံးရေးစတုန်း။ …
ပြဿနာကြီးကလည်း ဓားထမ်းလို့ ဝင်လာပြီ။

စိုင်းပဲအေးတယ်။ သူက အခြေအနေကောင်းပုံ။ … ကလည်း တွယ်တာပုံ။ ကောင်မလေးတွေပုံစံကြည့်ရတာ … ပပ၊ ရိုးရိုးသားသားလေးတွေ။ ညာခိုင်း ညာစားမည့်ပုံလေး… မဟုတ်ပါ။

"စားပါ၊ မျိုကျအောင်မျို။ ပြီးမှ ကိုကို့ကို စစ်ကြော… ဝင်မယ်"

"အမလေး …ကြားရတာနဲ့ပဲ ကြက်သီးထလှုပြ…"

စိုင်းကတော့ စကားဝိုင်းတစ်ခုလုံးကို ထိန်းထားသည်… အားလုံး အဆင်ပြေချောမွေ့ဖို့ စကားတွေပြောရင်း ဟင်း… ထည့်ပေးနေလေ၏။

သို့သော် ယွန်းရော လွန်းခေါင်ပါ ရင်ထဲ အုံ့မှိုင်းနေ… ရာသီဥတုက ချက်ချင်းမည်းမှောင်သွားတော့သလို။

သည်လိုပဲ တို့ခနန်း ဆိတ်ခနန်း စားရင်းနှင့်ပင် ထ… စားလို့ပြီးသွားခဲ့သည်။

နေရတာ တစ်ပတ်လောက်အတွင်း သံယောဇဉ်… ထုနှင့်ထည်နှင့်။ ရှေးရေစက်လား၊ ပဋ္ဌာန်းဆက်လား။ အမြဲ…





…လေးတွေမို့ သနား ချစ်ခင် တွယ်တာမိတာက အရှိန် …န် မသေး။

ထမင်းစားသောက်ပြီးတော့ ဧည့်ခန်းသို့ ရွှေ့ကြသည်။ …နှင့်ခေတ်ကတော့ မနက်ဖြန်တစ်ဘာသာကျန်သေးသည်မို့ …ကျက်ရဦးမည်။

ကိုယ့်အခန်းထဲမှာ ကိုယ်ကျက်ကြမှာ။

လွန်းခေါင်နှင့်စိုင်းကောင်းဆက်ကတော့ ထုံးစံအတိုင်း …စောင့်ရမှာ။ မအိပ်မနေ အသက်ရှည်ပေါ့။

သည်နေ့ည စိတ်ထဲမှာထင့်နေသည်။ ညနေက ခြံနှင့် …မကမ်းမှာ ကားတစ်စီးရပ်ထားပြီး မသင်္ကာဖွယ်ရာ မြင်ခဲ့ …သည်။

ကားကမှန်အနက်တွေမို့ အထဲမှာ လူဘယ်နှယောက်ပါ …သိရပေမယ့် လာပြီးလေ့လာထောက်လှမ်းနေတာ။

သူမတို့ကြောက်မှာစိုးလို့ ပြောမပြပေမယ့် သူတို့ (၂) …တ်ကတော့ သည်နေ့ည အထူးစောင့်ရှောက်ရမည်ဖြစ် …ကြောင်း သိနေကြသည်။

ရဲဌာနကိုလည်း ကြိုတင်ပြီး အကြောင်းကြားထားပါ၏။ …စ်ပတ်ကတင် တိုင်ချက်ဖွင့်ထားပြီးသားမို့ သတင်းပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



လွယ်ပါသည်။

"ညနေက ခြံနဲ့မလှမ်းမကမ်းမှာ အနက်ရောင်ကား တစ်စီး နာရီဝက်လောက်ရပ်ပြီး စုံစမ်းထောက်လှမ်းသွားပါတယ် ခင်ဗျာ။ ကျွန်တော်တို့လမ်းထဲ ဖြစ်ဖြစ်၊ လမ်းထိပ်ဖြစ်ဖြစ် ပတ် ယောင်လှည့်စေချင်ပါတယ်"

"ကောင်းပါပြီ ခင်ဗျာ။ သတိထားပြီး ပတ္တယောင် အ နားတစ်ဝိုက်ကို အထူးချထားလိုက်ပါ့မယ်"

ယွန်းနှင့်ခေတ်တို့ စကားပြောနေကြစဉ် သူတို့နှစ်ယောက် က ခြံထဲသို့ မျက်ခြေမပြတ် ကြည့်နေရသည်။ ခြံပြင်ကြည့်လိုက် ခြံထဲကြည့်လိုက်နှင့်။

ည (၁၁) နာရီလောက်ထိ အခြေအနေက မထူးခြား သေး။

ကောင်မလေး (၂) ယောက်၏ အိပ်ခန်းများက အပေါ် ထပ်မှာရှိပြီး ယခုည သူတို့ (၂) ယောက်နေရာယူထားသော အပေါ်ထပ် ဝရန်တာ။

အပေါ်ထပ်မှ မီးငြိမ်းကြည့်နေကြ၏။ ယွန်းနှင့်ခေတ် သူတို့ (၂) ယောက်ကို ထွက်ပြီးနှုတ်ဆက်ကြသည်။

"ယွန်းတို့ အိပ်တော့မယ်။ ကိုကိုတို့ဖို့ ကော်ဖီတစ်အိုး





နဲ့ထွေပြင်ပေးမယ်နော်"

"ရတယ် ညီမလေးတို့ အိပ်။ အိပ်ကြတော့။ မနက်ကျ ရင် ကော်ဆုံးဘာသာ။ အိပ်ရေးဝနေမှ ဖြစ်မှာ"

"အိပ်ရမှာ မျိုးတောင်မကျဘူး။ ငါးပိသည်တောင်း၊ သည်ခွေးတောင်း။ ခေတ်တို့ကိစ္စ ကိုကိုတို့က အိပ်ရေးပျက် နေရတယ်"

"အမလေး အပြောလေးကြားရတာနဲ့ အမောပြေလှပါ ပြီ ကဲ အိပ် အိပ်ကြတော့"

"နေဦး ... ကိုကိုတို့ဖို့ ခေတ် လက်ဖက်သုပ်ပေးမယ်။ ကော်ဖီဖျော်ပေးမယ်။ မုန့်လည်းယူခဲ့မယ်"

"အရမ်းချစ်ဖို့ကောင်းတဲ့ ခေးခေးလေး"

စိုင်းက ခေတ်ပါးလေးနှစ်ဖက်ကို မချင့်မရဲနှင့် ဖွဖွလေး ဆွဲလျှင် ကလေးပါးလေးက အော်ထုတ်လေ၏။

"ကိုကိုနော် မဝယ်ဘဲနဲ့ နှိုက်ပြည်းနေတယ် ဟင်း"

ကလေးမို့ ကလေးစကားပြောပုံလေးက စိုင်းနှင့် လွှန်း တို့ တဟားဟား ရယ်နေရပါ၏။

စိုင်းက ရယ်ရင်းမှပင် –

"ဝယ်မှာ ဝယ်မှာ၊ ခုက စရန်သတ်ရင်း မြည်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမကောင်းဘူး၊ ခြေပါ လက်ပါနဲ့။ ဟင်း မုန်းချင်စရာ"

ကောင်မလေး (၂) ယောက် အောက်ထပ်မီးဖိုဘက်သို့ ဆင်းသွားကြလျှင် ကဲတယ်လို့ပင်ပြောပြော သူတို့ (၂) ယောက် စိတ်မချ။

တော်ကြာ မသမာသူတွေက မြွေလို အိမ်ထဲ လူမသိ သူမသိ ဝင်ခွေနေလျှင် ဒုက္ခပေးမှာ မုချ။

ဥစ္စာရှင်လို ဥစ္စာရင်ခဲ၊ သတိဆိုတာ ပိုသည်မရှိ။

"လိုက်သွားရအောင်ကွာ စိတ်မချဘူး"

စိုင်းကဆိုလျှင် (၂) ယောက်လုံးပင် နေ... ာ်မှလိုက်သွားကြမိသည်။

မီးဖိုထဲမှာ ကောင်မလေး (၂) ယောက် အစားအသောက်တွေ ပြင်ဆင် လုပ်ကိုင်နေတာကို လှမ်းမြင်မရှု စိတ်အေးရတော့သည်။

သြော် ... ဝတ်ကျေ တန်းကျေ မဟုတ်သည့် သံယောဇဉ်အနှောင်အဖွဲ့တွေ။

✹



## အခန်း (၁၂)

တစ်ညလုံး မအိပ်ဘဲ တစ်ယောက်တစ်လှည့်စီ စောင့်...သည်။ အပေါ်ထပ် ဝရန်တာမှာ ပန်းပင်တွေကွယ်ပြီး ခြံပြင်...ကို ကြည့်နေရတာ။

အရပ်လေးမျက်နှာပေါ့။

ည (၁) နာရီလောက်ထိ အခြေအနေက မထူးခြားသေး။ ...တ် အိပ်ရေးပျက်နေရတာမို့ လွန်းခေါင် အနည်းငယ် ငိုက်...မိသည်။

စိုင်းကတော့ သူဂျူတီပြီးတာမို့ စိတ်ချ လက်ချ အိပ်နေ...သူမှာသာ။

စောစောကလည်း (၁၁) နာရီကျော်သည်အထိ အိပ်မရ။ ...ာ (၁) နာရီထိ စောင့်ပြီးသည်နှင့် အိပ်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"(၃) နာရီကျ ငါ့ကိုနှိုး" ဆိုပြီး ချက်ချင်းပင် အိပ်ပျော် သွားတော့တာ။ အပေါ်ထပ် ဧည့်ခန်းထဲမှာ ဆိုဖာအရှည်ပေါ် ခြေပစ်၊ လက်ပစ်။

လွှမ်းခေါင် ခြံပြင်ကြည့်လိုက်၊ ခြံထဲကြည့်လိုက်နှင့် ကြည့်နေရာမှ မတ်တပ်ပင် ငိုက်ခနဲ။

နားထဲ အသံတစ်ခုကြားလိုက်သဖြင့် သူ ဆတ်ခနဲ နိုးသွားတော့ သူ့ရှေ့မှာ လူ (၃) ယောက်။

"ဟာ စိုင်း"

သူ့အသံက ငယ်သံတောင်ပါသွားသလား မသိ။ စိုင်း ကလည်း အအိပ်ဆတ်သူမို့ နိုးလောက်ပါသည်။

သကောင့်သား (၃) ယောက်က သူ့ထံ ဝိုင်းလာပြီး တိုက်ခိုက်ကြစဉ် သူကလည်း အတတ်နိုင်ဆုံး တုံ့ပြန်လို့။

"အား"

ရန်သူက ဓားတွေနှင့်မို့ သူ့နံကြားမှာ ပူခနဲဖြစ်သွားပြီး နောက်မှ စိုင်းရောက်လာသဖြင့် ရန်ပွဲက များသွားသည်။

သကောင့်သား (၃) ယောက် အထိနာစွာနှင့် ပြန်လည် ဆုတ်ခွာထွက်ပြေးသွားကြတော့ သူ မလိုက်နိုင်တော့။

စိုင်း ရန်သူတွေနောက်သို့ တရကြမ်းလိုက်မည်ပြင်တော့





သူ ဆွဲထားရသည်။

"မလိုက်နဲ့၊ သူတို့က (၃) ယောက်။ မင်းက တစ်ယောက်တည်း။ အပြင်မှာ ပတ္တယောင်နဲ့တိုးချင်တိုးလိမ့်မယ်။ အား ကျွတ် ကျွတ်"

"ဟာ ... လွှမ်းခေါင်၊ မင်းမှာ သွေး သွေးတွေ"

ဆူဆူညံညံအသံများကြောင့် ကောင်မလေး (၂)ယောက် နိုးသွားပြီး ပြေးထွက်လာကြ၏။

"ဟင် ... ကိုကို ကိုကိုလွှမ်းခေါင် အမလေး"

"ဘာမဖြစ်ဘူး။ ဘာမဖြစ်ဘူး။ ရုပ်ထိရုံလေးရယ်။ အိပ် အိပ်၊ ကိုကိုတို့ဘာသာ ရှင်းနိုင်တယ်"

"ဪ ... ဘယ်လိုလုပ်အိပ်နိုင်မလဲ။ လူဆိုးတွေရော။ လည်း ဦးဝေချကြီးလက်ချက်ပဲဖြစ်မှာပါ။ ယွန်းတို့ ဒီလို တစ်ခါ မဖြစ်ဖူးပါဘူး။ ခုဟာက အတွင်းစည်းကိုပေါက်နေတာ"

"လူဆိုးတွေတော့ ဆင်းပြေးပြီ။ ကိုကို ဒဏ်ရာရလို့ တ်မလိုက်တော့တာ"

"ယွန်း ဆရာဝန်ဆီ ဖုန်းဆက်ပေးမယ်။ ဒီရပ်ကွက်ထဲ ဆရာဝန်ရှိတယ်။ ပင့်လိုက်မယ်"

ခေတ်ယွန်းပင် ဆရာဝန်ထံဖုန်းဆက်ပြီး အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြား၏။ နောက် မျက်စိမျက်နှာပျက်ပျက်နှင့် လွန်းခေါင်၏ ဒဏ်ရာကို အဝတ်နှင့်ဖိပေးထားသည်။

"ကိုကို ငြိမ်ငြိမ်နေနော်။ သွေးထွက်တွေလွန်ကုန်မယ်။ ကိုစိုင်း ခြံထဲဆင်းပြီး ဆရာဝန်ကြို့ပါ။ ခေါ်လာခဲ့ပါ"

"ခေတ် ...လာ ကိုကို့နောက်လိုက်ခဲ့"

စိုင်းက ခေတ်ကိုလက်ဆွဲပြီး ခြံဝသို့ ဆရာဝန်ကြိုရန် အောင် ဆင်းသွား၏။ ဧည့်ခန်းထဲမှာ လွန်းခေါင်နှင့်ယွန်း။

ယွန်း လွန်းခေါင်အတွက် အရမ်းစိုးရိမ်နေမိ၏။

"ကိုကို အရမ်းနာနေလားဟင်။ ဆရာဝန်လာတော့မှာ ပါ။ ကိုကို မလှုပ်နဲ့နော်"

သူ့လက်များကို ကိုင်ထားရင်း သူမ တတွတ်တွတ် ပူပန်နေဆဲ။ ဆရာဝန်ရောက်လာ၏။ အကျိုးအကြောင်းရှင်းပြပြီး ဆရာဝန် ဆေးကုပေးတာကို စိုင်းကြည့်နေရသည်။

"နံကြားမှာ ဒဏ်ရာမနက်ပေလို့ပဲ။ နို့မို့မလွယ်ဘူး"

ဆရာဝန်က ဓားဒဏ်ရာကို အစိမ်းချုပ် ချုပ်နေစဉ် လွန်းခေါင် မျက်စိမှိတ်ပြီး အံကြိတ်ခံနေရသည်။ ယွန်း သူ့လက် ကို ဆုပ်ကိုင်ထားတာမို့ ယွန်း လက်တလေးကို သူ ဖျစ်ညှစ်ထား မိသည်။





ဆေးကုသပေးပြီး ဆရာဝန်ပြန်တော့ သည်တစ်ခါ စိုင်း တစ်ယောက်တည်း လိုက်ပို့၏။

"ညီမလေးတို့ အိပ်,အိပ်ကြ။ မနက် စာဖြေရဦးမှာ။ ခေါင်းတွေမူးနေမယ်"

"စိတ်မကောင်းလိုက်တာ ကိုကိုရယ်။ ဒီလူကြီး လက် ချက် နေမှာပါ။ ယွန်းတို့ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ ဘူး"

"နောက်မှ စဉ်းစားကွာ။ ခုအိပ်လိုက်ကြတော့။ ဒီကိစ္စ အည်း မနက်ကျမှ ရဲစခန်းမှာ တိုင်ချက်ထပ်ဖွင့်မယ်။ ဒီခြံနဲ့တိုက် ကိုလည်း အရောင်းမခံနိုင်ကြောင်း၊ ကန့်ကွက်ကြောင်း၊ မနက်ကျ သတင်းစာကနေ သွားပြီးထည့်မယ်။ ဒါမှ လွယ်လွယ်နဲ့ မဝယ်ရဲ အောင်"

"ကောင်းတယ်။ ကိုကိုက အနာနာနဲ့တော့။ ယွန်းတို့ အိပ်လို့ တရားပါ့မလားဟင်"

"ရတယ် ... ရတယ် အိပ်။ ခုညတော့ ထပ်မလာတော့ ဘူး။ တံခါးတွေ သေချာပိတ်ပြီး ကိုကိုတို့ စောင့်အိပ်လိုက်မယ်"

စိုင်းလည်း ပြန်တက်လာပြီမို့ ကောင်မလေး (၂)ယောက် ကိုယ့်အခန်း ကိုယ်ဝင်ခါ ပြန်အိပ်ဖို့ ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ (၂) ယောက်မှာ ကြိတ်မရ ခဲမနိုင်။ လူဆိုး တစ်ယောက်လောက် ဖမ်းမိလျှင် အကောင်းသား။ ယခုတ တစ်ယောက်မှ မဖမ်းမိ။

တွေ့ကြသေးတာပေါ့ကွာ။



## အခန်း (၁၃)

“တောက်”

သတင်းစာကြော်ငြာကိုကြည့်ပြီး ဦးဝေဠု ကြိတ်မနိုင် ခဲမရဖြစ်နေရသည်။

သူတို့၏တိုက်နှင့်ခြံကို အရောင်းအဝယ်ပြုလုပ်လျှင် ကန့်ကွက်မည်ဖြစ်ကြောင်း။

အိမ်အမည်ပေါက်သူဟာ သူမတို့ညီအစ်မသာဖြစ်ကြောင်း။

ရှေ့နေတွေ၊ တရားသူကြီးတွေနှင့်ကို ကြော်ငြာထားတာ။ ခြလုမ်းကတော့ ကျဲပြီ။

ဦးဝေဠု လောလောဆယ် အကြံပင်ထုတ်လို့မရတော့။ ကြည်လင်ဖြူကိုလည်း အကြမ်းမဖက်ရဲ။ သူ အကြမ်းဖက်



www.burmeseclassic.com

လိုက်သည်နှင့် အိမ်ပေါ်ကဆင်းသွားမှာ သေချာသည်။

ခေါ်တော့မေးဦးမှ။

"ဖြူရေ ... ဖြူ၊ ဒီကိုခဏလောက် လာပါဦးကွ ဒီမှာ ဖြူ့သမီးတွေ မိုက်ရိုင်းနေကြတာတွေ လာကြည့်ပါဦး"

ဒေါ်ကြည်လင်းဖြူ သမီးတွေဆိုသဖြင့် မီးဖိုဘက် အပြေးလေးထွက်လာတော့ ဦးဝေချူက သတင်းစာကိုထိုးပြသည်

"အဲဒီမှာ လူကြီးတွေက လက်နဲ့ရေးသမျှ သူတို့ ခြေနဲ့လိုက်ဖျက်နေတာ။ တိုက်နဲ့ခြံရောင်းရင် ကန့်ကွက် သူတို့အမည်ပေါက်တာတဲ့"

"ဟုတ်လား ဖြူ၊ တိုက်က သူတို့အမည်နဲ့လား။ ဖြူ မဆိုင်ဘူးလား။ ဖြူက ဘာမှ အရေးမပိုင်ဘူးလား"

ဦးဝေချူစကားက သွားအမိချင်း သပ်လျှိုနေပေ ဒေါ်ကြည်လင်းဖြူ သူ့သဘောထားကိုသိနေပြီမို့ သမီးတွေဘက် ပါသည်။

"သူတို့အဖေက သမီးတွေရှေ့ရေး စိတ်အေးရအော သမီးတွေနာမည်နဲ့ လွှဲပေးခဲ့တာ။ ဖြူ့အတွက်က ဘာမှ သလဲ။ သမီးတွေက ဖြူ့ကိုပစ်ထားမှာမှ မဟုတ်တာ"

"ခုပဲ ပစ်ထားပြီလေ"





"ကိုနော် ... စကားကိုပြောင်းပြန်ဖြစ်အောင် မပြောနဲ့။ ကသာ သမီးတွေကိုပစ်ထားခဲ့တာပါ။ နေစမ်းပါဦး ရှင်က တိုက်နဲ့ခြံကို ဘာဖြစ်လို့ အရမ်းရောင်းချင်နေရတာလဲ။ ကလေး တွေရဲ့ပစ္စည်းကို"

သူမ၏မေးခွန်းကြောင့် ဦးဝေချူ ဒေါသထွက်သွားပြီးမှ ငြိမ်းချိုသိပ်ရ၏။

"ဖြူကလည်းကွာ။ ကို ဘယ်နှခါရှင်းပြရမလဲ။ မင်း သက်ကျားရဲ့ အကြွေးတွေ ရှင်းရပါမယ်ဆိုမှ။ အဲဒီတိုက်က ပင်ထားတာ။ အပေါင်ခံတဲ့သူက ကို့မျက်နှာနဲ့သည်းခံနေတာ။ သူတို့ကို ကိုက တောင်းပန်ထားတာ။ ရှင်းရှင်းပြောရရင် ကို့ မျက်နှာ၊ သမီးမျက်နှာနဲ့သည်းခံနေတာ။ ကြိမ်းသေကိုရောင်းပြီး ဆပ်ရမှာပဲ"

"ရှင်ပါးစပ်ကပဲ လျှောက်ပြောမနေနဲ့လေ။ သမီးတွေ သလို စာချုပ်ပြလိုက်။ သူတို့က စာချုပ်အတုအစစ် ခွဲလိမ့် မယ်"

"အံမာ ... မင်းကပါ မင်းသမီးတွေဘက်ကပေါ့လေ"

သည်အရေးကိစ္စကြောင့်ပင် အိမ်တွင်းရေးကမသာယာ။ ဒေါ်ကြည်လင်းဖြူ တကယ်ပင်နှောင်တရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ညှံ့လွန်းလို့ သည်လိုဘဝရောက်ရတာ။ အ
တုန်း သမီးတွေနှင့်အတူ ပူးပေါင်းမှုဖြစ်မည်။

လောလောဆည်တော့ မီးဖိုဘက်ပင် ပြန်သွား
သည်။ သမီးတွေထည့်သည့် ကြော်ငြာမှာပါသော ရွှေ
တရားသူကြီးတွေက တကယ့်ကိုဝါရင့် သမ္မာရင့်တွေ။

ဘယ်လိုအဆက်အသွယ်နှင့် ချိတ်မိသည်မသိရ
လည်း ဦးဝေဠု ဖြုန်နေတာ အသေအချာ။ သူက ကလိမ်က
မို့ အမှန်တရား၏ ဘက်တော်သားတွေနှင့် ရင်မဆိုင်ရဲ

ဘဝဟာ တစ်ကွက်မှားသည်နှင့် သာယာကြည်နူး
မရှိတော့။ ဒေါ်ကြည်လင်းဖြူ နောင်တများနှင့် ကိုယ့်ဘဝ
သမီးတွေရဲ့ဘဝကို အဖတ်ဆည်ဖို့သာ ကြိုးစားရတော့မည်

✸



## အခန်း (၁၄)

စာမေးပွဲဖြေပြီးသွားပြီမို့ ယွန်းနှင့်ခေတ်တို့ညီအစ်မ
အပြင်ထွက်စရာမလိုတော့။

စိုင်းက သူမတို့ညီအစ်မကို ရာဇသံပေး၏။

"နင်တို့နှစ်ယောက် အိမ်လိုက် စားလိုက်နဲ့ အလကား
ထားနိုင်ဘူး။ ကွန်ပျူတာ သင်ရမယ်။ ဆန်ကုန်မြေလေး အဖြစ်
ခံနိုင်ဘူး"

ခေတ်က စိုင်းဘာပြောပြော ဟုတ်ကဲ့ကိုကိုဆိုပြီး နာခံ
ခွင့်ပေမယ့် ယွန်းကတော့ မျက်စောင်းထိုး၏။

"သူကျွေးထားရတာကျနေတာပဲ။ နားမလို့ပါဆို"

"မနားရဘူး။ ကွန်ပျူတာသင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တတ်ပြီးသား။ ခေတ်လူငယ်တိုင်း ကွန်ပျူတာ ...
တယ်"

"သဘောလောက်တတ်တာ မလိုချင်ဘူး။ ဆရာ ...
ဆူဖြစ်တဲ့အထိ တတ်ရမယ်"

"အံမာ ကွန်ပျူတာတတ်တော့ရော ထမင်းစား...
ကျနေ"

"စားရမှာပေါ့။ ငါ့ကျောင်းမှာ ဆရာမ ပြန်ခန့်မယ်"

ယွန်း အတိုက်အခံလုပ်နေပေမယ့် ခေတ်ကတော့ ...
လေးလို အမြီးကိုနန့်လို့။

"ညီမလေးသင်မယ်ကိုကို၊ ဘယ်မှာသင်ရမှာလဲ။ ...
တော့သင်ရမှာလဲ"

"ကိုကို သင်တန်းတွေ ပြန်ဖွင့်ရတော့မယ်။ သင်...
နားထားတာ (၂) ပတ်တောင်ရှိပြီ"

"ဟင် ...ကိုကို တစ်လနေပေးမှာဆို"

ငိုမဲ့မဲ့လေးနှင့် ခေတ် မော့မော့လေးမေးလျှင် ...
အရည်ပျော်ရ အသည်းကြွေရသည်။

"ခါတိုင်းက သင်တန်းတစ်ခုနဲ့တစ်ခုကြား တစ်...
လောက်ပဲ ခွာတာ။ အခု ကိုကို့အဆက်အသွယ်တွေ၊ ကို...





...မယ့်သင်တန်းသားတွေ သူများဆီရောက်ကုန်လိမ့်မယ်။
...ကို ဒီကနေ့ပဲ သင်တန်းကိုသွားမှာ။ ညီမလေးတို့ကိုပါ ခေါ်သွား
...မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ကိုကို့မျက်စိအောက်မှာပဲ
...ပြီး စောင့်ရှောက်မှာလေ"

လွန်းခေါင်ကတော့ စိုးစိုးရိမ်ရိမ်။

"ဖြစ်ပါ့မလား စိုင်းရာ။ ငါတို့က လူကြီးသူမတွေပုံစံနဲ့
...တို့ကိုစောင့်ရှောက်နေရတာ။ လူငယ်ပုံစံပြန်ချိုးရင် သူတို့လေး
... သူများကဲ့ရဲ့စရာ ဖြစ်နေပါ့မယ်"

"အဘိုးကြီးပုံစံနဲ့ပဲသွားမှာပါကွာ။ ဟိုရောက်မှ လူငယ်
... ပြန်ပြောင်းမယ်"

"ပြီးတော့ သူတို့ကို ဦးဝေဠုကြီးက အနှောင့်အယှက်
... ပေးချင် သတ်ပစ်ချင်နေသလားမသိတာ။ အပြင်ရောက်ရင်
...ပေးရ လွယ်နေဦးမယ်"

"မင်းလိုသာ ကြီဖန်ကြောက်နေရင် လောကကြီးထဲ
...ရာတောင် မရှိတော့ဘူး။ လွန်းခေါင် မင်းရော ဘာအလုပ်မှ
...ပ်တော့ဘူးလား"

"မလုပ်သေးပါဘူးကွာ။ နောက်ဆုံးတစ်နေ့ကျမှ ရွာပြန်
... ယာလုပ်မယ်။ အမေတို့ပေးစားမယ့်အညာသူလေးကို ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်အတွက် မျိုးဆက်သစ်တွေ တစ်ဒါဇင်လောက် မွေးပေး
လိုက်မယ်''

သူက ခွေးခွေးငင်ငင်နှင့် စိတ်ချဉ်ပေါက်စွာ ပြောလိုက်
ပေမယ့် ခေတ်ယွန်းအိမ် အသည်းဆတ်ဆတ်ခါအောင်နာသွား
သည်။

သူက ယုယမျက်နှာနဲ့ ငါတို့ကို မကောင်းတတ်လို့ လာ
ပြီး စောင့်ရှောက်နေတာကိုး။ သူမှာ ယူစရာမိန်းကလေး ရှိပြီး
သား။ ငါတို့ ဆင်ခြင်ရမယ်။

သဒ္ဒါတဲ့ဆွမ်း၊ တန်ရုံရုပ်တဲ့။

တော်သင့်ပါပြီ။

လူဆိုတာ သေမျိုးပါပဲ။ တစ်ဘဝမှာ တစ်ခါတော့ သေ
ရမှာပါပဲ။

ပထွေးသတ်လို့ သေချင်လည်းသေပါစေ။

ပထွေးဒုက္ခပေးလို့ ခါးစည်းခံရရင်လည်း ခံရပါစေတော့
နံနက်လက်ဖက်ရည်ဝိုင်းမှာ သဘောထားတွေ တင်းမာ
နေကြတာပါ။

ခေတ်ယွန်း တည်ငြိမ်စွာနှင့်ပင် လွန်းခေါင်ကို ရင်ဆိုင်
လိုက်သည်။





''ကိုလွန်းခေါင်တို့ကို အားနာလှပါပြီ။ သတင်းစာကနေ
လွန်းခေါင်တို့နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ရှေ့နေတွေ၊ တရားသူကြီး
တွေနဲ့ စိတ်ယူပေးထားတဲ့အတွက် ဦးဝေဠုကြီး လွယ်လွယ်မလှုပ်
နိုင်တော့ပါဘူး။ ယွန်းတို့ညီအစ်မ ကိုယ့်ဘာသာရပ်တည်လို့
ရပြီ''

လွန်းခေါင် မျက်မှောင်ကြီးကျုံ့ပြီး ဝိုင်းကတော့ လက်ထဲ
နှင့်ချပ်လေးပြုတ်ကျသွားရ၏။

''ဘာလဲ၊ နင်က ငါတို့ကိုနှင်တာလား။ မလိုတော့ဘူး
ဆိုပြီး ကျွေးမထားချင်တော့ဘူးလား''

''အေးလေ၊ ငါတို့နေပေးတဲ့နှစ်ပတ်အတွင်း ဦးဝေဠုလူ
တွေ လာပြီးနှောင့်ယှက်တာ (၂) ကြိမ်ရှိပြီ။ ငါတို့က ဘယ်လိုလုပ်
စိတ်ချလက်ချ ထားခဲ့နိုင်မလဲ။ သံယောဇဉ်က တွယ်မိပြီလေ''

ခုတ်ရာတခြား ရှရာတလွဲ။ အခြေအနေက တစ်မျိုးဖြစ်
သွားရ၏။ ယွန်းကပဲ အလိုမရှိလို့ ပြောသည့်အခေါင်။

''မမကလည်း ကိုကိုတို့မရှိဘဲ ခေတ်တို့ ဘယ်လိုနေရမှာ
လဲ။ ဦးဝေဠုကြီးကဖြင့် ခေတ်တို့ကို သတ်ပစ်ချင်လို့လား။ စာရွက်
စာတမ်းတွေပဲလိုချင်လို့လားမသိ။ လာလာ နှောင့်ယှက်နေတာ''

''ဒါဆို ... ငါတို့က သူတို့ကို ဘယ်အချိန်ထိ အလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းဆိုးမသိ ခေါ်ထားမှာလဲ။ တစ်ယောက်ကလည်း သင်တ ပြန်ဖွင့်ချင်နေပြီ။ နောက်တစ်ယောက်ကလည်း အညာပြန်ပြီး မိန်းမ,ယူချင်လှပြီလေ''

သည်တော့မှ ခေတ်ယွန်းရင်ထဲ ဂျောဝင်နေတာ လွှ ခေါင် ကောင်းကောင်းသိလိုက်ရသည်။

သည်ပြဿနာကို ငြင်သာစွာကိုင်တွယ်ဖြေရှင်းရမှာပါ တစ်ဖက်မှ အမေကလည်း မလွယ်။

ယာလည်း ညက်စေ၊ ပျားလည်း စွဲသာ။

မည်သူမှ အနာတရမဖြစ်စေချင်ပါ။

အင်း . . . သုဝဏ္ဏသာမဇာတ်တော်ထဲ ~ ္ကို သားရှေ ထမ်းအောင်ပဲ လုပ်ရမှာ။

''ယွန်းရယ် . . . ကိုကိုတို့စေတနာတွေကိုတော့ သဲ ရေသွန် အလွဲသုံးစားမလုပ်ပါနဲ့။ ညီမတို့ကို ကိုကိုတို့ ခလုတ်ငေ ဆူးမငြိရအောင် စီစဉ်ပေး၊ စောင့်ရှောက်ပေးသွားမှာပါ။ မိန်း လည်းမယူပါဘူး''

''ကိုကိုစိတ်ကူးထားတာ ပြောပါရစေဦး''

''ပြော''

''မေမေက ကိုကို့ကို ရွာခဏပြန်လာစေချင်တာ။





အားလုံး အပန်းဖြေခရီးအဖြစ် သွားကြမယ်လေ။ တိုက်ပိတ်ပစ်ခဲ့။ အရေးကြီးစာရွက်စာတမ်းတွေကို လုံခြုံအောင် ဝှက်ပစ်ခဲ့''

လွှန်းခေါင်ဖိတ်ခေါ်နေပုံက စိတ်ပါလက်ပါ။ အမေ့ထံ ခေတ်ယွန်းအိမ်ကိုခေါ်သွားပြီး ပြချင်သည်။ အမေ သဘောကျ ပါ။

သူ့အညာသူမလေးထက် ပိုပြီး လိမ္မာယဉ်ကျေးကြောင်း ရမည်။ မြို့သူလေးမို့ အရာရာ တတ်သိနားလည်ပြီး ရည်မွန် ယဉ်ကျေးနေတာလည်း အရည်အချင်းတစ်ခုပါပဲ။

''အို . . . အိမ်ကိုစိတ်မချပါဘူး။ အိမ်ကိုမထားခဲ့နိုင်ပါဘူး။ ပြီးတော့ ကိုကို့နောက်လည်း မလိုက်ရဲပါဘူး။ တချို့မိဘတွေက ကိုယ့်သားနောက် မိန်းကလေးတွေလိုက်လာရင် သူတို့သားကို ကြိုက်လို့ ပိုးပန်းပြီးလိုက်လာတယ်လို့ ထင်တတ်ကြတယ်''

''ကိုယ်မဟုတ် ပြီးတာပဲကွာ''

နောက်ဆုံး နန်းနုဆွေနှင့် ယုယဝင်းခင်တို့လည်း လိုက် ည်ဆိုခါမှ သူမတို့ကို ခေါ်လို့ရတော့သည်။

''တိုက်တော့ပိတ်ခဲ့ပေါ့ကွာ။ (၂) ရက် (၃) ရက်ပဲ ကြာမှာပါ။ ငါတို့ရွာက ပခုက္ကူနယ်ထဲမှာ''

''တောဆိုတော့ ပျင်းစရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"မတောပါဘူးဟာ။ ရွာကြီးပါ။ အထက်တန်းကျောင်းလည်းရှိတယ်။ တိုက်နယ်ဆေးရုံရှိတယ်။ စျေးရှိတယ်။ လျှပ်စစ်မီးရှိတယ်"

"ပဟောဋ္ဌိဖွက်နေရပြန်ပါပြီ"

"အိပ်မက်ထဲက ရွာကလေး၊ သီချင်းထဲကလို အရာရာပါဖက်ဖြစ်နေတဲ့ရွာ"

"အမလေး ဒီလောက်နှစ်သက်နေရင်လည်း ရွာပြန်ပြီးအညာသူ ယူ၊ ယာလုပ်ပေါ့"

"ကိုယ့်ဇာတိရွာမို့ ချစ်တာပါ။ မိဘတွေရှိနေလို့ ချစ်တာပါ။ နေဖို့တော့ စိတ်မကူးပါဘူး။ ကိုယ့်ချစ်သူလေးက ရွာမှာပျော်မှာမဟုတ်ဘူးလေ။ ကိုယ့်စီးပွားရေးကလည်း ဒီမှာပဲ အခြေချရမှာ။ သားတွေရရင်တော့ ရွာပြန်ပြီး ရှင်ပြုရမှာပေါ့ကွာ။ ကိုယ့်ရွာတိုးတက်ရေးအတွက် ပြန်ပြီးလှူရ တန်းရမှာပေါ့ကွာ"

တစ်ထိုင်တည်းနှင့်ပင် သားတွေရ၊ ရှင်တွေပြုနေသည့်လွန်းခေါင်အား စိုင်းကောင်းဆက်က တဟားဟားရယ်ရင်း အားပေးသည်။

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး။ နှုတ်ခမ်းနာနဲ့တည့်နေတဲ့ကောင်ပဲ။ အင်း ငါ့သက်လှယ်ကတော့ ငယ်





တယ်။ နောက်ထပ် (၂) နှစ်လောက် စောင့်ရဦးမယ်"

"ကိုကို ဘယ်သူ့စောင်းပြောတာလဲ"

ခေတ်က မျက်နှာလေးရှက်သွေးဖြာနေလျှင် စိုင်း ချစ်ဖြစ်ရလွန်းပါဘိ။ ပါးစပ်ထဲသာ ကောက်မျိုပစ်လိုက်ချင်ပါဘိ။

"မစောင်းရဲပါဘူးဗျာ။ ကြောက်ပါတယ်၊ လေးစားပါယ်"

"ဟင်း သိပါတယ်နော်။ ကိုကိုတို့ (၂) ယောက်လုံးယူချင်နေတာ တစ်ပိုင်းသေနေကြမှန်း သိပါတယ်"

"တစ်ပိုင်းတော့ မသေပါရစေနဲ့ကွာ။ သေမယ့်သေည်း တစ်ကိုယ်လုံးပဲ သေပါရစေ"

"ဟော့ ဟော့ ... စကားပြောတာ ဦးတည်ချက်မပျောက်နဲ့၊ နန်းနုဆွေရော ယုယဝင်းခင်ရော (၂) ယောက်စလုံးကြမှာ။ ညည်းတို့ ကြီးကျယ်မနေကြနဲ့။ ကိုကို မနက်ဖြန့်လိုက်မယ်။ သန်ဘက်ခါ အညာပြန်ကြစို့"

လွန်းခေါင် စကားကို အပိတ်ပြောလိုက်တော့ ယွန်းဝေသွားရသည်။ အုပ်စုလိုက်သွားမှာဆိုတော့လည်း ငြင်းလို့ာင်း။ သူတို့က ကိုယ်တွေကိုအလကားပဲတင်း လာပြီးင့်ရှောက်ပေးနေကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"(၂) ရက်လောက်တော့"

"(၂) ရက်နဲ့ ဘယ်ရမလဲ။ ယွန်းရယ် ဒီမှာ ဘာ လွမ်းစရာ ရှိလို့လဲ။ တို့အညာကမှ ပျော်စရာကောင်းဦးမယ်"

"လက်စနဲ့ ကျောက်မဲထိပြန်ကြမယ်လေ။ ငါလည်း အိမ်ပြန်မရောက်တာကြာပြီ"

စိုင်းကောင်းဆက်က ထပ်ပြီးတောင်းဆိုနေလျှင် သည်တစ်ခါ အော်ထုတ်သူက ခေတ်။

"အံမာ ... သူတို့ကိုယ်သူတို့ ခွေပြမျိုးပြများ လျှောက်သွားနေကြတယ်ထင်နေသလားမသိဘူး။ တော်ပြီ အညာပဲသွားမယ်။ ကိုကို့အိမ်က နောက်မှသွားကြမယ်"

"အေးပါ ... အေးပါ၊ နင်တို့ တော်တော်မျက်နှာလိုက်ကြ"

စိုင်းကောင်းဆက် စိတ်တိုသွားပြီး လက်ဖက်ရည်ဝိုင်းမှထသွားတော့ ခေတ် အပြေးလေးလိုက်သွားတာကြောင့် ယွန်း မျက်လုံးပြူးနေရ၏။

"ဒုက္ခပဲ ဒီကောင်မလေးတော့ ကိုစိုင်းကို တကယ်ကြွေနေပြီထင်တယ်"

"ကြွေတော့လည်း ကောင်းတာပေါ့ကွာ။ နှလုံးသား





ထဲက အမုန်းအကန် မေတ္တာစေတနာတွေ ရောင်ပြန်ဟပ်တာပေါ့"

"အို ... ကိုကိုဘာသိလို့လဲ။ ခေတ်က ကလေးရှိသေးတာ။ ဘာမှနားမလည်သေးပါဘူး"

"မပူနဲ့၊ သူ့အရွယ်ဆို သူများတွေ ရည်းစား (၁၀) ယောက်လောက်ထားပြီးကုန်ကြပြီ"

"သူများတွေက သူများတွေ။ ခေတ်က ကလေးလိုနေတာ။ ကိုစိုင်းကို သူ အရူးအမူးတွယ်တာသွားရင် ဘယ်ကောင်းမလဲ။ ဟိုကလူကြီး၊ အရွယ်ရောက်နေပြီ။ ဒီလို မလောက်လေးမလောက်စားလေးကို ဘယ်စိတ်ကူးမလဲ"

"ဒါ သူတို့ကိစ္စပါ။ စိုင်းက လူယုတ်မာလည်းမဟုတ်ဘူး။ ဆရာကြီးလည်း မဟုတ်ဘူး မပူနဲ့"

ယွန်း လွန်းခေါင်ကို မျက်စောင်းလေးထိုးရင်း လက်ဖက်ရည်ဝိုင်းကို သိမ်းဆည်းနေ၏။

နေ့လယ်စာနှင့်ညစာအတွက် ချက်ရ ပြုတ်ရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ခြံဝင်းထဲဆင်းသွားသည့် စိုင်းကောင်းဆက်နောက် ခေတ် အပြေးလေးလိုက်သွားမိသည်။ ဓါဝန်လေးတလွင့်လွင့် ခေတ်အသွင်က အရုပ်ကလေးနှယ်။

"ဘာလို့စိတ်ဆိုးတာလဲ၊ ခေတ်တို့ ကိုကိုခေါ်ရင်လည် လိုက်မှာပါ။ မေမေ့ကိုလှမ်းခွင့်တောင်းမယ်။ ကိုကိုလွှန်းခေါ် အိမ်ရောက်ပြီးရင် ကိုကို့အိမ် ဆက်သွားဖို့ မမကို ခေတ်ပြော မယ်"

"နေပါစေတော့ကွာ။ စိတ်မပါလည်း မလိုက်ကြ တော့။ ကိုကိုက ခေတ်တို့အတွက် အရေးမပါ ပါဘူး"

"ပါပါတယ်ကိုကိုရာ။ အတူတူအရေးပါတာပဲ ခေတ်တို့ဘဝက ကိုကိုတို့စောင့်ရှောက်နေရတာလေ။ ကို ငြိုငြင်တာလည်း မခံယူရဲပါဘူး"

"ချစ်လို့ မဟုတ်ဘူးပေါ့။ အားကိုးနေရလို့ပေါ့ လား"

"ကိုကိုကလည်း ဘာတွေပြောမှန်းမသိဘူး။ ခေ သိတာ ကိုကို စိတ်ဆိုးသွားမှာစိုးတာပဲသိတယ်။ စိတ်မဆိုးနဲ့ နော်။ ကိုကို့ကိုလည်း အရေးထားပါတယ်"





ကလေးလေးလို လိုက်ချော့နေသည့်ကောင်မလေးဟာ သူနှင့် ပဝါတစ်ကမ်း လက်တစ်လှမ်းပါ။

သူမ၏လက်ကလေး (၂) ဖက်ကို နောက်ပစ်ပြီး စိုးစိုး နိမ့်ရှိမ့်လေး ထုချေလွှာတင်နေပုံမှာ သနားကရုဏာသက်စဖွယ်။

သူ ကောင်မလေးထံမှ အကြင်နာစကားတွေကိုထပ်ပြီး ကြားချင်ပါသေးသည်။

"ကိုကို စိတ်ဆိုးပြီးထွက်သွားရင်ရော ညီမလေးက ကြည့်နေမှာပဲလား။ ဒီလူကြီး သွားပါစေဆိုပြီးတော့လေ"

သူ သည်လိုရစ်တော့ ကောင်မလေး၏ မျက်နှာလေးက ငိုတော့ ပြုတော့မလို။

"ခု ခေတ် ကိုကိုထွက်သွားမှာစိုးလို့ လိုက်ချော့ လိုက် တားနေမိတယ်လေ။ မိန်းကလေးသိက္ခာ၊ မိန်းကလေးမာနကို အသာထားပြီး လိုက်ချော့တယ်။ ဒီကြားထဲကမှ ကိုကိုထွက်သွား မယ်ဆိုရင်လည်း ခေတ် ခေတ် ငိုကျန်နေခဲ့ရရုံပေါ့"

ပြောရင်းမှ မျက်ရည်ကြည်လေးတစ်ပေါက် ပြုတ်ကျ လာတော့ သူ ကောင်မလေးကို ဆက်ပြီးမရစ်နိုင်တော့ပါ။

"အလကားစတာပါကွာ။ ကိုကို မထားခဲ့နိုင်ပါဘူး။ ခေတ်တို့ကို ကိုကိုက အဆင်ပြေတဲ့အထိ၊ အန္တရာယ်ကင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အဖြူအမည်းကွဲတဲ့အထိ သေချာတဲ့အထိ နေပေးသွား
ပါ''

ခေါင်းလေးညိတ်ပြီး သူကလေး အိမ်ထဲပြန်ပြေးသွား
မှာ သူ့အနားသို့ လွန်းခေါင်ရောက်လာ၏။ သူ့ရုပ်ကလည်
မကြည်မလင်။

''မနက်ဖြန်ခရီးထွက်ဖို့သာ ပြင်တော့ကွာ။ ဦးဝေ
ပိုးစိုးပက်စက်တော့ မကြီးရဲလောက်ပါဘူး။ ငါတို့လည်း အစွမ်း
သမျှ သတင်းစာကနေ ကာပေး ကြော်ငြာပေးထားတယ်''

''မင်းထည့်ထားတဲ့ ရွှေနေတွေ၊ တရားသူကြီးတွေ
ရော မင်း သူတို့ကိုခွင့်တောင်းရဲ့လား။ သူတို့နာမည် အ
သုံးစားလုပ်ပါတယ်ဆိုမှ ရှင်းမရ ဖြစ်နေမယ်''

''ပိုင်ပါတယ်ကွာ။ တရားသူကြီးက ငါ့ဦးလေး၊ ရွှေ
က အစ်ကိုဝမ်းကွဲ။ သူတို့ကိုအကြောင်းကြားပြီးသားပါ။ လို
ရင် သူတို့ဆီက အကာအကွယ်ယူရဦးမယ်''

''အေးပါ ... ဒါဆိုလည်း ပြီးပါတယ်။ ငါတို့တွေအား
လှုပင်ပန်း၊ စိတ်ပင်ပန်းနေကြတာ၊ အပန်းဖြေခရီးလေးအ
အညာပြန်ကြတာပေါ့ကွာ။ အခြေအနေပေးရင် ငါ့ဇာတိကို
ပြန်မယ်ကွာ''





''မင်းအိမ်က အိုကေလို့လား''

''ဘာကိုတုံး၊ ကိုအညာသားရဲ့''

''ဩော် ... မိန်းကလေးတွေ တစ်ပြုံကြီးပါလာလို့
ကြ်စိမျက်နှာပျက်နေမှာစိုးလို့ပါ။ တချို့မိဘတွေက ကိုယ့်သား
ကိုယ် ရှင်ဘုရင်လောက်ထင်ပြီး နှမြောတတ်ကြလို့ပါ''

''နှမြောရအောင် သူတို့သားကဖြင့် အစိတ်ကို တော်
သော်ကျော်နေပြီ ... ဟီးဟီး''

နှစ်ယောက်သား ရွှင်မြူး ကြည်နူးမိနေကြတာ ဘာ
ကြောင့်တော့မသိ။

ဒါဟာ မုန်တိုင်းမလာခင် လေပြည်တိုက်တာမျိုးလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘဝဟာ တစ်ခါမှားပြီးရင် အမှားပြင်ဆင်ခွင့်မရှိတော့ဘူးလား။

ဒေါ်ကြည်လင်းဖြူ ရင်ထဲမှာ အမြဲအုံ့မှိုင်းနေရသည့် သူ့နောက်ယောက်ျား ဦးဝေမြှူဟာ မျက်စိရှေ့မှာပင် တဖျပ် ပြောင်းလဲနေသည့် သုံးပန်လှမင်းသား။

သူမနှင့်လက်မထပ်ရခင်က ခြေသည်း လက်သည်း ဝှက်ထားသည့် ကြောင်ပါးကြီးဟာ ဘာမဆို အလိုလို အကြိုက်ဆောင်ပြီး သူပြောပြသည့်ရှေ့ခရီးဟာလည်း တကယ့် ပန်းမွေ့ရာနှင့် ရွှေကော်ဇော။ သူမနှင့်သမီး (၂) ယောက် အာခံတွင်းထဲ ငုံထားတော့မလိုလို။





နန်းတော်ကြီးပဲ ဆောက်ပေးတော့မလိုလို။ ကြည်လင်းဖြူ တာလည်း အသက်လေးဆယ်ကျော်လာပေမယ့် ဘဝကို နဖူး ဒူးတွေ့ ကြုံခဲ့ရသူမဟုတ်။

ဖခင်ရဲ့မိဖုရားလို မှန်နန်းတော်ထဲမှ လောကကို နေရတာမို့။

လောကအကြောင်း ဘဝအကြောင်း ဘာမှ သိနားလည် မဟုတ်ပါ။

သူမ ဖြတ်သန်းခဲ့ရသည့် ဘဝခရီးဟာ ချစ်သူခင်ပွန်း ည့်ကြောင့် တကယ့်ကို ပန်းခင်းသောလမ်းမှာ ခလုတ်မထိ ငြိခဲ့ရတာပါ။

ချစ်ခင်ပွန်းသေဆုံးသွားတော့ရော ဦးဝေမြှူဟာ ဖျတ်ခနဲ တ်လာပြီး သူမ၏အမှုတော်တွေကို ဦးခွေးဆံမြည့် ဦးလည် နဲ့ ဆောင်ရွက်ပေးနေတော့ –

ကြည်လင်းဖြူတစ်ယောက် ဦးဝေမြှူ၏ လုပ်ဆောင်ချက် မှာ တော်ကီတွေမှာ မျောလွင့်၊ ကြည်နူးနေမိခဲ့တာ။

ဟော ကိုယ်တော်က လက်ထပ်ပြီးသည့်ညကျမှ သားခေါင်းကို တစ်ဝက်တစ်ပျက် ဆွဲဖယ်ချပြီး ဘွားခနဲ ရုပ်ကို ကိုယ်ထင်ပြလာတော့တာ။ ဒါတောင် ကြောင်



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းဖုက်သလို တစ်ဝက်တစ်ပျက် ဖုက်ထားတုန်းလာ
မသိ။

ပေါ်ထွက်လာသည့် ခြေရာလက်ရာကတောင် ဝေ
တော်များနေပါပြီ။

ကို တင်သွားခဲ့သည့်အကြွေးတွေလို့ဆိုပြီး အိမ်အပေါ်
စာချုပ်တွေပြ၊ ကြွေးစာချုပ်တွေပြ။ အိမ်ရောင်းဖို့ ကြိုးစား
ပါပြီကော။

သူမမှာ သမီးတွေနှင့် တစ်ဘက်တည်းပေါင်းစည်း
ချင်ပေမယ့် အခြေအနေက ရန်သူနှင့် ပူးထားရဦးမည့်အဖြစ်

ဦးဝေမျှကလည်း သူမကို အလွတ်ပေးမည်မထင်တော့

လက်ထပ်မိသွားသည့် မိန်းမတစ်ယောက်ဟာ အ
အကွယ်လည်းမရှိတာမို့ သမီးတွေထံ ပြန်ပြေးလျှင် သမီးတွေ
ပါ ရန်ရှာမည်မလွဲ။

မချစ်သော်လည်း အောင့်ကာနမ်း။ သည်ဇာတ်ကို ဘယ်
လိုဖြတ်ရပါ့မလဲ။ သမီးတွေအထိမနာအောင် ဘယ်လိုကြံ
လုပ်ဆောင်ရပါ့မလဲဟုသာ ကြည်လင်းဖြူ စဉ်းစားနေရပါသည်

သမီးတွေနှင့် ဦးဝေမျှဟာ မြွှာ သောက၊ အင်းဝရော
ဆိုသလိုပဲ တကယ့်ရန်ဖက်တွေ ဖြစ်နေပါပြီ။ ဦးဝေမျှလုပ်ပုံ





ည်း ကြည်လင်ချင်စရာကိုမရှိ။ (၆) လလုံးလုံး ဖုံးဖိပေးထား
ယောင် ဘာယောင်နှင့် ယခုမှ အပိုင်ထုနေတာ။

သမီးတို့၏နောက်မှာ ကာကွယ်စောင့်ရှောက်ပေးနေ
ည့် ကိုမိတ်ဆွေသူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ရပါ
ည်။

သူနှင့်ကိုယ်ဟာ ဘယ်လိုမှ တစ်သားတည်းမဖြစ်တော့။
ပေါ်ယံဟန်ဆောင်နေရတာလား။ သူကရော။ သူ့သမီးက
ည်း ခပ်လည်လည်။

ဖအေက ဘယ်လိုစည်းရုံးထားသည်တော့မသိ။ သူမကို
ဆင်ပြေအောင်ပေါင်းပါသည်။

အိမ်မှာ အိမ်အကူတွေလည်းရှိပါသည်။ ဒေါ်ကြည်လင်း
ဖြူက ကြီးကျပ်ပေးရုံသာ။

သည်အိမ်မှာ အဆင်ပြေပြေနေရတော့ ကိုယ့်သမီးလေး
တွေကို သတိရကာ သူမ အမြဲရင်နာနေမိသည်။

မွေးကတည်းက ရွှေရေးပန်းဆက်နေလာခဲ့ရသည့်သမီး
သားတွေခမျာ ယခု ချက်ချင်းပင် လောကဓံကြီးနှင့် နဖူးတွေ့
တွေ့ တွေ့နေရပါချေပြီကော။

သည်နေ့မနက် ဒေါ်ကြည်လင်းဖြူ နံနက်လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကို အိမ်အကူတွေနှင့်အတူ ပြင်ဆင်နေရ၏။

(၈) နာရီလောက်မှ သူတို့သားအဖက ထမင်းစားခန်း[illegible] သို့ ရောက်လာခဲ့သည်။

"အပြင်သွားကြရအောင် ဖြူ။ ဖြူလည်း အိမ်တွင်းပု[illegible] ဖြစ်နေပြီ"

"ရတယ် ကို၊ ဖြူ သမီးတို့ဆီ ဒီနေ့သွားမလို့"

ဦးဝေဇ္ဇ မျက်နှာပျက်သွားသလို ကေသရီကလည်း နှုတ်ခမ်းကိုမသိမသာတွန့်၏။

"ဖြူကလည်းကွာ။ သမီးတွေကို အိမ်ပါအောင်ခေါ်[illegible] မစည်းရုံးဘူး။ ဖြူပဲသွားနေတာပဲ"

"ဒါကတော့ ရှင် ကလေး (၂) ယောက်အမေကို ယူ[illegible] တာလေ။ သမီးတွေဆီ မအေသွားတွေ့တာ ဆန်းသလား"

"မဆန်းပါဘူး။ ဒါပေမဲ့ ကိုယ် စိတ်မချဘူး။ ခုခေတ်[illegible] ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံရတဲ့ခေတ်"

"ဘာကိုစိတ်မချတာလဲ။ ကျွန်မ အိမ်ကကားနဲ့သွား[illegible] ဘယ်မှဝင်နေတာ၊ ဘာမှလုပ်နေတာ မဟုတ်ဘူး"

"ဒယ်ဒီ ... မီး သွားစရာရှိတယ်။ ဒရိုင်ဘာ ခေါ်သွား[illegible] မယ်"





ကေသရီက ကလေးလိုနေရာဝင်ဦးလိုက်လျှင် ဦးဝေဇ္ဇ [illegible]က အပြုံးနှင့်။

"ကဲ တွေ့လား။ အိမ်မှာ ကားက (၂) စီးရှိတာ။ ကို [illegible]က အလုပ်သွားတော့ တစ်စီးယူ။ သမီးကတစ်စီး။ ဖြူ ဖြူ့ [illegible]အတွက် ဖြူ့အိမ်ကကားကို ယူခဲ့ပါလား"

ဒေါ်ကြည်လင်းဖြူ ဒေါသထွက်တာ ရင်ထဲဆတ်ဆတ် [illegible]တုန်၏။

တိုက်နှင့်ခြံကိုရောင်းရုံတင်မက ကားကိုပါ သိမ်းချင်လာ [illegible]ပြန်ပြီလား။

"အိမ်မှာ တစ်စီးတည်းရှိတာ၊ သမီး (၂) ယောက်စီးပါ [illegible]။ ကျွန်မ တက္ကစီငှားမယ်၊ ရတယ်"

"အဲဒါပြောတာ။ စိတ်မချဘူးဆိုတာ။ ခုခေတ် တက္ကစီ [illegible]သမားတွေက စိတ်ချရတာ မဟုတ်ဘူး။ ဖြူ့ပုံစံကလည်း မသိ [illegible]ခင် အသက်အစိတ်လောက် ထင်ရတယ်လေ။ ကို ဘယ်စိတ်ချ [illegible]နိုင်မလဲကွာ။ ညနေ ကို အလုပ်ကပြန်လာမှ လိုက်ပို့မယ်နော်"

"ကလေးတွေက ရှင်ပါလာရင် အမြဲပြဿနာတက် [illegible]တယ်။ ရှင်မလိုက်နဲ့။ ကျွန်မဘာသာ တက္ကစီငှားသွားမယ်"

လက်ဖက်ရည်ဝိုင်းမှာ အချေအတင်တွေပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်လင်းဖြူ မကြည်မလင်ဖြစ်ရသည်။

တော်တော် မတရားသည့် ဦးဝေဖြူ။ မုန်းလိုက်တာ။

သူမနှင့်သမီးတွေကို ရှင်ကွဲ ကွဲအောင်လုပ်ပြီး ပစ္စည်း

ရှိသမျှ အပိုင်သိမ်းချင်နေတာ။ ရန်သူတော်ကြီး။

"ကို စိတ်မချဘူးလို့ပြောထားတယ်နော်။ မသွားရဘူး

ဒါပဲ"

ဒေါ်ကြည်လင်းဖြူ ဦးဝေဖြူကို ပြူးပြီးစိုက်ကြည့်နေတော့

ကေသရီက ပခုံးတွန့်၊ လက်ခါပြပြီး လက်ဖက်ရည်ဝိုင်းမှ ထသွား

သည်။

"ရှင် ချုပ်ချယ်ခွင့်မရှိဘူး။ ကျွန်မ ၁၄ ၁၅နှစ်စားလေး

မဟုတ်ဘူး။ အသက်ပဲ လေးဆယ်ကျော်နေပြီ"

"ရှိတယ်၊ ချုပ်ချယ်ခွင့်ရှိတယ်။ မင်းက ငါ့မိန်းမ။ ငါ

သေဆိုသေ ရှင်ဆိုမှ ရှင်ရမယ်"

"ရှင် အဲလို အတ္တကြီးလို့ မိန်းမနဲ့ကွာတာ"

"အောင်မာ မင်း ငါ့ကို ထည့်ပြောစရာမလိုဘူး ဘာမ

ဝေဖန်စရာ မလိုဘူး"

"ကျွန်မ သမီးကို ဖုန်းဆက်လိုက်မယ်။ သူတို့လာခေါ်

လိမ့်မယ်"





ဦးဝေဖြူ ဘာမှ မတတ်နိုင်တော့ပါ။ ဟိုက လာခေါ်ပါ

ည်ဆိုမှတော့ ဘယ်လိုပိတ်ပင်ရဦးမှာလဲ။ ရင်ထဲမှာတော့ အီ

ည်လည်။ မချွတ်ဆိုယ်ယစိတ်တွေကအပြည့်။

သူက ကြည်လင်းဖြူတင်မက သမီး (၂) ယောက်ကိုပါ

ပ်ကွပ်ချင်တာ။ အသုံးချချင်တာ။

သူက အစိမ်းရော အဖြူရော ဖြန့်ဖြူးနေသူမို့ သည်လို

ချောချောတွေကို ကယ်ရီအဖြစ် သုံးချင်တာ။

တစ်ခေါက်ဆိုတစ်ခေါက်၊ နှစ်ခေါက်ဆိုနှစ်ခေါက် အချို

ကြီးကြီးချင်တာ။

ယခုကျ ကောင်မတွေက သူခင်သည့်ခွင်ထဲ ဝင်မလာ

ဲ အာခံ၊ တော်လှန်နေကြတာ။ ဦးဝေဖြူရင်ထဲ တနုံ့နုံ့။

ဖြတ်လေးဖြတ်နှင့် သင်းတို့ကို အခက်တွေ့အောင်၊

တ်မြိုကျအောင် လုပ်ပြီးမှ သူလိုသလို အသုံးချမည့်ကိစ္စ။

ယခုကျ ဟို ငနွား (၂) ကောင်က နောက်မှ ကျားကန်

းထားသေး၏။

သူတို့အမေကလည်း ရိုက္ခာထောက်နေလိုက်သေး။

ဘက် သည်အထိ အသေးစိတ်တွေ လိုက်ပြောနေလျှင်လည်း

ဘယ့်ရန်သူစစ်စစ်ကြီးတွေ ဖြစ်ရုံ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စီစဉ်ရတော့မှာပဲ။

"သူတို့လာခါလည်း ပြီးရောပေါ့။ အဲဒီမှာ သားအမိ တွေ ငါ့မကောင်းကြောင်းပြောကြပေါ့။ ငါ့ကိုလုပ်ကြဖို့ တိုင်ပင် ကြပေါ့"

ဦးဝေမြကလည်း စကားအဖြစ်ပြောတာပါ။ သူက ဆင် ကြီးလေ။ ဟိုက မှရွက်ဆိတ်လေးတွေ။ ဂရုကိုမစိုက်။

သို့သော် ဒေါ်ကြည်လင်းဖြူကလည်း စကားအဖြစ်ပင် အပြောမခံ။

"ကျွန်မတို့က ရှင် နှိပ်စက်သမျှ ခံနေရတဲ့ဘက်ကပါ။ ငါးဖယ်ကပြောင်းပြန် ပြောမနေပါနဲ့"

"သိလည်းပြီးရော။ မိန်းမတွေနဲ့ကို အကျိုးမပေးဘူး ဘယ်သူမှ ငါ့ကို စိတ်ချမ်းသာမှုမပေးဘူး"

ဦးဝေမြ တဗျစ်တောက်တောက်ပြောရင်း အပြင်ထွက် သွားလျှင် ဒေါ်ကြည်လင်းဖြူ မသိချင်ယောင်ဆောင်နေလိုက် သည်။

မတန်ဘူး။ သည်လောက် စိတ်ပုပ်၊ စိတ်ယုတ်ကြီး ပြုစုယုယနေရစရာမလို။ မယားဝတ္တရားတွေလည်း ရာနှုန်းပြည့် ကျေမနေချင်။





ရန်သူနှင့်တူသောယောကျာ်း။

သူသတ်နှင့်တူသော ယောကျာ်း။

သူ့အကြောင်းတွေကို အလုံးစုံသိအောင် ကြည်လင်းဖြူ ကြိုးစားထောက်လှမ်းရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒေါ်ကြည်လင်းဖြူ ဖုန်းဆက်သဖြင့် ယွန်းနှင့်လွန်းခေါင် တို့ သွားခေါ်ဖို့ ကားနှင့်ထွက်လာခဲ့ကြသည်။ ယွန်းတို့ညီအစ်မ တစ်ခါမှ ကားကိုယ်တိုင်မမောင်းခဲ့။

ဒရိုင်ဘာလည်းမရှိတော့ပြီ။ လွန်းခေါင်ပုံစံက ပုဆိုးတို ရှပ်လက်ရှည်နှင့်။ လူကြီးပုံစံ၊ နှုတ်ခမ်းမွေးတပ်နှင့်။

နှစ်ယောက်သား စကားမပြောဖြစ်ကြ။ ရှေ့ရေးနောင်ရေး သာ တွေးနေမိကြတာ။

လွန်းခေါင်ကလည်း အမေ့ကို ဘယ်လိုပြောရပါ့ဟု စိုး ကူးထဲမှာ အမြဲရှိနေ၏။ ယွန်းကတော့ ဦးဝေဠု မနှောင့်ယှက်





ပါအောင် သူနှင့်ကင်းရှင်းအောင် မေမေ့ကိုလည်း သူနဲ့ကွဲအောင် ဘယ်လိုလုပ်ရပါ့မလဲ၊ အမြဲကြံစည်နေမိ၏။

ဦးဝေဠုခြံရောက်တော့ ကားဟွန်းနှိပ်လိုက်သည်။ အထဲ ဆောင် မဝင်။ မေတ္တာတွေက အဲသလောက်ရှိတာ။

တိုက်ကြီးနှင့်ခြံက အပျံစား။ ကလိမ်ကကျစ်အလုပ်တွေ နှင့် ကြီးပွားနေမှာပေါ့။

ကားသံကြောင့် ဦးဝေဠုထွက်လာ၏။ ဒေါ်ကြည်လင်းဖြူ က နောက်မှ အပြေးတစ်ပိုင်း။ သူ့သမီးကို ဦးဝေဠု ပြောလိုက် ချိုလိုက်မှာစိုး၏။

ဦးဝေဠုက အချိုသပ်ပါသည်။

"လာလေ သမီး။ ဒယ်ဒီ့အိမ်ထဲ ဝင်ကြည့်ပါဦး။ ဝင် ကောင်းပါတယ်ကွယ်"

"နေပါစေတော့၊ မေမေ လာ"

ခြံပြင်မှာပင် ကားရပ်ထားပြီး ဒေါ်ကြည်လင်းဖြူ ထွက် လာတော့ ကားထဲဝင်စေသည်။ ကားလေး နောက်ကြောင်းသို့ ပြန်လာခဲ့ပေပြီ။

ခေတ်ယွန်း မေမေ့ကို အသေအချာကြည့်ပြီး –

"မေမေ ပိန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မေမေ စိတ်မှမချမ်းသာတာ။ ပိုမှာ
အဆင်ပြေမလားလို့ ယောက်ျားယူမိတာ၊ ဆေးအတွက်လေးနေ
ပြီ။ မေမေတို့သားအမိတွေ ဥကွဲ သိုက်ပျက်တာပဲ အဖတ်တင်
တယ်"

"ဒီလူကြီးကို သမီးသတ်ပစ်မယ် မေမေ။ မေမေ့
ညီမလေး အေးအေးချမ်းချမ်းနေရရင်ပြီးရော။ ဒီလို ဆန်ကုန်မြေ
လေးကြီးမျိုး အသက်မရှင်ထိုက်ဘူး"

"အမလေး သမီးရယ်၊ မကြံကောင်းမစည်ရာ။ မေမေ
သမီး အညွန့်အဖူးလေးကိုလည်း မဖွယ်မရာ မဖြစ်စေချင်ပါဘူ
ကွယ်။ သူ့အကုသိုလ်နဲ့သူ သွားပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် မေမေ အိမ်ပြန်လာပါလား။ သူ့ကိုထ
ခဲ့လိုက်။ သုခထက် ဒုက္ခပေးမယ့်လူကြီး"

"ဟုတ်တော့ ဟုတ်ပါတယ်သမီးရယ်။ မေမေ သူ
ယုံစားမိခဲ့တာ မှားတာပဲ။ ဒါပေမဲ့ အိမ်ထောင်ကွဲတယ်ဆိုတ
ယောက်ျားကပြတ်ရင်သာ မိန်းမက ကျန်ခဲ့ရတာ။ မိန်းမ
ပြတ်ချင်တိုင်း ပြတ်လို့ရတာ မဟုတ်ဘူး"

"ဒါဆို မိန်းမတွေက ယောက်ျားယူမှားမိလည်း တ
သက်လုံး ကိုယ့်ကိုယ်ကိုယ် ကျားစာကျွေးသလို ယဇ်ပူဇော်သ





ာ်နေရတော့မှာပေါ့ ဟုတ်လား"

သမီးယွန်းနှင့် စကားတွေပြိုင်ပြီးမပြောတတ်တာမို့ ဒေါ်
ည်လင်းဖြူ မျက်နှာမကောင်းစွာနှင့်ပင် ငေးကြည့်နေရပါ
ည်။

သည်တော့လည်း လွှန်းခေါင် ယွန်းကို ဟန့်တားရပါ
ည်။

"ယွန်း ကိုယ့်အမေစိတ်ဆင်းရဲပြီး ပိန်နေတာ မတွေ့
ာ။ တော်ပြီလေ။ ဖြည်းဖြည်းချင်းမှ အဖြေရှာလို့ တွေ့မှာ
ါ"

သည်တော့မှ ယွန်း မေမေ့ကိုဖက်ပြီး မျက်ရည်ကျရပါ
ည်။

"မေမေရယ် ... သမီးတို့ မေမေ့ကို နှမြောလို့ပါ။ အဲဒီ
ကြီးက ကောင်းမှုမကောင်းတာ။ သမီးတို့သားအမိ (၃)ယောက်
ကိုင်စားသောက်ကြရင် ရပါတယ်။ ခုဆို သမီးဘွဲ့ရပြီ။
ာ်တစ်ခုခု ဝင်လုပ်မှာပေါ့။ နော် မေမေ"

"အေးပါ ... သမီးရယ်။ မေမေ သူ့ကိုမုန်းပါတယ်။
န့်ကျင်ချင်ပါတယ်"

သားအမိ (၂) ယောက်၏အဖြစ်ကို ကြည့်ပြီး လွှန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲရပါသည်။

သူတို့သားအမိတွေခမျာ ဦးဝေမျှ၏ ဂျင်းထည့်ခြင်း

အကြီးအကျယ် ခံစားနေရရှာတာ။

အကောင်းဆုံးအဖြေကို တွက်ပြီး သည်ဖာတ်ကို ဖြတ်

မည်။

မနေ့က အစ်ကို ရွှေနေနှင့် ဆွေးနွေးကြည့်တော့ စာချုပ်

တွေကို မှန် မမှန် စစ်ဆေးဖို့ ဟာကွက်ရှာဖို့အတွက် ယူလာ

ချင်ကြောင်း ပြောသည်။

"မင်းပြောတဲ့အတိုင်းဆို ဒီလူကြီးက ကလိမ်ကကျ

ကျတာ သေချာလောက်တယ်။ သူ့စာချုပ်တွေကို ယူကြည့်

စစ်ဆေးကြည့်ရင်ပေါ်မှာပဲ။ စာချုပ်တွေရအောင်သာလုပ်"

"သူက ပြတောင်မပြဘူးလေ။ တကယ့် ကလိမ်ကကျ

ကြီးကွ"

"ရတယ်၊ မင်းတို့သာ သူ့ကို မျက်ခြေမပြတ်နဲ့။ သူ့စီး

ရေးလုပ်ငန်းတွေကရော ရှိုးရဲ့လား။ ဆေးပြားတွေ ဘာတွေ

ကယ်ရီလုပ်သလား။ ရောင်းနေသလား"

"ဒါတော့မသိဘူး။ လူကတော့ လည်မှလည်ပဲ။ ပန်း

ထိပ်က ဝက်အူပဲ"





မနေ့ကပြောခဲ့သည့် စကားများကို သတိရရင်း လွန်း

ခိုင် မီးစိမ်းပြသည်ကို စောင့်နေရသည်။

မီးစိမ်းတော့မှ မောင်းခွင့်ရရင် သူတို့အိမ်ပြန်ရောက်ခဲ့

ကြသည်။

✺

"မေမေ ယွန်းတို့ ခရီးထွက်မလို့။ သူငယ်ချင်းတွေနဲ့

တူ ပခုက္ကူလိုက်သွားမလို့"

"ဟင် ...အရေးထဲမှာ သမီးရယ်။ ဦးဝေမျှကြီးက

တိုက်နဲ့ခြံရောင်းဖို့ ဆင်ကြံ ကြံနေတာလေ။ သွားလို့ဖြစ်ပါ့

လား"

"ယွန်းတို့ သတင်းစာကနေ ကန့်ကွက်ကြောင်း ကြော်

ငြာထည့်ပြီးပြီ မေမေ၊ တကယ့်တရားသူကြီးတွေ၊ ရှေ့နေတွေနဲ့

ကြော်ငြာထားတာ"

"အဲဒီ ရှေ့နေတွေ၊ တရားသူကြီးတွေကိုရော ငွေပေးရ

သား"



www.burmeseclassic.com

www.burmeseclassic.com



"မပေးရပါဘူး။ ယွန်းတို့မိတ်ဆွေရဲ့အစ်ကိုတွေ၊ ဦးဒေ
တွေပါ။ တကယ်အမှုအခင်းဖြစ်လာရင်လည်း သူတို့အကူအ
ယူမယ်လေ"

"ခရီးထွက်တာ ဘယ်သူတွေပါမလဲ"

"နန်းနုဆွေနဲ့ ယုယဝင်းခင်ပါမယ်။ သူ့အစ်ကိုရဲ့ရွာ
သွားကြမှာ။ ရွာမှာအလှူလုပ်ကြမှာတဲ့"

တကယ်လည်း လွန်းခေါင် အမျိုးတွေရွာမှာ အ
အကျယ်လှူကြမှာ။

"ဒီမှာ ဦးဝေမျှကြီးရန်ကိုကြောက်ပြီး တထိတ်ထိ
နေရတာကြာပြီ မေမေ။ စိတ်ပြေလက်ပျောက် အညာသွားကြ
ဒီရာသီက ဆောင်းဆိုတော့ အေးတယ်လေ။ ကောင်းတ
မေမေပါလိုက်ခဲ့ပါလား"

ခေတ်က မေမေပါ လိုက်ချင်အောင် ဆွယ်တရားဒေ
နေပေမယ့် ဒေါ်ကြည်လင်းဖြူ လိုက်လို့မရပါ။ ကိုယ့်ဝမ်း
ကိုယ်သာသိ၏။

"သမီးတို့ပဲ သွားကြပါကွယ်။ မေမေကတော့ ကို
အကုသိုလ်နဲ့ကိုယ် ဒီနှစ်က လွတ်မှာ မဟုတ်တော့ပါဘူး။ ဒီ
သက်"





"မေမေကလည်း ထောင်တစ်သက် လွတ်ရက်မရှိတော့
ပ်ပါနဲ့။ ရှည်လည်းလျှောက်သွား မျှားလည်စွဲသာ ဦးဝေမျှကြီး
ခွင့်တောင်းကြည့်ပေါ့။ ရလည်းအမြတ်ပဲ"

"အင်း မရလည်း အရင်းပေါ့၊ ပြောကြည့်မယ်"

ညှိခန်းထဲမှာထိုင်ပြီး လက်ဖက်သုပ်နှင့် ရေနွေးကြမ်း
ောက်ရင်း သားအမိတွေ စကားပြောနေကြတာပါ။

ထမင်း ဟင်းက စိုင်းကောင်းဆက် ချက်ပေးနေပါသည်။

ဒေါ်ကြည်လင်းဖြူ ဦးဝေမျှထံဖုန်းဆက်ကြည့်ရသည်။
ယံချိုချိုနှင့်ပေါ့။

"ကိုရေ သမီးတို့ အညာလိုက်သွားလည်ကြမလို့တဲ့။
ဒါ သမီးတို့ကို စိတ်မချလို့ ဖြူပါလိုက်သွားချင်တယ်"

တစ်ဖက်မှ အသံတိတ်နေသည်ကြောင့် ဒေါ်ကြည်လင်း
ထပ်မံတောင်းဆိုရပြန်သည်။

"နော် ကို၊ ဖြူပါလိုက်သွားချင်တယ်။ သမီးတွေကို
င့်ရှောက်ရင်း စိတ်ပြေလက်ပျောက်"

"ဖြူတော့မလိုက်ပါနဲ့ကွာ။ သမီးတို့ သွားရင်သွားပါစေ။
ဘာစီစဉ်ပေးရမလဲ။ ကားပေးလိုက်ရမလား။ သူတို့ အိမ်စီး
လေးက ဟန်းနေပြီ။ ခရီးဝေးသွားတယ်ဆိုတာ ကားအစ်မှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ''

မထင်မှတ်ဘဲ ဦးဝေချူ သဘောတွေကောင်းပြနေ… လွန်းခေါင်တို့ပါ မျက်ခုံးပင့်ရ၏။ ဒီလူကြီး ဘာတွေ စတန့်… ဦးမလို့လဲ။

နားထောင်ကြည့်ရဦးမည်။

''ဖြူ ကားလိုရင် ကိုပေးလိုက်မယ်။ ကို့မှာ ဂိုထောင်… ကားတွေပိုနေတာပဲ။ ကြိုက်တဲ့ကားတစ်စီး ယူသွားလို့ရတယ်… ပြောလိုက်ပါ။ ဦးဝေချူကြီးက မယားကိုချစ်လို့ မကိုခင်လို့ ဦး… ကိုလည်း မင်ပါသတဲ့ဗျာ''

ဒေါ်ကြည်လင်းဖြူ စပီကာဖွင့်ပြောတာမို့ ဘာသာ… ပေးစရာမလို။ အားလုံးကြား၏။

လွန်းခေါင်က လက်ခါပြပြီး ယွန်းနှင့်ခေတ်က ရှုံ့မဲ့… ဝေးသေး သူ့ပစ္စည်းများ ခြေနှင့်တောင် မထိချင်…

ဒေါ်ကြည်လင်းဖြူ ယွန်းနှင့်ခေတ်ကို ဘယ်လိုလဲဟူ… အဓိပ္ပာယ်နှင့် မေးဆတ်ပြလျှင် နှစ်ယောက်လုံး ခေါင်းခါပြ… ကြသည်။

''ကိုယ့်အိမ်က ကားနဲ့ပဲသွားမယ်''

သို့သော် ဦးဝေချူကလည်း အသည်းအသန်။





''ဖြူ ကိုက စေတနာနဲ့ကားအကောင်းစားကြီးပေးမှာ။ …တို့ကားလေးက တော်ရိလျော်ရိလေး။ လမ်းမှာပျက်နေမှဒုက္ခ။ …ချရမယ့်ကားပဲ ယူသွားလို့ ပြောလိုက်ပါ''

''အင်းပါ … ပြောလိုက်မယ်၊ ဒါပဲနော် ကို''

ဒေါ်ကြည်လင်းဖြူ ဖုန်းပိတ်လိုက်ပြီး သူ့သမီး (၂) …ယောက်ကို နားမလည်နိုင်စွာ ကြည့်ပြီး –

''ဘာပဲဖြစ်ဖြစ် အဆင်ပြေတာ မကောင်းဘူးလား သမီး …ဦးဝေချူကြီးက အလံဖြူပြပြီး သူ့ကားတောင် ထိုးပေးနေတာ …သင့်တယ်လို့ မေမေထင်တာပဲ''

လွန်းခေါင်ကတော့ ဒွဲ။

''ခုခေတ်က ဆေးပြားတွေ၊ ဘိန်းဖြူတွေ ကုယ်ရီလုပ် …တဲ့ခေတ်ဗျ။ ဒေါ်ကြည်လင်းဖြူ မသိပါဘူး။ ဖမ်းမိတဲ့သတင်း …အရဆို ကားတွေထဲ ဝှက်တယ်။ စပယ်ယာဘီးပိုထဲ ထည့် …တယ်။ ဦးဝေချူကြီးလိုလူမျိုးက အလကားနေရင်းတော့ …သဘောမကောင်းဘူး၊ တစ်ခုခု အကြံရှိလို့သာ ကားထိုးပေးတာ''

''နင်ကလည်း လူတွေကို သံသယဝင်လိုက်တာ။ ဦး …ချူက ဒီလောက်လည်းမဆိုးပါဘူး''

ဒေါ်ကြည်လင်းဖြူ၏ စကားတို့ မသက်မသာနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကြားလိုက်ရသည်။

ထိုနေ့က သားအမိတွေ အတူစားကြ သောက်ကြပြီး ညနေစောင်းမှ ဦးဝေမှူ လာခေါ်ခဲ့သည်။

သူ့ကားနှင့်သွားဖို့ တိုက်တွန်းနေပြန်တာပါပဲ။ ယွန်းနှင့် ခေတ်ကလည်း ခေါင်းမာစွာပင် ငြင်းပယ်လိုက်ပါသည်။

✹



## အခန်း (၁၇)

သည်မနက်တော့ အဖွဲ့လိုက် ထွက်ခဲ့ကြပြီ။ လွန်းခေါင် ...မောင်းပြီး သူ့ဘေးမှာ ယွန်း။

လူငယ်တွေဆိုတော့လည်း ထွက်လာသည့်နောက် ပြုံး ...ရွှင်၊ ပျော်ပျော်ပါးပါး။

ခေတ်နှင့် စိုင်းကောင်းဆက်က နောက်ဘက်မှာစီးကြ ...သည်။ နန်းနုဆွေ၊ ပပတို့နှင့်အတူ။

သို့သော် ကားစထွက်လာကတည်းက သူတို့ကားနောက် ... လှေမ်းမကမ်းမှလိုက်ပါလာသည့် ကားအနက်တစ်စီးကြောင့် ...ထားမိသည့်အခါ အားလုံးပင် စိတ်စနိုး စနောင့်ဖြစ်ရသည်။

"ဘာ့ ... ကြွပေးချင်လို့ မသိဘူး။ မဟုတ်မှလွဲရော ဦးဝေမှူ ... မေတ္တာတွေ၊ စေတနာတွေပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလုပ်မလို့ပါလိမ့်။ ဘာတွေများကြည့်ရှုစောင်မ မ
ပါလိမ့်။ မယားပါသမီး (၂) ယောက်ကို ချစ်လွန်းလို့ လိုက်စော
ရောက်တာတော့ မဖြစ်နိုင်ဘူး။ ရှေးခေတ်ကလို ဘိန်းပစ်ဖမ်းမ
လား ဘာလား”

“ငါတို့အုပ်စုက လူသာများတာ၊ ဖွဲ့ကမစည်ဘူး
ယောက်ျား (၂) ယောက်၊ မိန်းကလေးက (၄) ယောက်။ အ
အရေးဟဲ့ဆိုရင် ထိုင်ရှိုးမယ့်သူနဲ့၊ ကြောက်သေးတွေ ကြော
ချီးတွေပါမယ့်သူချည်းပဲ”

ကားပေါ်မှာပါလာသည့် (၆) ယောက်လုံး။ ဘုရား
နေကြရပါပြီ။ သူတို့ထွက်လာချိန်ဟာ နံနက် (၆) နာရီ။
နံနက် (၉) နာရီ။ (၃) နာရီလုံးလုံး သူတို့ကားနှင့် မလှမ်းမကမ်း
ပါလာခဲ့တာ။

သူခရီးသွားသွားတာများလားရယ်လို့ လမ်းဖယ်ပေး
လည်း ခဏပဲ ကျော်တက်ကာ နောက်ဆုံး သူတို့ကားနောက်
သာ ပြန်ရောက်တာ။

ကားနံပါတ်လည်းမှတ်ထားပြီးသား။ သို့သော်
နံပါတ်ဆိုတာလည်း ရေရာတာ မဟုတ်။ အမျိုးမျိုးပြောင်း
ရသည်။





အဘယ့်ကြောင့်ဆို ဦးဝေဖြူဟာ ကလိမ်ကကျစ် အကြီး
စားကြီးမို့ပါ။

သူတို့အဖွဲ့မှာ နံနက်စာ စားကြတော့လည်း စိတ်ဖြောင့်
လက်ဖြောင့်မရှိရ။ ကားနားမှာ တစ်ယောက်တစ်လှည့် စောင့်ကြ
ရသည်။

သူတို့နောက်လိုက်သည့်ကားကတော့ ဆိုင်ထဲဝင်မလာ
ဘဲ ခပ်ဝေးဝေးမှသာ ရပ်စောင့်သည်။

လွှမ်းခေါင်နှင့် စိုင်းကောင်းဆက်တို့ အသည်းယားလှပါ
ပြီ။

“တောက် . . . ဒဲ့သာသွားပြီးခေါ်လိုက်ချင်ပြီ၊ ဝှန်းလိုက်
ချင်ပြီ”

“မလုပ်နဲ့၊ သူတို့မှာ လူအင်အား လက်နက်တွေ ပါချင်
ပါမှာ။ ကိုယ်တွေက လူ (၂) ယောက်နဲ့ ခွေး (၄) ကောင်ပဲပါ
တာ”

စိုင်း၏စကားကြောင့် ကောင်မလေးတွေ မျက်စောင်း
ထိုးကြ၏။

“အကောင်းဆုံးကတော့ ငါတို့ သတိနဲ့နေကြဖို့ပဲ၊ ဒါမှ
မဟုတ် ဒီနေ့ အညာရောက်အောင် မမောင်းဘဲ တစ်နေရာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလှည့်ထားကြရင် မကောင်းဘူးလား"

"မကောင်းပါဘူး။ ရောက်အောင်ပဲသွားကြစို့။ နေ့ဘက်ဆိုတော့ အခြားကားတွေလည်း ရှိသားပဲ။ သွားကြစို့"

အားလုံးပင် တညီတညွတ်တည်း ဆုံးဖြတ်ကြပြီး သူတို့ကားကို ဆက်မောင်းလာခဲ့ကြသည်။

ရိုးမထဲဖြတ်တော့ ကားပြတ်သည်။ သူတို့ကားတစ်စီးတည်း။ လောလောဆည် လွန်းခေါင်မောင်းပြီး စိုင်းကောင်းဆက်က သူ့ဘေးမှာ။

လက်နက်တွေကတော့ သံတုတ် (၂) ချောင်း။ နောက်ဘက်မှ မချောတွေကလည်း လက်နက်ရှာထားပါ၏။ သနပ်ခါးတုံးတွေ ဝယ်တင်လာခဲ့တာ။

"ရန်သူတွေ့ရင် သနပ်ခါးတုံးနဲ့ ရိုက်မယ်၊ ပစ်မယ်"

"တော်တော်ကြောက်ဖို့ကောင်းတဲ့ ဖျူးဟာပဲ"

အားလုံးပင် သတိနှင့် ဖြတ်ကျော်နေကြစဉ် သူတို့နောက် မလှမ်းမကမ်းမှ အမြဲလိုက်နေသောကားလေး။ သူတို့ရှေ့သို့ ကျော်တက်သွားတာ တွေ့လိုက်ကြ၏။

"သတိထား၊ ဘယ်လိုတွေ အကွက်ဆင်ဦးမယ် မသိဘူး"





တထိတ်ထိတ်နှင့် မောင်းနေကြရစဉ် ရှေ့မှာ ဘွားခနဲ တွေ့လိုက်ကြရသည်က လမ်းပေါ်လှဲချထားသည့် သစ်ပင်တစ်ပင်။

"သူတို့လက်ချက်လား၊ ဘယ်သူ့လက်ချက်လဲတော့ မသိဘူး"

သစ်ပင်လဲကျနေသည်မို့ အားလုံးပင် ကားရပ်ပြီး ဆင်းကြည့်ဖို့ ပြင်နေကြစဉ် အနားသို့ ရောက်လာသည်က လူ (၃) ယောက်။

ရုပ်ဖျက်ထားသလား ပင်ကိုရုပ်တွေလားတော့မသိ။ သူတို့အဖွဲ့ကို သေနတ်နှင့်ချိန်ထားလေပြီ။

"မလှုပ်နဲ့၊ ရှေ့ကားကို ပြောင်းစီးလိုက်ကြ။ ဒီကားကို ငါတို့ ပြန်မောင်းသွားမယ်"

"ဩော် ... ကားချင်းလဲချင်တာများ သက်စွန့်ဆံဖျား ဆုပ်နေရသေးတယ်"

လွန်းခေါင် ပေါ့ပေါ့လေးပြောလိုက်ရပေမယ့် သည်ကားထဲမှာ တစ်ခုခု ထူးခြားနေမယ်မှန်း ရိပ်မိနေသည်။

အစုလိုက် အပြုံလိုက် သေကုန်အောင် ကားကိုပဲ တစ်ခုခု ချို့ယွင်းထားသလား။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ကားထဲမှာ ခေါင်းပြားတို့၊ ဘိန်းတို့ ထည့်ထားလေသလား။ လောလောဆည်တော့ ကိုယ့်ကားလည်း သစ်ပင်ကိုကျော်မရတာမို့ တစ်ဖက်မှာရှိသည့် သူတို့ကားထဲပဲ ရှေ့ရတော့မလို။

"ကောင်းပြီလေ၊ ဒါဆို ကျုပ်တို့ကားနဲ့ ခင်ဗျားတို့ကားအပြီးလဲတာလား။ ဘယ်နေရာမှာ ကားချင်းပြန်လဲကြမှာလဲ"

စိုင်းကောင်းဆက် အမေးကို သေနတ်သမားတွေက–

"ဘာမှပူမနေနဲ့။ ရန်ကုန်ပြန်ရောက်တော့ ကားချင်းလာလဲမယ်။ သွား သွားကြ"

အားလုံးပင် ကိုယ့်ပစ္စည်းများကို သယ်ပြီး ကားချင်းချိန်းကြရပါ၏။ သည်ကိစ္စဟာ ပေါ့ပေါ့လေးတော့ မဟုတ်။ အဓိပ္ပာယ်မဲ့သည့်လုပ်ရပ်တစ်ခုမဟုတ်။

တအံ့ချွေးချွေးနှင့်ပင် သူတို့အားလုံး ကားနက်ကြီးနှင့်ခရီးဆက်ထွက်ခဲ့ကြရလေသည်။

စိုင်းကောင်းဆက်နှင့် လွန်းခေါင်ရင်ထဲမှာ တအံ့ချွေးချွေး

"တို့တစ်ဖွဲ့လုံးကို သေစေချင်လို့ ဘရိတ်ပေါက်၊ စက်ချို့ယွင်းတဲ့ကားကို လဲပေးလိုက်တာမလား"

"စမ်းကြည့်ကွာ။ ရှေ့ကျ ဝပ်ရှော့တစ်ခုခုမှာ ဝင်စစ်





"ဟုတ်တယ်၊ ကောင်းတယ်။ သတိဆိုတာ ပိုတယ်မရှိဘူး။ ဦးဝေဖြူက သူ့မယားပါ သမီးတွေဆို အသေမုန်းတာ"

ယွန်းကလည်း ဒတွေးတွေးဆဆ။

"ခုခေတ်က ခေါင်းပြား (၁၅) ပြားမိရင်တောင် ထောင်အထိ (၁၀) နှစ်ချတာနော်။ တော်ကြာ ကိုယ့်ပျိုရွယ်မှုတွေအားလုံး ထောင်ထဲမှာ စတေးနေရဦးမယ်"

နန်းနုခွေကလည်း ထောက်ခံ၏။ သူ့အတွေးနှင့်သူ။

"ဟုတ်တယ် ...ဟုတ်တယ်၊ ခုခေတ်က နည်းနည်းဆိုရင် အမှုကြီးတယ်။ ဆယ်ဘီးကားကြီးတွေ၊ သင်္ဘောလိုက်မိတာတွေကျ ပိုင်ရှင်မဲ့တို့ လိပ်စာမှားတာတို့နဲ့ ပြီးတယ်"

"ကားကြုံလိုက်တာလို့ ပြောရင်လည်း လွတ်ပါတယ်တာ"

နေကြစမ်းပါဦးဟာ။ တို့ကိုပေးလိုက်တဲ့ ကားထဲမှာ မူးယစ်ဆေးတွေ၊ ခေါင်းပြားတွေ ထည့်ပေးလိုက်သလားမှမသိတာ။ ငါတို့တွေအားလုံး အပြစ်ကင်းချင်ရင် ဒီကားကို ရဲစခန်းတစ်ခုခုမှာ ထားပစ်ခဲ့တာ ကောင်းမယ်ထင်တယ်"

"ရဲက ရစ်နေဦးမယ်။ မြို့တစ်ခုခုအနီးမှာ ရပ်ထားခဲ့ပြီး တို့တွေ ကားတစ်စီးစီးငှားပြီး စီးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ရင်လည်း မြန်မြန်လုပ်ကြ။ တော်ကြာမှ ဓားစာခံ ရာလက်လျှို၊ ဦးဝေမှူးဆင်တဲ့ခွင်ထဲမှာ ကားခနဲ မိကုန်ကြဦး မယ်"

အားလုံးပင် တိုင်ပင်၊ သဘောတူလိုက်ကြပြီး မြို့ အဝင်မလှမ်းမကမ်းတွင်ပင် ကားရပ်ပစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်ကြ သည်။ ကားကိုရပ်ခဲ့ပြီး ယွန်းက အကြံရလိုက်၏။

"နေဦး ...ဒါ ဦးဝေမှူးကြီးရဲ့ခွင်ဆိုရင် မေမေ့ကို တစ်ဆင့်သတင်းပေးလိုက်ဦးမယ်။ သူတို့အချင်းချင်း ချိတ်ဆက် ပြီး ယူကြလိမ့်မယ်"

"တို့ကားကရော တော်ကြာ ဖွတ်မရ ဓားမဆုံး ဖြစ်နေ ဦးမယ်"

"ဉစ္စာချောက်မနေကြနဲ့။ ရန်သူတော်ကြီးရဲ့ကားကို လည်း မစီးရဲပါဘူး"

ယွန်းက မေမေ့ဆီအကျိုးအကြောင်း ဖုန်းဆက်နေတုန်း လွန်းခေါင်က ကားငှားဖို့ကြံစည်ရသည်။

ဦးဝေမှူး၏ကားကို မြို့အဝင်တွင် ရပ်ထားခဲ့ကြပြီး နောက် ထပ်ကားတစ်စီးငှားကာ သူတို့အဖွဲ့ ခရီးဆက်ခဲ့ကြသည်။



## အခန်း (၁၈)

"ဟာ ...ကံကောင်းလို့ပေါ့။ ကံကြီးပေလို့"

Fb မှာတက်လာသည့် သတင်း၊ သတင်းစာမှတက်လာ သည့် သတင်းက မဖွယ်မရာ။

"---- မြို့အဝင်တွင် ရပ်ထားသည့် ကားအနက်ထဲမှ ဆေးပြားများ (သိန်း ၆၀) ဖိုးခန့်တွေ့ရှိ။ ကားမှာမောင်းသူမဲ့ဖြစ် ပြီး ဖြစ်စဉ်ကို စုံစမ်း စစ်ဆေးနေပါကြောင်း"

ပုံနှင့်တကွ ဖော်ပြထားတာ။

"တောက် ...မိုက်ရိုင်းလိုက်တာနော်။ ဦးဝေမှူးအကြံက တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်။ ဆေးပြားတွေ လွတ်လည်းအမြတ်၊ မိလည်း မယားပါသမီး (၂) ယောက်ကို ထောင်ထဲထည့်မယ့် အစီအစဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ပါ တသီကြီးငွမ်းမှာ"

"အေးလေ ... ကံကောင်းလို့"

သူတို့ စုစုပေါင်း (၆) ယောက်မျိုး။ ယခုမှ ပိုပြီး ကြ
သီးတွေထနေကြရသည်။

"ငါတို့တွေရဲ့ ပျိုရွယ်တဲ့ဘဝတွေ အားလုံးထောင်ထဲ
ကုန်ဆုံးအောင်လုပ်တာ။ ဒီလူကြီးတော်တော်များနေပြီ"

လွန်းခေါင်တို့အိမ်က ရှေးအိမ်ကြီး။ ကျွန်းနှစ်ထပ်အိ
မိသားစုကလည်း အများသား။ လွန်းခေါင်က သားအငယ်
သူ့အထက် အစ်ကိုမိသားစု (၃) စုလည်း အတူနေကြသည်

အညာမလေးအရ အိမ်ဝိုင်းတစ်ဝိုင်းထဲမှာ အခြားဆွေမျိုး
သားချင်းတွေလည်း နေကြသည်။

ညည့်သည်ကို ခင်ကြ ချစ်ကြတာလည်း အညာ
ထင်ပါ၏။ ဟိုအိမ်က ဟင်းခွက်ပို့၊ ဒီအိမ်က ထမင်းစား
နှင့်။

ညနေကမှရောက်ကြပြီး သည်မနက်မှာတော့
ယောက်အတူ ညည့်ခန်းထဲမှာ သတင်းစာဖတ်နေကြရင်း တို
နေကြခြင်းပင်။

လွန်းခေါင်၏မိဘများနှင့် အစ်ကိုတွေ၊ မရီးတွေ၊





တွေဆိုတာလည်း အိမ်ကြီးထဲမှာ တိုင်းပြည်တည်လို့ရလောက်
ည်။

ထူးခြားတာကတော့ ညီအစ်ကိုတွေ၊ လင်ညီအစ်မတွေ
ကလေးအချင်းချင်း တည့်ကြခြင်းပါပင်။

လွန်းခေါင်တို့အိမ်က ကြီးသလို လူတွေကလည်း အများ
ပြား။ ဆရာမြ (မြသန်းတင့်) ရဲ့ ခန်းဆောင်နီအိပ်မက်ကို
ောင် သွားသတိရမိပါ၏။

ခေတ်ယွန်းအိမ်ဟာ စာကြီး၊ ပေကြီး ဗဟုသုတရစေဖို့
လျှင် အတတ်နိုင်ဆုံး စိတ်ကိုတင်းပြီး ကြိုးစားဖတ်ရှုသူပါ။

ရွှေပြည်တော်မျှော်တိုင်းဝေးဆိုလျှင်လည်း အိန္ဒိယနိုင်ငံ၏
လေး ယဉ်ကျေးမှုတွေနှင့် ကမ္ဘာကျော် အက်ရှလေ၊ ရှုလီ
တို့၏ ဂန္ထဝင်မြောက်သည့် ကမ္ဘာစစ်နောက်ခံဇာတ်လမ်းကြီး
ကြိုးစားဖတ်ရှုခဲ့ပါသည်။

ခန်းဆောင်နီအိပ်မက်ဆိုလည်း ဒီလိုပါပဲ။ ဘာသာပြန်
တွေ၊ ဘာတွေရသည့် တရုတ်ယဉ်ကျေးမှုဝတ္ထုတော်ကြီးရယ်
ယွန်းအိမ် ကြိုးစားဖတ်ရှုခဲ့ပေမယ့် ဘယ်လိုမှ အာရုံစုစည်း
ချေ။

အိမ်ထောင်စုတွေအများကြီး စုနေသည့် တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုထဲ မည်သူက မင်းသား၊ မည်သူက မင်းသမီး
လို့လည်း မှတ်လို့မရ။

မင်းသားတွေ၊ မင်းသမီးတွေများလွန်းလို့ လက်မြှောင်
အရှုံးပေးခဲ့ရသလို။

ယခုလည်း လွန်းခေါင်၏ဆွေမျိုးတွေက များလွန်း
မြင်မြင်သမျှ ပြုံးပြနေရတာလည်း မောလှပါပြီ။

အညာဝလေ့အတိုင်း ဖော်ရွေနေတာကလည်း တွေး
မရ။ သူတို့ဓလေ့ကိုက ညှော်သည်ဆိုလျှင် အရေးပေးပြီးသား

သူတို့၏သားနှင့် သဝန်တိုတာတွေ၊ ဘာတွေ မဖော်
အေးလေ၊ တိုရအောင်လည်း ငါတို့ခင်မင်မှုက ရိုးရိုးသားသား

အိမ်မှာ လူတွေတစ်လှေကြီးနှင့်ပေမယ့် ယောကျ်ား
ကလည်း သူတို့အလုပ်နှင့်သူတို့၊ မိန်းမတွေက အိမ်ထောင်
သိမ်းကြ၊ အလုပ်တွေလုပ်ကြ။

ကလေးတွေကလည်း ကျောင်းတက်၊ ကျူရှင်တက်
နှင့်။ ကလေးသေးသေးလေးတွေသာ အိမ်မှာရှိကြပါသည်။

သူတို့အုပ်စုကတော့ ခြံထောင့်က ပုန်းညက်
အောက်မှာ စုထိုင်ပြီး စကားတွေပြောနေကြပါသည်။ ပုန်းည
ပင်မှာ အရိပ်ရပြီး သစ်သားများနှင့် ပိုင်းပတ်ထားသော





င်လို့လည်း ရသည်။

"ကိုကိုတို့ ပခုက္ကူ၊ မင်းဘူး၊ ပုဂံ၊ ညောင်ဦးထိ
လျှောက်သွားကြမယ်။ လည်ကြမယ်လေ"

ဆွေမျိုးတွေများသဖြင့် လွန်းခေါင်မှာ ဟိုအိမ်ကခေါ်၊
ည်အိမ်ကခေါ်။ အုပ်စုလိုက်ကြီး လျှောက်မသွားချင်တာမို့ သူ
ယောက်တည်းလွှတ်တော့လည်း မသွားချင်။

အညာရောက်မှ ကိုသတိပေးတော့ ခေတ်သီရိကလည်း
တွဲတွဲ။

ယွန်းက ညီမလေးကို သတိပေးတော့ သူမက ဆင်ခြေ
ည်။

"မမယွန်းကလည်း ကိုကိုလွန်းခေါင်ရဲ့အမျိုးတွေက လူ
ကို ယုန်ထင်၊ ကြောင်ထင် ကြည့်နေကြတာ။ ခေတ်က
ခံနိုင်ဘူး။ သူတို့လူနဲ့ မဟုတ်ကြောင်း အလီဘိုင်ပြတာ။
အနားနေလိုက်တော့ ခေတ်ကိုမထင်ကြတော့ဘူး။ မမယွန်း
ထင်ကြမှာ။ ဟိဟိ"

"တော်တော် အကြံကောင်းတယ်။ ကဲ ငါတို့ကျောက်မဲ
တော့ရော ဘယ်လိုလုပ်ကြမလဲ"

"အဲဒီကျ ခေတ် ကိုကိုလွန်းခေါင်းအနားကပ်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



မမယွန်း ကိုကို့အနားကပ်''

''အေးပါ ... အေးပါ၊ နင့်စကားနင်မှတ်ထား။ နေ

လေး''

သူဆင်ခြေနှင့်သူတော့ ဟုတ်လို့။ စိုင်းကောင်းဆက်

လူယုတ်မာ မဟုတ်နိုင်တာမို့ ယွန်း ကဲကဲဆတ်မနေတော့

သူတို့ (၂) ယောက်ကလည်း အုပ်စုမှ ခွဲထွက်သွားတာ

မဟုတ်။

အုပ်စုထဲမှာပဲ နှစ်ယောက်တတွဲတွဲရှိနေတာ။ ယခုလည်း

သူမတို့အုပ်စု စကားပြောနေကြတော့ ခေတ်က စိုင်းအနား

ကြောင်ကလေးလို။ စိုင်းလက်မောင်းကိုမှီလို့။

သူမ၏ အမှတ်တမဲ့အပြုအမူလေးက လူပျိုသိုးကြီး စိုင်း

အတွက်တော့ ရင်ခုန်သံတွေက ဗုံတီးသလို။

ဗုံမှ ဗုံကြီးသံ။ ရှေ့ဘိုမင်းလက်ထက်က ဗုံကြီးသံမျိုး

အပျိုမလေးရဲ့ အိအိထွေးထွေး၊ မွှေးမွှေးနုနု နုဖူး

ခေါင်းလေးက သူလက်မောင်းကြီးကို မှီနေတာလေ။

ဂါဝန်လေးနှင့်ပေမယ့် အသက် (၁၈) ကျော်လို့ (

နှစ်ရောက်နေပြီဖြစ်သည့် အပျိုမလေးဟာ နုနုထွားထွားနှင့်

စကြာဝဠာတောင် ဝင်ပြိုင်လို့ရသည့်အရွယ်။





သည်တော့ စိုင်းရင်ထဲမှာ နှလုံးသားတစ်ခုလုံး ကပို

ရှို့။

''နင် ငါမေးတာ ဖြေဦးလေ''

''ဟင် ... ဘာ ဘာလဲ''

''ဩော် ... တို့တွေ ရောက်တုန်းရောက်ခိုက် ညီမလေး

တို့ အညာတစ်ကြော ဘုရားဖူးလျှောက်ပို့ရ ကောင်းမလားလို့''

''ကောင်း ... ကောင်းတယ်''

ရွာမှာနေပြီး သူဆွေမျိုးတွေက လူတွေကို မိန်းမခိုးလာ

သလို ဝိုင်းအုံကြည့်နေကြတာထက်စာရင် ဘုရားလျှောက်ဖူးနေ

တာမှ ကောင်းဦးမည်။

သို့သော် ယွန်းက ကိုယ်ချင်းစာတတ်ပါသည်။

''ကိုကို ကိုယ်က တစ်ခါတလေမှ မိဘဆွေမျိုးတွေဆီ

ရောက်လာတာ။ သူတို့စိတ်ကျေနပ်အောင် သူတို့အနားမှာနေပေး

သင့်ပါတယ်''

ယွန်းပြောတာ တရားနည်းလမ်းကျပေမယ့် စိုင်းက

တော့ လမ်းပေါက်ထွင်သည်။

''ဒါဆို ဒီလိုလုပ်ကွာ။ လွန်းခေါင်၊ မင်းက ကျန်ခဲ့လိုက်။

ရွာမှာ လူကြီးသူမတွေ၊ ဆွေမျိုးတွေ ကျေနပ်အောင် ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အုပ်စုက ဘုရားလျှောက်ဖူးလိုက်မယ်။ ညနေပြန်လာမှာ ကွာ''

"ဩော် ... တော်တော်မှ တရားမှုတာပါပေ့။ စိုင်း ဒ မင်းအကြံ အကုန်လား"

"ငါက အကောင်းအကြံပေးတာပါ။ မင်းက အမျိုးတွေ ဆီ တစ်ခါတလေမှ ရောက်တာ၊ သူတို့နဲ့နွေးနွေးထွေးထွေး ပေးသင့်တယ်"

"မင်းတို့ကျတော့ရော။ ဒါလားသူငယ်ချင်းကောင်း သူငယ်ချင်းကောင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဒေ အတူ ရှင်မကွာ လည်ပင်းဖက်ပြီးနေသင့်တယ်ကွ"

"အဲဒီစကားက ဘေးဒုက္ခ၊ အန္တရာယ်နဲ့ ကြုံတွေ့ရ ပါ။ ခုက မင်းကို အမျိုးတွေကြားထဲ ထားခဲ့မှာပါ။ ဘယ်သူ လည်း ဒုက္ခမပေးပါဘူး။ ကံကောင်းရင် စုတ်တွေ၊ လာဘ်ရွေ တောင် ဝင်လိမ့်ဦးမယ်"

"မင်းကတော့ ပြောအားရှိတာပေါ့။ အနားမှာ ကြောင် မလေးက အဆင်သင့်"

"ဟင် ... ကိုကိုလွန်းခေါင် ဘာ ဘာ ဘာပြောတယ်

သည်တော့မှ ခေတ် စိုင်းကောင်းဆက်အနားမှရှာပြီ





လွန်းခေါင်ကို ရန်တွေ့လေ၏။

"ဆောရီး ... ဆောရီး"

သူတို့အဖွဲ့တွေ ဝိဝါဒကွဲနေတုန်း လွန်းခေါင်၏အမေနှင့် ကြီးတော် အနားသို့ရောက်လာလေ၏။

"သားရေ ... ရွာတောင်ပိုင်းက ဒွေးလေးတို့အိမ်က လှမ်းဆက်တယ်။ သားကို အိမ်လည်ဖိတ်၊ ထမင်းစားဖိတ် တယ်။ ဒွေးလေးသမီးလေး ယဉ်ကျော့ဖြူလည်း အိမ်ပြန်ရောက်နေ သားကို အမေပြောထားတဲ့ မိန်းကလေးလေ"

"ဟာဗျာ အမေကလည်း သား ငြင်းထားပြီးသားနော်။ အမေ မတရားမလုပ်နဲ့"

"အလိုတော် ရုပ်တောင်မကြည့်သေးဘူး။ ဖွတ်ငြင်းနေ တော့တာပဲ။ တော်ကြာမှ စေ့ငှတီကို ငြင်းမိတဲ့ ဘုရင်လို ခံတတွေ ရနေဦးမှာ မြင်ယောင်ပါသေး"

ကြီးတော်ကလည်း ဝင်ပြီး အားဖြည့်ပြန်၏။

"ရုပ်ချောချက်က တောနဲ့ကိုမတန်ပေါင်ကွယ်။ ပညာ လည်း ဘွဲ့ရ၊ လူကလည်း မိုင်းကောင်းကျော်ဖိ။ သဘော တောသူ ရိုးရိုးယဉ်ယဉ်လေး"

"ပုံတုံးကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . တက္ကသိုလ်ကျောင်းသူကပဲ။ ခေတ်လည်း မီ တယ်။ ဆံပင်ရှည်နဲ့ မြန်မာဝတ်စုံနဲ့ပါ။ ဂါဝန်တွေ၊ ဘောင်းဘီ တွေ မဝတ်ပေါင်"

ယွန်းဝတ်ထားတာ မြန်မာဝတ်စုံဝမ်းဆက်လေးပါ။ ဖြူ သားအိအိလေးမို့ ကိုယ်လုံးမြင့်မြင့်လေးက လှပကျော့ရှင်းနေ သည်။ ဆံပင်ကတော့ မထုံးမဖွဲ့တတ်တာမို့ ဒီအတိုင်းချထား ၏။

ခါးထိရှည်သည့် ဆံနွယ်လေးတွေက အိပြီး အနက် ရောင်။ ပင်ကိုဆံပင်က လှတာမို့ လက်လက်ကလေးပါ။

ခေတ်ကတော့ ဂါဝန်လေးနှင့်။ ဂါဝန်ဆိုပေမယ့် အပေါ် အပြတ် အဟိုက်လည်း မဟုတ်ရပါ။ ဂါဝန်က ခါးမှာ အတွန့် လေးတွေနှင့်။ ခြေသလုံးထိရောက်ပါသည်။

လက်ဖောင်းအတိုလေးနှင့်။ ဘာဘီရုပ်လေးလို လှနေ တာ။

ကေနွှ လွှန်းခေါင်အမေက သူ့သားနှင့် ငြိနေတာ။ ဘယ် သူမှန်းမသိတာမို့ ရမ်းကြိတ်နေသလားမသိ။

ယွန်းရော ခေတ်ပါ အချောအလှ ချစ်စရာကောင်းလွန်း လှတာမို့ နှစ်ယောက်လုံးနှင့် စိုးရိမ်နေကြပုံ။





နန်းနုဆွေနှင့် ယုယဝင်းခင်ကိုတော့ စာရင်းမတို့ကြ။

ကြာရင် ပိုဆိုးတော့မှာမို့ လွှန်းခေါင် သူ့အမေနှင့် ကြီး တော်၏စကားကို အမြန်ဖြတ်ရသည်။

"ကဲ သဲတို့သမီးလိုက်ကြည့်တာတော့ မဟုတ်ဘူးနော်။ ချစက်တို့ ဖူးစာတို့ဆိုတာ ဖွတ်မဖန်တီးရဘူး အမေရဲ့။ အမေတို့ ခေတ်ကလို မိဘက စပ်ဟပ်၊ လည်ရှာပေးရတဲ့ခေတ်လည်း မဟုတ်တော့ဘူး"

"အံမယ် လွှန်း . . . နင်က မအေထက် သားတစ်လ ကြီး၊ မိကျောင်းမင်း ရောက်နေပြီ"

"ဘုန်းကြီးစာချတာယ်ပဲပြောပြော ဘဝဆိုတာ အရှည် ကြီး။ သံသရာဆိုတာ အရှည်ကြီး အမေရဲ့၊ ကိုယ့်ချစ်သူလေးနဲ့ ဆိုရင်တော့ သွားရမှန်းမသိ ရှည်ရမှန်းမသိပေါ့"

"ဟဲ့ လွှန်း"

"ကဲ သွားမယ်၊ သွားမယ်။ လိုက်ကြည့်မယ်။ မိယွန်း ကိုကိုနဲ့ အဖော်လိုက်ခဲ့"

"အန် ဘာဆိုင်လို့လဲ ကိုကိုနော်"

သူက မိယွန်းတွေ၊ ဘာတွေနှင့် ပိုင်ကြောင်းနိုင်ကြောင်း ဆွဲပြီး ယွန်း လက်မောင်းလေးကို ဆွဲခေါ်သွားလျှင် ခေတ်မှ ယွန်း



www.burmeseclassic.com

www.burmeseclassic.com



အိမ် မျက်စိမျက်နှာပျက်ပျက်နှင့် တရွတ်တိုက်ပြီးပါသွားရပါ
သည်။

ရွာမှာ ကားရှိသည့် ၄–၅ အိမ်ထဲ လွန်းခေါင်၏မိဘများ
လည်းပါပါသည်။ ကားနှင့်သွားကြမှာ။

လွန်းခေါင်က မောင်းပြီး ယွန်းရယ်၊ သူ့အမေနှင့် ကြီး
တော်ကြီးပါသည်။

သူ့အမေနှင့်ကြီးတော်ကြီးဟာ ရုပ်ရှင်ထဲကလို ဂုဏ်
မောက်သည့်မိဘတွေမျိုးမဟုတ်တာမို့ အခြေအနေက မထင်
မကျ။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ။

အဲ မြွေမသေ တုတ်မကျိုး။

စိုင်းကောင်းဆက်ကတော့ လွန်းခေါင်သွားရတာ
မဖြောင့်အောင် လုပ်ပြီးအော်ပါလေ၏။

"လွန်းခေါင်ရေ ငါတို့အဖွဲ့ ဘုရားတွေလျှောက်ဖူးဦး
မယ်နော် အိုကေ"

ကားစက်သံနှင့်မို့ သဲသဲကွဲကွဲမကြားရပါ။ ယွန်းခများ
လည်း ကျဉ်းထဲကျပ်ထဲ။

တောင်မင်း မြောက်မင်း မကယ်နိုင်သည့်အဖြစ်။



## အခန်း (၁၉)

မျက်ဖြူဆိုက်လေ ဆရာကြိုက်လေတဲ့။

ဒါမှ ဆေးဖိုးများများတောင်းလို့ရမှာလေ။

စိုင်းကောင်းဆက်တို့က ဒါမျိုးဆိုလျှင်ပြီးသား။ နန်းနုခွေ
ငဲ့ ယုယဝင်းခင်ပါ ခေါ်ပြီး (၄) ယောက်သား လစ်တာပေါ့။

ရွာမှာ ကားငှားလို့ရတာမို့ ဆီက ကိုယ်ထည့်၊ ကားခ
စ်နေ့ (၂) ယောက် ပေးလိုက်ရုံနှင့် အခြေအနေက အိုကေ
ည့် ဟိုဘက်တောင်ရောက်သေး။

ချက်ချင်းပင် ကားငှားပြီးလစ်ကြသည်။ လွန်းခေါင်နှင့်
တ်ယွန်းအိမ်တို့မရှိတုန်းမို့ ပိုပြီး အဆင်ပြေသည်။

နှိုမ့်မလွယ်။ နေရာတကာ ဆရာကြီးတွေလုပ်ပြီး အတွေး



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးတွေ တွေးနေကြတာမို့ လောကကြီးဟာ (သူတို့ပါလျှင် ပျော်စရာမကောင်းတော့။

မိန်းကလေး (၃) ယောက်ကို တင်ဆောင်ပြီး စိုင်းကောင်း ဆက် ဦးဆောင်ထွက်ခဲ့သည်။

ကားပိုင်ရှင်၊ ကားဆရာကလည်း လူငယ်လူရွယ် လူပျို လေးမို့ အစီအစဉ်ကတော့ အပြေလွန်နေလေ၏။

ကားဆရာက နန်းနုဆွေနှင့် ယုယဝင်းခင်ကို မစား အညှော်ခံလုပ်လိမ့်မည်။ စောင့်ရှောက်လိမ့်မည်။ သူကတော့ ကိုယ့်ရဲ့ရှင်နှောင်းလေးကိုပဲ ယုယမှာပေါ့။

အဓိက,က ပုဂံရောက်အောင်သွားကြတာ။ နေ့ချင်းပြ ကြမှာမို့ လမ်းဘုရားတွေ မဖူးကြတော့။

မချော (၃) ယောက်က ပုဂံကို တစ်ခါမှမရောက်ဖူးကြ တာမို့ စိတ်ဝင်တစားနှင့် ပျော်ရွှင်နေကြ၏။

စထွက်လာကတည်းက နံနက် (၈) နာရီကျော်နေပြီ ပုဂံရောက်အောင် အားချင်းမောင်းနေရသည်။

လမ်းမှာ ထမင်းဝယ်စားကြရသည်။ အစားအသောက် တွေလည်း ဝယ်ထည့်သွားရသည်။ စိုင်းကောင်းဆက်က ငွေ ဆာပေါ့။





သူကြောင်မလေးကလည်း အစ်မဖြစ်သူ ယွန်းမပါလာ သည်မို့ ပိုပျော်နေသလားပင်မသိ။

ကားလေးက ဘက္ကစီလို လိပ်ခုံးလေး။ ရှေ့မှာ ကား သမားနှင့် နန်းယုဆွေ။

နောက်မှာ စိုင်းနှင့်ခေတ်၊ ယုယဝင်းခင်။ ကားက ချောင် သမယ့် စိုင်းက ခေတ်၏ပခုံးလေးကိုဖက်ထားသည်။ သည်တော့ သည်း မချောလေးက မျက်နှာလေးနီနီ။

“ကိုကိုနော်” ဆိုပြီး ယုယဝင်းခင်နှင့်သာကပ်ပြီး စကား ဆွ ပြောနေသည်။

“တောက်”

ကားကလည်းချောင်လိုက်တာ။ (၄) ယောက်ဆိုအတော် ကျပ်သွားမှာ။ ယခုနေ ဝတုတ်လေးတစ်ယောက်လောက် ကား ပါတက်လာရင် သိပ်ကောင်းမှာ။

ယခုကျ ခေတ်က အလယ်မှာထိုင်ပြီး ယုယအနားသွား ကပ်နေလေ၏။

“ဘာဖြစ်လို့လဲ ကိုကို”

“ကားချောင်နေလို့”

“ဟင် ချောင်တော့ကောင်းတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မရွှေခေတ်၊ မျက်စောင်းလေးချိတ်ကာ ယုယဘက်သို့ ပြန်လှည့်သွားတော့ ယုယက အထာပေါက်သည်။

"နင်နဲ့ဝေးနေလို့ပေါ့။ ကဲနေတာ၊ သဲနေတာလေး ယောက်ျားတွေ ဒီလိုပဲဟ"

"မိယုမ နင်နော်။ ကလေးကို မဟုတ်တာတွေ လျှောက် ပြောမနေနဲ့"

"အင်းလေ ကလေးမို့လို့ ကိုစိုင်းနှပ်တိုင်း ခံသွားရမှာ စိုးတာ"

"ကိုယ့်အတွက်ပဲ ကိုယ်ပူပါမကြီးစာ။ ခေတ်အတွက် မပူပါနဲ့"

သူတို့ (၂) ယောက်စကားအချေအတင်တွေပြောနေကြ တုန်း ကားရှေ့မှာ ဝတုတ်မလေးတစ်ယောက် ဘွားခနဲ ကား တားလေ၏။

"ဟာ"

ဆုတောင်းတော့ပြည့်ပြီ။ ကေန္တ အမြင်မတော်သည့် သိကြားမင်းကြီးက ချပေးလိုက်သည့်ထင်ရဲ့။

ကားမောင်းသည့် လှတင့်က ကားရပ်ပေးပြီး –

"ဟဲ့ ငွက်စိတ်၊ နင် ဘယ်ကနေ ဘယ်လို"





"ငါ မန္တလေးက ပြန်လာတာ။ ငါစီးလာတဲ့ကား ဘီးလဲ နေလို့ ကားကြုံထွက်ရှာတာ"

ကားသမားလေးက စိုင်းကောင်းဆက်ကို လှည့်ပြီးခွင့် တောင်း၏။

"အစ်ကို ဒါ ရွာကကျွန်တော့်ညီမတစ်ဝမ်းကွဲပါ။ မန္တ လေးမှာ အလုပ်သွားလုပ်နေတာ။ တင်ခဲ့ပါရစေ"

"တင် တင်ပါ၊ လူသားချင်းစာနာနေတဲ့ခေတ်ကြီးထဲမှာ ညီရမှာပေါ့။ နေစမ်းပါဦး၊ ငါတို့က ပုဂံဘုရားဖူးသွားမှာ။ သူက ရွာကိုတန်းပြန်ချင်တာ မဟုတ်လား"

ကောင်မလေးက သွက်သွက်လက်လက်ပင် ဖြေ၏။

"ရတယ်အစ်ကို၊ ရွာ ဘယ်အချိန်ရောက်ရောက် ရောက် ခဲ့ပြီးတာပါပဲ"

"ဒါဆိုလည်း ပြီးရော၊ တက်"

ဝတုတ်မလေး ကားထဲဝင်လာတော့ ကားက (၄)ယောက် ကျပ်သွား၏။ ကားဆရာက အားနာနေပေမယ့် စိုင်းကတော့ အဆင်ပြေနေလေ၏။

"ညီမလေး ဒီဘက်တိုး။ သူတို့ကျပ်နေလိမ့်မယ်။ တိုး ကိုယ့်ဆီဘက်တိုး"



www.burmeseclassic.com

www.burmeseclassic.com



ယုယဝင်းခင် အမြင်ကတ်ကတ်နှင့်ပြောပစ်လိုက်၏။

"သူ့ပေါင်ပေါ်သာ တက်ထိုင်လိုက်တော့ဟေ့။ ဒီလောက် ဖြစ်နေရင်လည်း"

"မယုကလည်းလေ"

ခေတ် အရှက်တွေသည်းနေပြီး မျက်နှာမထားတတ် ဖြစ်နေလျှင် စိုင်းကတော့ ပြုံးပြုံးကြီး။

"ခုမှ နေရ ထိုင်ရတာ အဆင်ပြေသွားတော့တယ်။ ကားက ငြိမ်နေတာပဲ"

စိုင်းကို ယုယဝင်းခင် မျက်စောင်းထိုး၏။ စိုင်း မပြ ယောင်ဆောင်ရင်း ခေတ်ကို ပုဂံရာဇဝင်၊ ပုဂံဘုရားစေ အကြောင်း ကြုံပြီး ဂိုက်လုပ် ပြောပြနေ၏။

"ပုဂံဘုရားတွေက အများကြီးဆိုတော့ ခေတ်တို့ ခ လေးနဲ့ ဘယ်လိုလုပ်ပို့ ကိုကို"

သူ့ကို မျက်လုံးလေး အပြူးသားနှင့် မေးနေပုံလေး ချစ်စရာ။ ကလေးဆန်တဲ့အမူအယာ ပိုင်ရှင်လေး"

"တစ်ဆူ နှစ်ဆူပဲဖူးကြတာပေါ့ကွာ။ အချိန်မှမရ ခုကိုပဲ (၁၁) နာရီထိုးတော့မယ်"

"ဟင်း ... ရောက်ပြန်ကြီးပေါ့နော်။ ရောက်တယ်





လေးပေါ့"

"အင်းပေါ့"

ခေတ် ဘာမှ ပြန်မပြောသာ။ ညအိပ်လို့လည်း ဘယ် ကောင်းမလဲ။ မမယွန်းမှ မပါတာ။ ဒါပေမဲ့ ငါတို့က မိန်းကလေး တွေ အများကြီး။

သူသာတစ်ယောက်တည်း။ အဲ ကားသမားနဲ့ဆို (၂) ယောက်ပေါ့။

ခေတ် ဘာမှမပြောဘဲ လမ်းတစ်လျှောက် အငေးသား။ တော့ ယခုမှ ကိုယ်တစ်ခြမ်းစီကပ်နေရသည့် ချစ်ရသူလေး မှာ ကမ္ဘာကြီးဆုံးအောင် လျှောက်သွားနေချင်မိ၏။

အရွယ်ငယ်ပေမယ့် အလိမ္မာအိုးလေ။ သူ မြင်နေရပါ ည်။

အချက်အပြုတ်တွေလည်း အကုန်နားလည်၊ ငွေရေး ကြေးရေးကအစ သိတတ် လိမ္မာသည့်ကောင်မလေး။

ကလေးလေးလို ချစ်စရာကောင်းပြီး လူကြီးလေးလို ရာ သိတတ် လိမ္မာတတ်သည့် ကောင်မလေး။

သူ ကံကောင်းလွန်းလို့ ရေစက်အဖြစ်ဆုံးတွေ့ရတာ။ အကျိုးဆောင်တတ်လို့လည်း ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကို ကူညီချင်သည့်၊ ဒုက္ခရောက်သူကို စော ရောက်ချင်သည့် စိတ်ကြောင့် ယခုလို အလိမ္မာလေးနှင့် တွေ့ တာ။

"ကိုကို"

"ဗျာ ညီမလေး ပြော"

"ရောက်လက်စနဲ့ ခေတ်တို့ ဘုရားလေးခပ်များများ ဖူးရအောင်လေ"

ပွဆာနေပုံလေးက ချစ်စရာကောင်းလှသဖြင့် စိုး ကြည်နူးရသည်။

"လှည်းဝင်ရိုးသံ တညံညံလုံး ဖူးမလို့လား ချာတ ရဲ့"

"အကုန်လည်း မရှိတော့ပါဘူးနော်။ ကိုကို စောစော ပြောတဲ့ ဗွယ်တော်လေးဆူတို့၊ ရွှေစည်းခုံတို့၊ ဘာတို့ပေါ့။ ကျ သားမင်းကြီးရဲ့ အာနန္ဒာ၊ မနူဟာမင်းရဲ့ ဘာ"

"ကိုယ့်ဘာသာစဉ်းစား"

ခေတ် နဖူးလေးတွန့်ပြီး စဉ်းစားပေမယ့် အဖြေမ

"ကိုကိုညစ်တယ် ပြော ပြောပြ။ မနူဟာ တည် ဘာဘုရားလဲ"





"ဟိုကျမှ ပုဂံဘုရားသမိုင်းစာအုပ် ဝယ်ပေးမယ်။ ကိုယ့်ဘာသာလေ့လာပေတော့"

တစ်လမ်းလုံး စိတ်ကောက်ပြီး သူ့ဘက်မလှည့်သည့် အောင်မလေးကို တစိမ့်စိမ့်ချစ်လာရင်း စိုးတို့အဖွဲ့ နေ့လယ်ကျမှ ထံရွှေစည်းခုံစေတီတော်ကြီးသို့ ဆိုက်ရောက်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အပျက် အပျက်နှင့် နာခေါင်းသွေးထွက်သတဲ့။

လွှန်းခေါင်က ယွန်းလက်ကိုမလွှတ်တမ်း ဆုပ်ထားလျှင် သူမ မျက်လုံးပြူးရပါလေပြီ။

ကားရပ်လိုက်တော့ ခေတ်မီတိုက်တစ်လုံးရှေ့ ရောက် နေတာ တွေ့ရသည်။ တောပေမယ့် မြို့ဖြစ်နေပါပြီ။ တိုက်နယ် ဆေးရုံရှိသည့်မို့ မြို့ပါပဲ။

စီးပွားရေးလည်းကောင်းကြပုံ။ အိမ်ကြီးအိမ်ကောင်းတွေ တိုက်တွေ အများအပြားတွေ့ရသည်။ ကားပေါ်မှာ သူ့အမေနှင်း ကြီးတော်တို့ မျက်စိမျက်နှာပျက်နေကြ၏။

လွှန်းခေါင်ကြီးတော်က သူ့တူကို ခပ်ဆတ်ဆတ်ပြော သည်။





"လွှန်း ယဉ်ကျေးဖြူကိုမယူချင်လည်း ရတယ်။ နှင့်ကို အတင်းရိုက်ပြီး မပေးစားဘူး။ ဟိုဘက်ကလည်း ဂုဏ်နဲ့ ဒြပ်နဲ့ပဲ။ ဒါတို့ မျက်နှာပျက်အောင် မလုပ်နဲ့။ ဣန္ဒြေရရနေစမ်း"

သည်စကားဟာ ဘာကိုဆိုလိုမှန်း ယွန်း သဘောပေါက် ပါသည်။ လွှန်းခေါင်လည်း ပေါက်တာပေါ့။

"ကျွန်တော်က ကာဘာယူထားတာ။ ကျွန်တော့်မှာ ပိုင်ဆိုင်သူရှိကြောင်း အသိပေးလိုက်တာ"

"ဘာ"

"သဘောပြောတာပါ။ မဏ္ဍပ်တိုင်တက်ပြထားရတာ မျိုး"

"လွှန်းနော်၊ နှင် မိဘက လက်နဲ့ရေး နှင်က ခြေနဲ့ ဖျက်မလုပ်နဲ့။ မိဘကို အရှက်တိုက်ရရင် ပြီးရောမလုပ်နဲ့။ ယဉ်ကျေး ဖြူကိုပဲ ကြည့်ကြည့်ပါဦး"

ခေတ်ယွန်းအိမ်လည်း မကျေနပ်ပါ။ သူနှင့်ကိုယ်ဟာ ဘာမှမဟုတ်။ သူက ကိုယ်တွေကို စောင့်ရှောက်ကာကွယ်ပေးနေ သူမို့သာ အလိုက်အထိုက် ဟန်ဆောင်ပေးနေရတာ။

ယခုလည်း သူ့အမေနှင်းကြီးတော်၏ သတိပေးချက် ကြောင့် ယွန်း လွှန်းခေါင်လက်ကို ဖြုတ်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းကလည်းကွာ"

"ရှင် နှမချင်း၊ သားချင်းစာဦး။ တော်လောက်ပြီ။ အ... တွဲလာပြုရုံနဲ့ ဟိုကလည်း သဘောပေါက်တယ်။ ရှိုင်းရှိုင်းစိုင်း... ပူးပြုစရာမလိုပါဘူး"

"လိုလို့ပြောနေတာကွ။ သူတို့က အပီအပြင် စီစဉ်... မှာ။ ကိုကို သူ့ကိုမယူနိုင်ဘူး"

ကားထဲမှာ စကားများနေရခြင်းပါ။ သည်စဉ် ယဉ်... ဖြူဖေါ်မိဘများ၊ ဆွေမျိုးများ ထွက်လာပြီး ကြိုဆိုကြ၏။

"ကားထဲမှာဘာလုပ်နေကြတာတုံး။ လာကြလေ။ အိ... ထဲမှာ အားလုံးအဆင်သင့်ပြင်ဆင်ပြီး စောင့်နေကြပါတယ်"

"ဟင်"

ဘာကိုပြင်ဆင်ပြီး စောင့်နေကြတာလဲ။ ဘုရား... လက်ထပ်ပွဲလား၊ စေ့စပ်ပွဲလား နှစ်ဖက်လူကြီးတွေ မြန်းကြ... လား။

အိမ်ထဲမှာတော့ လူတွေက အများအပြား။ လွန်း... ဆင်းရမှာတွန့်သွားသလို ယွန်းလည်းမဆင်းဝံ့တော့။

ဘာတွေလဲ။ သူ့အမေဟာ မလိမ့်တပတ်နှင့် သ... အိမ်ထောင်ရက်သားချပေးတော့မလို့လား။ ဘုရားရေ။





သို့သော် နောက်ဆုံး လွန်းခေါင်ရော ယွန်းပါ ဆင်းလိုက်... ကြရပါသည်။

လွန်းခေါင် အားမနာနိုင်တော့ပါ။ အမေတို့က အပီ... အပြင် စီစဉ်နေကြပြီမို့ သူ အားနာနေလျှင် ခါးပသွားရမည့်... အဖြစ်။

သည်တော့ ယွန်းလက်ကလေးကိုဆွဲပြီး အိမ်ထဲသို့ ရဲရဲ... ရင့်ရင့်ပင် ဝင်သွားတာပေါ့။ ယွန်းကလည်း ရှက်တာထက် စိတ်... ညစ်တာက ပိုပါသည်။

ငါတော့ ပဲလှော်ကြား ဆားညှပ်နေပြီ။ ဘာမှလည်း... ဘိုတ်တာ မဟုတ်ဘူး။

လွန်းခေါင်လုပ်တာလည်း မလွန်ပါ။ အိမ်ထဲမှာ ပရိသတ်... ... လူနှစ်ဆယ်ထက်မနည်း။ စေ့စပ်ပွဲတွေ၊ မြန်းတာတွေလိုမျိုး... အကြွေးအမွေးနှင့်။

လွန်းခေါင်မှာ ခေတ်ယွန်းအမ်ကို အဆောင်လက်ဖွဲ့လို... သဘောထား၊ အားတင်းပြီး ပခုံးလေးဖက်ကာ နှစ်ယောက်အတူ... ဝင်သွားရသည်။ လာမယ့်ဘေး ပြေးတွေ့ရမှာပဲ။

အခိုးဆုံးဖြစ်လာလည်း ရင်ဆိုင်မယ်။ ညှိခန်းထဲမှ... လူအများကလည်း စာအံ့တသြနှင့် ဝိုင်းကြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com



လွန်းခေါင် အမေနှင့်ကြီးတော်မှာလည်း မျက်နှာ
ပူနေပါ၏။ သတို့သမီးလောင်း လာကြည့်တာ ကိုယ့်သား
ချစ်သူတန်းလန်းနှင့်။

သူတို့က ချောင်ပိတ်ပြီးစီစဉ်လို လွန်းခေါင်ကလည်း
အချိန်မီ၊ အခါမီ အကာအကွယ်နှင့်။ အစီအရင်နှင့်။

ကြွေ့မြှမပျက်ခင် ယွန်းလက်ကိုဆွဲကာ ညော့ခန်းထဲ
ဝင်ရပါသည်။ ညော့ခန်းထဲရှိ လူကြီးသူမများမှာ မျက်စိမျက်
တွေ ပျက်နေကြသည်။

ဘယ်လိုလဲဟူသောအကြည့်များဖြင့် တစ်ယော
မျက်နှာ တစ်ယောက် ကြည့်လို့။

လွန်းခေါင်၏အမေနှင့် ကြီးတော်မှာလည်း ဘယ်
စကားကိုပြောရမှန်းမသိ။ တစ်ဖက်ကလည်းလွန်ပါသည်။ သ
သမီးလောင်းကြည့်ရအောင် ပြရအောင်လာသည်ကို ယရ
စေ့စပ်ပွဲလိုလို၊ လာမြန်းတာကိုလက်ခံမည့်ပွဲလိုလို အပိုင်စီး
ထားပုံကြီးက မလွန်ဘူးလား။

ကိုယ့်သားကလည်း လူကြီးများ ဖွတ်စီစဉ်မှာကို
ဖျက်သည့်သဘောနှင့် သူ့မိန်းကလေးကို အပိုင်ခေါ်လာခဲ့သည်
လက်ကို ဆုပ်ကိုင်ထားလိုက်တာ လွှတ်ကိုမလွှတ်တော့။





ကဲ မည်သူတွေက မည်သို့ပြောချင်ပါသေးသလဲ။ တစ်ခု
တော်သေးသည်က ညော့ခန်းထဲမှာ သတို့သမီးလောင်း ယဉ်ကျော့
မြ ရောက်မနေသေးတာပါပဲ။

လွန်းခေါင်က တိတ်ဆိတ်နေသည့် လူစုလူဝေးကြီးကို
ကြည့်ပြီး မျက်မှောက်ကြုတ်ရသည်။

ကဲကြီးလို့ပါလား။ သူ့ကို အပိုင်ဖမ်းမည့်ပွဲကြီးပါလား။
ယဉ်ကျော့မြဆိုတာ ဘယ်လိုလဲ။ ဘာဖြစ်လို့ သူ့ကို အသည်း
အသန် လိုချင် ယူချင်နေကြတာလဲ။

အတန်ကြာတော့ လူကြီး၊ သူကြီးများ စကားလှအောင်
ပြောပြီ ထပြန်သွားကြဖို့ ကြိုးစားကြသည်။

"ကဲ ကဲ ကျုပ်တို့လည်း အိမ်မှာအလုပ်တွေ ရှိသေးတယ်
ချ ခွင့်ပြုကြပါဦး"

သည်မှာတင် ယဉ်ကျော့မြ၏အဒေါ်တစ်ယောက်က
ထွက်ဝင်ပြီးပြောသဖြင့် ပွဲက အရုပ်ဆိုးသွားသည်။

"နေ နေပါဦး၊ ဦးလေးတို့ကိစ္စ မစရသေးဘူးလေ။ သမီး
ရှ ယဉ်ကျော့မြ လာပါဦးကွယ်။ သမီးကိုလာကြည့်ကြတာ။
ထွက်ခဲ့ပါဦး"

ပွဲကို အတင်းပင် စီစဉ်နေတော့ လူကြီးများ မအီမလည်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြန်ထိုင်ကြရသလို လွန်းခေါင်တို့မိသားစုလည်း မျက်စိမျက်နှာ မျက်ရသည်။

သို့သော် လာမယ့်ဘေး ပြေးတွေ့ရမှာပါပဲ။ လွန်းခေါင်တို့ကတော့ ကိုယ့်လမ်းကိုယ် ယဉ်ယဉ်ကျေးကျေးနှင့် ဖောက်ထွက်ဖို့ စိတ်ကူးပြီးသား။

ယဉ်ကျေးဖြူ 'အဒေါ်က ရပ်တန့်တော့မည့်မြစ်ကို အတင်းပင် ဆက်စီးစေလေပြီ။ ယဉ်ကျေးဖြူ ညှော်ခန်းထဲသို့ ဝင်လာရ၏။

"အိုး"

ချောတော့ အတော်ချောတာပါပဲ။ သို့သော် သူမ၏ အချောက ဆွဲဆောင်မှုမရှိသလို။ အရုပ်တစ်ရုပ်နှင့်တူပြီး မျက်နှာက မျက်နှာသေ။

တစ်နည်းအားဖြင့် ယဉ်ကျေးဖြူလည်း သူ့ကို စိတ်ညစ်စားသည့်သဘော။

လောကမှာ ရုပ်ကအရေးပါတာမဟုတ်။ ကိုယ့်ယမင်းနှင့် လေးကမှ အသက်ဝင်နေသည့် ရွှေရုပ်ကလေး။

ချစ်စရာလည်းကောင်းသည့် သဘောဖြူ အွန်စင်းမလေး ယဉ်ကျေးဖြူ အလှပဆုံးဝတ်စားထားပါသည်။ သဘော





သမီးတစ်ယောက်လို အစွမ်းကုန်လှနေပါ၏။ အဆင်ကြည့်ရတာ အလှဖန်တီးရှင်တွေ ဘာတွေပါခေါ်ပြီး ပြင်ဆင်ခြယ်သထားပုံ။

မှားလေစွ။ လွန်းခေါင်ဆိုတာ ပြင်ဆင်ခြယ်သထားသည့် အလှထက် သဘာဝအလှကိုသာ ပိုမိုအလေးထားမြတ်နိုးတတ်ကြောင်း မသိကြလေထင့်။

သူ ကိုယ့်အနီးမှ ချစ်သက်လှယ်လေးကို ငံ့ကြည့်မိပါသည်။ သဘာဝသယံဇာတအလှတွေနှင့် ပေါကြွယ်ဝနေသည့် သူချစ်သည်းလေ။

မျက်တောင်ကော့လေးတွေ မျက်လုံးဝန်းဝန်းရွဲရွဲကြီးတွေနှင့် နှာတံလေးလုံးတာ၊ လှတာ။ အသားအရည်က နို့နှစ်နှင့်ဆင်စွယ်လို ပြစ်မျိုးမှည့်မထင်။

ဘာမှ လိမ်းမထားဘဲ ခရင်(မ်)တစ်ခုသာ ပွတ်ထားတာမို့ သဘာဝအတိုင်း။

ပွင့်ဖတ်၊ ပွင့်ချပ်တွေ သိပ်လှပသည့် လုံမငယ်။ ကိုယ်လုံးလေးကအစ ပြောစရာမရှိ။

ပိုဆိုးတာက သူ့နှလုံးသား တစ်ခုလုံးဟာ ယွန်းအတွက်ဆို အသည်းယူယူ အသွေးယူယူ ကြည်ဖြူနေတာပါပဲ။ သူ့အလေးသာ နိုင်းမယ်ဆို မိုးကိုတောင် ဒူးနှင့်တိုက်ပြီးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးဖြူက သူမ၏အလှနှင့်ချုပ်သလို သူ့အဒေါ်က

လည်း စကားနှင့်ချုပ်သည်။ ယွန်းကိုကြည့်ပြီး ပြုံးပြုံးရွှင်ရွှင်

"ဩော် ဒါလေးက ကိုလွန်းနဲ့အတူ ရန်ကုန်ကပါလာ

သူငယ်ချင်းလား။ သူတို့အုပ်စုပါ တစ်ခါတည်း ခေါ်ခဲ့ရော

ကွယ်။ ကျန်တဲ့လူတွေရော ခေါ်ပါ ခေါ်ပါ ဖုန်းဆက်ပြီး လိုက်

ခေါ်လိုက်ပါကွယ်"

သည်လောက် လက်ချင်းမလွှတ်တမ်း ဆုပ်ကိုင်ထား

သည့်ကြားမှ ယွန်းကို သူငယ်ချင်းပါဟု ပြောင်ပလီသောအခ

လွန်းခေါင် မနေသာတော့ပါ။ အားနာနေလျှင်တော

တစ်သက်လုံး အရှုပ်ကြီးနှင့် နစ်ပါးသွားရလိမ့်မည်။

"ဩော် သူငယ်ချင်းတွေက ပုဂံကို ဘုရားဖူးဆက်ထွက်

သွားကြပြီ။ ဒါလေးက ကျွန်တော့်ရဲ့ အဲ ဘယ်လိုခေါ်မလဲ"

သူ တစ်ထောက်နားပြီး အားယူနေခိုက် ယဉ်ကျေး

အဒေါ်ကလည်း ဖိုက်တာကြီးပါပဲ။

"ဩော် ...ခုခေတ် လူငယ်တွေပြောပြောနေကြ

girl friend လား။ ဒါမှမဟုတ် လစ်ဗီးတူဂဲသားတွေလား။ လ

ထပ်ရင်တော့ ပြစ်မျိုးမှည့်မထင်၊ စင်းလုံးချော သဘော

တော်သူလေးတွေကိုပဲ ရွေးတတ်ကြတာပဲလေ။ အဟင်း ဟ





အန်တီတို့ကလည်း ဒီဘက်ခေတ်ထဲ ကြီးလာကြသူတွေဆို

တော့ အထာပေါက်ပြီးသားပါ"

သူမ၏စကားလုံးတွေက ယွန်းကို တစ်ပြားမှမတန်

အောင် နှိပ်ကွပ်နေလျှင် လွန်းခေါင် ပြုံးပြုံးလေးနှင့် ပညာပေး

ပါတော့သည်။

"Girlfriend အဆင့်တွေ၊ လစ်ဗင်းတူဂဲသားတွေ

တော့ပါဘူး အန်တီ။ ဒါ ကျွန်တော်ရည်ရွယ်ထားတဲ့ စပယ်ကုံး

ပါ။ အမေက သူ့မိတ်ဆွေအိမ်က ထမင်းစားဖိတ်ထားတယ်

လို့ ယဉ်ကျေးမှုနဲ့လိုက်လာခဲ့တာပါ။ အားလုံးပဲခွင့်ပြုပါဦးခင်ဗျာ

ကျွန်တော်တို့ (၂) ယောက်လည်း ပုဂံကိုဆက်လိုက်သွားကြမလို့

လွန်းခေါင် မည်သူ့ကိုမှ အားမနာနိုင်တော့ပါ။ ကိုယ့်

ရော ယဉ်ကျေးဖြူတို့အုပ်စုကိုပါ အပြုံးနှင့် ဦးညွှတ်ပြခဲ့ပြီး

ယောက်သား တကာယ့်ကို ပုဂံသို့ ဆက်ထွက်ခဲ့ကြပါလေတော့

သည်။

ရှေ့မှသွားနှင့်သည့်ကားကို ဆက်သွယ်ကြည့်တော့ ဖုန်း

က မမိ။ တစ်ချက်မိတစ်ချက်။

လမ်းဆုံးရင်တော့ ရှာတွေ့မှာပေါ့လေ။ မရှယ်ဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



စော်ကဲမင်းဖြစ်။

ချစ်ရသူလေးနှင့် နှစ်ယောက်တည်း ခရီးအတူသွားနေ
သည့်အဖြစ်။

ဦးဝေဠုကြီးကိုပင် လှမ်းပြီး ကျေးဇူးတွေတင်မိသလို
သူ ကောက်ကျစ်စဉ်းလဲနေလို့သာ ယွန်းတို့ကို စော
ရှောက်ခွင့်ရ၊ ရေစက်ဆုံခွင့်ရတာ မဟုတ်လား။

မောင်မင်းကြီးသား အသက်ရာကျော် ရှည်ပါစေ။

ချစ်ရင် ရစ်သတဲ့လား။

အလိမ္မာတုံးလေးက လမ်းတစ်လျှောက်လုံး သူ့ကို
လာတော့ သူမှာ ပြုံးပြုံးကြီးနှင့် ချစ်လိုက်ရတာလေ။

ဩော် ရစ်တယ်ဆိုတာလည်း ချစ်ခြင်းရဲ့ သင်္ကေ
တစ်ခုပဲ မဟုတ်ပါလား။

အရစ်ခံနေရတာကိုက အချစ်ခံနေရခြင်းတစ်မျိုး
ကားကို ဂရုတစိုက်မောင်းနှင်နေသည့် သူ့အနား





ငှူးပေါက်လေးလို အစွယ်တယားယားနှင့် မာန်ဖီနေသည့် ယွန်း
ကလေး။

လမ်းတစ်လျှောက်လုံး အပျင်းကိုပြေလို့။

"ကိုကို မတရားဘူး။ သူယဉ်ကျေးဖြူဆိတ်သွားတာ ယွန်း
ကို မလိမ့်တစ်ပတ်နဲ့ အပါခေါ်သွားတယ်"

"အင်းလေ၊ ယွန်းပါလို့ ကိုကိုသက်သာရာရသွားတာ။
သားမဲ့အပေးခံလိုက်ရတာ။ သူတို့ဘက်ကအန်တီကြီးက ဘယ်
လောက်တောင် ရဲတင်းလိုက်သလဲဆိုတာ ယွန်းလည်းအမြင်သား
"

"ကိုကိုကတော့ ဟုတ်တာပေါ့။ သူတို့က ယွန်းကို ဘယ်
လိုထင်ကြမလဲ။ အရှက်မရှိတဲ့ မိန်းမ၊ ယောကျ်ားကို ငမ်းငမ်း
တက်နေတဲ့မိန်းမလို့ ထင်ကြမှာပေါ့"

"မထင်ပါဘူးကွာ။ ညီမလေးကလည်း"

"ထင်မှာ ထင်မှာ။ သူတို့အကြည့်တွေကို ယွန်းသိတယ်။
ွန်းကို လှောင်နေကြတာ"

"ဟာကွာ ညီမလေးကလည်း။ ကဲ ထင်ထင်ကွာ။ သူတို့
ယ်လိုထင်ထင် ကိုကိုမထင်ရင် ပြီးတာပဲ။ ယွန်းကို ကိုကို
န်ဖိုးထားရင် ချစ်ရင်ပြီးတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာ ဘာ ဘာ ကိုကိုဘာပြောတယ်။ ပြန်ပြော လိုက်စမ်းပါ"

"ဟောဗျာ၊ ညစ်နေလို့လည်း ကိုကိုက ဖြောင်းဖြရသေးတယ်။ တော်ပြီကွာ။ ညီမလေးလူဆိုးပဲ"

"ကိုကိုဆိုးတာ၊ ယွန်းကို မလိုမ့်တစ်ပတ်နဲ့ ရည်းစားစကားပြောတယ်။ ချစ်သူယောင်လည်း ဆောင်နိုင်းတယ်။ ကိုကို ကလိမ်ကကျစ်ကြီး"

"ဟန် ညီမလေးကလည်းကွာ။ ကဲ ကလိမ်ကကျစ် ဆိုတာဘာလဲ။ ကိုကိုက ယွန်းကို ဘာတွေလိမ်ညာလှည့်စားနေလို့လဲ"

ကားလမ်းကရှင်းနေသည်။ လွန်းခေါင် ကားကို ဂရုစိုက်မောင်းနေရင်း နားကတော့ ချစ်ရသူမိဆိုးလေးရဲ့ တီတီတာတာ အရစ်တွေကို နားထောင်ရင်း နှလုံးပီတိ၊ ဂွမ်းဆီထိနေမိပါ၏။

တကယ်ပါပဲ။ ကားကို လမ်းဘေးထိုးရပ်ပြီး ရင်ခွင်ထဲ ကြုံးထည့်ထားဖို့ပဲ ကောင်းတဲ့ကောင်မလေး။

တစေးနှဲနှဲနှင့် ရန်လုပ်နေပုံလေးကိုက ချစ်စရာ။ ဘယ်ဘဝက ရေစက်တွေမသိ။ နှုတ်ခမ်းလေးတွန့်ပြီး စူထုတ်ထား လေးက ဝက်ပေါက်လေးနှယ်။





"ဟုတ်တယ်လေ၊ ကိုကို ယွန်းကိုညာတာပါတေးနဲ့ ဖော်ဆိုပြီးခေါ်တယ်။ ဟိုကျ ချစ်သူလို့ပြောတယ် ကဲ"

"ဘယ်မှာပြောလို့လဲကွာ"

"ဟောကြည့်၊ ကိုကိုညာတယ်"

"ညာပါဘူး။ ကိုကိုပြောတာ မောင်ကြီးရွယ်ထားတဲ့ ယ်ကုံးလေးပါလို့ ပြောတာပါကွာ"

"တူတူပဲလေ။ အဲဒါ ချစ်သူလို့ပြောတာပေါ့"

"အဲလိုပြောလို့လည်း ချမ်းသာရလာတာလေ။ နို့မို့ ကိုကို ယဉ်ကျော့ဖြူနဲ့ အတင်းစေ့စပ်ကြောင်းလမ်း ပေးစားကြ မှာ"

"ယဉ်ကျော့ဖြူက လှတာကြီး။ ယွန်းထက် အဆတစ်ရာ သာက်လှတယ်"

"လှနဲ့မတူပါဘူးကွာ။ တို ဖယောင်းရုပ်လိုလို ပန်းပု ရုပ် လိုလို"

"ဟော...ကြည့်၊ စကားထဲက ဇာတိပြလာပြီ။ ပန်းပု ရုပ်လေး ဘာလေးနဲ့"

"အင်းလေ ...အရုပ်နဲ့တူလို့ အရုပ်လို့ပြောတာ။ လေးက အရမ်းချစ်စရာကောင်းတာ။ အင်စထက်ရှင်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဖြင့် တစ်နေ့တခြား အရမ်းချစ် ချစ်လာလို့ ဘာဆက်
လုပ်ရမှန်း တောင်မသိတော့ဘူး''

''လာပြီ ကိုကိုလူညစ်ကြီး၊ တော်ပြီ တော်ပြီ၊ လူ
မခန့်လေးစားစကားတွေပြောတယ်။ ဒီကောင်မလေးတစ်ယော
တည်း ငါ ဂရုစိုက်စရာမလိုဘူးဆိုပြီး မဖွယ်မရာစကားတွေ
ပြောတယ်''

ကြဲဖန့်ပြီးရစ်နေသည့် ချစ်ရသူ လူဆိုးမလေး၏စကား
တွေကို လွန်းခေါင် ဗွေမယူနိုင်ပါ။

ပြောရကြေးဆို ကောင်မလေး အကြောက်လွန်နေ
ပေါ့။ နှစ်ယောက်တည်း ကားတစ်စီး စီးလာရတာ။

သူမလည်း ရင်တွေဘာတွေ တဒိုင်းဒိုင်း ခုန်နေမှာ
သည်တော့လည်း ပြောမိပြောရာ ရန်တွေ့နေရ ရစ်နေရတာ

ဒါကို လွန်းခေါင် ရိပ်မိပါသည်။ သည်တော့ မိဆိုး
ဘာပဲပြောပြော စကားတတ်ခါစ ကလေးလေးတစ်ယော
လျှောက်ပြောနေသလိုပဲ သူ သဘောထားပါသည်။

''ညီမလေးကလည်းကွာ။ ကိုကို့ကိုပဲ ရန်ထောင်နေ
တာပဲ။ လာ ညီမလေးကို ကားမောင်းသင်ပေးမယ်''

''သင်ချင်ပါဘူး။ ယွန်း ထမင်းဆာပြီ။ ရွှေကျ





ပြီးဝယ်ခဲ့ကျွေး''

''ကျွေးမှာပေါ့ကွ။ ကိုယ့်ညီမလေးပဲ။ ဟိုလူတွေလည်း
ဘယ်အခြေဆိုက်နေပြီလဲ မသိဘူး။ ဖုန်းဆက်ဦး''

''ယွန်းဖုန်းက ဘက်ထရီအားနည်းနေပြီ''

''ကိုကို့ဖုန်းနဲ့ ယူဆက်ကြည့်''

ယွန်း ဖုန်းလှမ်းဆက်တော့ တစ်ဖက်ကားမှ အသံတွေ
ည်း ဆူညံလို့။ တော်တော်ပျော်နေကြပုံ။

''ခေတ်ရေ ငါတို့ (၂) ယောက်လည်း လိုက်လာကြပြီ။
တို့ ဘယ်ရောက်ပြီလဲ''

''ပုဂံရောက်တော့မယ်။ နေ့လယ်ကြီးဖြစ်နေပြီ။ မမတို့
ည်းဖြည်းမောင်းနော်။ ခေတ်တို့ ဘုရားဖူးရင်း စောင့်နေမယ်''

''အေး အေး''

ခေတ်တို့အဖွဲ့ ပုဂံသို့ရောက်ခါနီးပြီ။ သူတို့ (၂) ယောက်
လမ်းခုလတ်မှာရှိတုန်း။

''ရွှေမှာထမင်းဆိုင်လေး စားကောင်းမယ့်ပုံပဲ၊ စားကြစို့''

လွန်းခေါင် ကားကိုထိုးရပ်ပြီး ဆိုင်ထဲသို့ ဝင်လိုက်တော့
င်ထဲမှာ လူငယ်တစ်အုပ်က ရောက်နှင့်ပြီးသား။

အညာမှာပေမယ့် ဒေသခံမဟုတ်လောက်။ ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



(၂) စီး ဆိုင်ထောင့်မှာရပ်ထားတာ ယခုမှ မြင်ရသည်။

လူငယ် (၄) ယောက်၏ပုံစံက အပေအတေပုံစံတွေ တက်တူးတွေလည်း ပွလို့။

ယခုခေတ်က မဖွယ်မရာတွေ အမြဲကြားနေရတာ လွန်းခေါင်း၏သွေးတွေ အကြောတွေ တင်းခနဲဖြစ်ရ၏။

ဆိုင်ထဲ ဝေ့ကြည့်လိုက်တော့ အသက်လေးဆယ်ကျော် ခန့် လူကြီးသူမ စုံတွဲတစ်တွဲပဲ တွေ့ရသည်။

နေ့မွန်းတည့်ချိန်မို့ လူရှင်း၊ ကားရှင်းနေ၏။ သူ သည် အနေအထားနှင့် ထိုလူတွေကို မျက်နှာချင်းဆိုင်ထားပြီး နေရာယူ ရ၏။

ယွန်းကိုတော့ ထိုလူတွေနှင့် နောက်ခိုင်းနေရာယူထား စေရသည်။

ဆိုင်ရှင်အဒေါ်ကြီးနှင့် စားပွဲထိုးကောင်လေး၏ မျက်နှာ တွေကလည်း အနိဋ္ဌာရုံတစ်ခုခုကို မြင်ရတော့မည့်အလား ဗိုး ရို့ရို့။

ကောင်လေးက သူတို့အနားသို့ကပ်လာပြီး –

"အစ်ကိုတို့ ဘာများသုံးဆောင်ကြမလဲ ခင်ဗျာ"

"ဘာဟင်းတွေ ရသလဲ ညီလေး"





"ကြက်သား၊ အမဲသား၊ ဝက်သား၊ ဝက်ကလီစာ၊ ဆိတ်သား"

"ရပြီညီလေး။ ဆိတ်သားနဲ့ ဝက်ကလီစာပေး။ ကန်စွန်း ချက်ကြော်ရလား"

"ရတယ်၊ အရန်ဟင်းတွေပါတယ်"

"ညီမလေး ဘာယူဦးမလဲ"

"တော်ပြီ၊ ကိုကိုမှာတာနဲ့ပဲ စားမယ်"

ယွန်းအသံကလည်း တိုးတိုးနှင့် တုန်တုန်ရင်ရင်။ စော က ရစ်နေတာ သူ မဟုတ်တော့သည့်နှယ်။

စားပွဲထိုးလေး ဟင်းတွေလာချပေးနေစဉ် စောစောက ယ်အုပ်စု (၅) ယောက်က အနှောင့်အယှက်အမျိုးမျိုးပေးနေ ၏။

"ငါတို့အရင်မှာတာ။ ငါတို့ကို အရင်ပေး။ မင်း လူပါး နဲ့"

ထမင်းဆိုင်ရှင် အဒေါ်ကြီးက လှမ်းအော်ပစ်လိုက်၏။ ကြက်ပြနေရင် ပိုပြီးကန်းတက်မှာလေ။

"နင်တို့မှာတဲ့အရက်တွေ ဘီယာတွေ မရှိဘူး။ တခြား မှာ။ ငါ့ဆိုင်က ကာစတန်မာတွေကို မနှောင့်ယှက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ကြီး တော်တော်သွေးကောင်းနေပါလား။ ေ စောကတော့ အမြီးကို ကုပ်လို့။ ခုခါမှ ပထွေးမြင်ကာမှ အ ထွက်လာတယ်ပေါ့လေ"

"ဟဲ့ နင်တို့ မိုက်ရိုင်းလှချည်လား"

ထမင်းဆိုင်ထဲမှာ အေးချမ်းမည့်ပုံမပြတော့။ စောစော စားနှင့်နေသည့် လူကြီးစုံတွဲလည်း အမြန်စားနေတော့၏။

လွန်းခေါင်နှင့်ယွန်းမှာလည်း ပြဿနာကပဲ ရှောင်ထွ ရမလို အဒေါ်ကြီးကိုပဲ ကူညီရတော့မလို။

လွန်းခေါင်၏ ဆန္ဒအရ မတရားအနိုင်ကျင့်နေတာ တော့ လက်ပိုက်ပြီးကြည့်မနေနိုင်ပါ။

သည်တော့ သူမျက်စိက လက်နက်အဖြစ် ဆိုင်ထဲ ဝေ့ဝဲရှာလိုက်သည်။ ဆိုင်ထောင့်မှာ ထောင်ထားတာ သနပ် တုံးတွေ။ အညာဒေသမို့ ရောင်းဖို့ဖြစ်မည်။

သနပ်ခါးတုံးတွေက ရိုက်တန်ကောင်းတွေ။ နှစ်တော လောက်ရှည်ပြီး လက်ကောက်ဝတ်လောက် တုတ်မည်။

လူငယ် (၅) ယောက်အနက် (၂) ယောက်က ထ ဆိုင်ရှင်အဒေါ်ကြီးကို ပြဿနာရှာနေကြပါ၏။

"ခင်ဗျားက အားကိုးရှိလို့ အသံကျယ်လာတယ်ပေါ့





တ်လား။ အဘွားကြီး၊ သေသွားချင်လို့"

"နင်တို့ အေးအေးဆေးဆေး ထွက်သွားကြရင် ကောင်း ယ်နော်"

"ကျုပ်တို့လည်း ကာစတန်မာတွေပဲလေ။ ကျုပ်တို့ ည်း ထမင်းဝယ်စားကြမှာပဲ။ ဘာလဲ သူဌေးပေးတဲ့ပိုက်ဆံကမှ ိုသလား။ ကျုပ်တို့လိုဆင်းရဲသားတွေရဲ့ ပိုက်ဆံက ခါးသလား"

သက်သက်ပြဿနာရှာနေကြတာ။ ထမင်းစားလည်း ိုက်ဆံပေးမည့် ရုပ်တွေမဟုတ်။ ထမင်းဆိုင်ရှင်အဒေါ်ကြီးမျာ ှာ အခက်တွေ့မှာထက် လွန်းခေါင်တို့ (၂) ယောက်ကို ပိုပြီး ဆတနာထားရှာပါသည်။

"ကဲ သားတို့ရေ ... မြင်တဲ့အတိုင်းပဲ။ ဒီနေ့ကို ကံမ ကောင်းပါဘူးကွယ်။ သားတို့သွားပေတော့နော်။ တခြားမှာသာ ယ်စားကြပါတော့"

ထမင်းသည် အဒေါ်ကြီးကိုယ်တိုင် ရန်ပွဲကိုတားဆီးသည့် အနေနှင့် ဖြောင်းဖြလွှတ်နေတော့ လွန်းခေါင် ယွန်းကို အရင် ားထဲသို့ သွားနေခိုင်းလိုက်သည်။

(၂) ယောက်လုံးသွားလျှင် ဟိုအုပ်စု ပြဿနာရှာနေမှာ ိုလို့ပါ။ သူက အသေခံတပ်သားအဖြစ် ခံစစ်နှင့် ကျန်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဟိုအုပ်စုမှ နှစ်ယောက်က ယွန်းနောက်
လိုက်ဖို့ပြင်သေး၏။ လွန်းခေါင် ဖပြရတော့မှာပေါ့။

သနပ်ခါးတုံးပုံထားသည့်နေရာသို့ ပြေးပြီး သနပ်ခါး
တစ်တုံးကို ကောက်ကိုင်ပစ်လိုက်သည့် လွန်းခေါင်။

ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲ။

သို့သော် ကံကောင်းသွားတာက ဘုရားဖူးကားတစ်
ဆိုင်ရှေ့သို့ ထိုးဆိုက်လာခြင်းကြောင့်ပါပဲ။

"လာကြ လာကြပါရှင်။ ဟင်းတွေ၊ ထမင်းတွေ အ
ရှိပါတယ်"

ဆိုင်ရှင်အဒေါ်ကြီး ဝမ်းသာအားရ ကြို[illegible]လို ဆိုင်
ထဲမှ အပေအတေတွေလည်း ဆက်ပြီး ဗိုလ်ကျလို့ရမှာ မဟုတ်
မှန်း သိတာကြောင့် လွန်းခေါင်ကို မိုက်ကြည့်ကြည့်ကာ ဆိုင်က
များနှင့် ထွက်ခွာသွားကြလေသည်။

သည်တော့မှ လွန်းခေါင်လည်း သနပ်ခါးတုံးကို ပြန်
ထမင်းထုပ် (၂) ထုပ်ကို ပါဆယ်ဝယ်လိုက်သည်။

ထမ်းကျမှ အဆင်ပြေသည့်နေရာမှာ စားတော့မည်



## အခန်း (၂၁)

စိုင်းကောင်းဆက်နှင့်အဖွဲ့။ ကားသမားရယ်၊ သူ့ညီမ
တ်ထော်ရယ်၊ ပေါင်း (၆) ယောက်။

ကားကို အဆင်ပြေမည့်နေရာမှာရပ်ခဲ့ပြီး ရွှေစည်းခုံ
စေတီတော်ကြီး၏ ရင်ပြင်ရောက်အောင် စောင်းတန်းတွေမှ
ပြေးတက်ကြသည်။

ကားဆရာ မောင်နှမကတော့ အခါခါရောက်ဖူးပုံနှင့်
အေးအေးဆေးဆေး။ စိုင်းလည်း ရောက်ဖူးပါသည်။ မရောက်ဖူး
သေးသည့် ခေတ်တို့ (၃) ယောက်သား အားပါးတရ အပြေးလေး
က်သွားကြတာ။

ဘုရားရင်ပြင်တော်ပေါ် လျှောက်သွား။ ဈေးတန်းတွေ
းနှင့်။ စိုင်း ကိုယ့်ဟာလေးပျော်မှာစိုးလို့ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းတန်း လိုက်ရသည်။

ရွှေစည်းခုံစေတီတော်မှာ တစ်နာရီလောက် ဘုရားဖူးပြီးတော့ ကျန် ဘုရားများသို့ ဆက်သွားကြသည်။

ကျန်စစ်သားမင်းကြီးတည်သည့် အာနန္ဒာ။ မနူဟာမင်းကြီးရဲ့ မနူဟာ။

ပုဂံဘုရားသမိုင်းစာအုပ်ကိုဝယ်ပြီး နီးစပ်ရာစေတီတွေ လျှောက်ဖူးကြသည်။

ကျောက်စာတွေ လေ့လာသည့် တက္ကသိုလ် ကျောင်းသူကျောင်းသားတွေလိုတော့ နှံ့နှံ့စပ်စပ် မလေ့လာရ၊ မဖူးရပါ။

နေ့ချင်းပြန်ရမှာမို့ စပ်စပ်၊ စပ်စပ်နှင့် သူမတို့ ဘုရားဖူးနေရတာက ကြွက်ပြေးသည့်နှယ်။

"ကိုကို ဘူးဘုရားနဲ့ လောကနန္ဒာစေတီလည်း သွားဖူးကြမယ်လေ။ တန့်ကြည်တောင်တို့ တုရင်စွယ်တော်တို့"

"ညီမလေးကလည်း အဲဒါဆို ဒီပုဂံမှာ တစ်ပတ်လောက်နေမှ နှံ့မှာ။ ကဲပါကွာ။ ဒီအနီးတစ်ဝိုက်ပဲဖူးပါ။ ရောဝတီမြစ်ကိုတော့ ညောင်ဦးဖီးကြီးလို လက်ပစ်မကူးချင်ပါနဲ့တော့"

"ကိုကိုလွန်းခေါင်နဲ့ မမယွန်းကရော ဘယ်အချိန်ရောက်လာမှာလဲ"





"ဖုန်းလိုင်းတောင် မမိတော့ဘူး။ ရောက်လာမှာပေါ့ကွာ။ အချိန်ရှိခိုက် လုံ့လစိုက်လိုက်ကြဦးစို့"

ပုဂံဘုရားသမိုင်းစာအုပ်နှင့် မြေပုံကို ကြည့်ပြီး စိုင်းကမ်းတာဝါးဝါး။

တကယ်လည်း ဘုရားဖူးဖို့ထက် ချစ်ရသူလေးနှင့်အတူ လျှောက်သွားချင်၊ ရေစက်ဆုံချင်တာက ခပ်များများပါ။

'ကားလေးနှင့် လျှောက်မောင်းလို့မရသည့်နေရာများကျ မြင်းလှည်းငှားပြီး လျှောက်လည်ရင်း စိုင်းနှင့်ခေတ်တို့ အချိန်နာရီတွေကိုပင် မေ့လျော့နေမိကြပါသည်။

အာနန္ဒာဘုရား၏ မတ်ရပ်ရုပ်ပွားတော်ကြီး (၄) ဆူကို တအံ့တသြ ဖူးမျှော်ရင်းမှပင် ကျွန်းတံခါးကြီးတွေကိုလည်း ရင်သပ်ရှုမော။

"ရှေးမြန်မာတွေရဲ့ သူ့နည်း သူ့ဟန်နဲ့ ထွန်းကားခဲ့တဲ့ ဗိသုကာလက်ရာတွေကလည်း အနုစိတ်လိုက်တာနော်။ တော်တော် အနုပညာထွန်းကားခဲ့တာပဲ"

ခေတ်က ရင်ဘတ်ကလေးဖိပြီး တအံ့တသြဆိုတော့ စိုင်းက နောက်သည်။

"မြင်းထိန်းတော သီးကျူးသလိုတော့ ဖြစ်နေပြီ။ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးက ဘာနားလည်လို့လဲ”

“အံမယ် ကိုကိုနော် လူကိုများ ဟင်း ခေတ်လည်း သိပါတယ်နော်”

ညီမလေးကို လက်ဆွဲရင်း ပုဂံဘုရားအစုံဖူးရတာ။ ယ နေ့ နိဗ္ဗာန်နဲ့တောင်မလဲနိုင်ပါ။

သိကြားမင်းကြီးရဲ့ စည်းစိမ်နဲ့လည်း မလဲနိုင်ပါ။ သူတို့ တွေ သာသာယာယာရှိနေကြတုန်း ပြုန်းဆို မိုးတွေရွာချလေ တော့ရာ -

ကျွန်စစ်သားမင်းကြီး၏ အာနန္ဒာဂူဘုရားထဲမှာပဲ ဘုရား ဖူးတွေ နားခိုနေကြရပါတော့သည်။

✸

လွှန်းခေါင်နှင့်ယွန်း။

ပုဂံမရောက်ခင်မှာပဲ မိုးသက်လေပြင်းတွေ စလာခဲ့လျှင် သူတို့နှစ်ယောက် လမ်းရှိ ရွာတစ်ရွာ၊ အိမ်ဝိုင်းကြီးတစ်ခုထဲသို့ ကားကို ထိုးဝင်လိုက်ကြရသည်။





“မိုးကလည်း အချိန်မဟုတ် အခါမဟုတ်ကွာ”

“မုန်တိုင်းမိုးလားမှ မသိတာ”

နှစ်ယောက်သား ကားပေါ်မှဆင်းကာ မြင်နေရသည့် အိမ်ကြီးထဲသို့ ခိုလှုံဖို့ သွားကြ၏။ အိမ်ကလည်း အိမ်အိုကြီး။ ခြံရှင်ထဲမှာ တွေ့နေရသည့် သူ့ရဲခြောက်သည်ဆိုသော အိမ်ကြီး မျိုး။

“ကိုကို ယွန်းကြောက်တယ်၊ အိမ်သားတွေက ဘယ်မှာ လဲ”

အိမ်သားတွေ မမြင်ရပေမယ့် အိမ်က တံခါးတွေပွင့် လျက်သား။ မိုးကလည်းရွာပြီ။ အိမ်အိုကြီးခမျာ လေဒဏ် မိုးဒဏ် အောက်မှာ ယိမ်းထိုးလျက်။

“ရှိမှာပေါ့ကွာ။ အခုလေး သရဲတွေ ဖန်ဆင်းထားတဲ့ အိမ်ဆို ဒုက္ခ”

“ကိုကိုနော်”

တကယ်ပင် အိမ်က အိမ်အိုကြီး။ တံခါးတွေကရွဲ၊ ရုံနေ မိုးတွေ၊ လေတွေတော့ အလုံသား။

ယခုထိ ထမင်းမစားရသေးတာမို့ ဝယ်လာခဲ့သည့် ထမင်းထုပ်လေးတွေဖွင့်ပြီး စားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အိုကြီးထဲမှာ လေတွေ၊ မိုးတွေကြောင့် အသံတွေ ကလည်း မြည်လို့၊ ယိမ်းထိုးလို့လည်း နေသေး၏။

ထမင်းစားပြီး (၂) ယောက်သား ဝုပ်တုတ်လေးတွေ ထိုင်ကာ ဟိုကြည့် ဒီကြည့်။ ဖုန်းလည်း မဆက်ရဲတော့။ ပါ တောင် ပိတ်ထားရ၏။

တစ်နာရီကျော်တဲ့အထိ မိုးက မစဲသေး။ မိုးရွာတာကို ချမ်းချမ်းနှင့် ထိုင်ကြည့်နေကြရသည့်အဖြစ်။

ကိုယ့်ဒူးလေးကိုယ်ပိုက်ကာ နွေးအောင်ပြုလုပ်ရင်း ယွန်း အသားလေးတွေ အေးစက်လာပေပြီ။

အနွေးထည်လည်းမပါ။ တကယ်ဆို ဒါ ဆောင်းဦးရာသီ မိုးနှင့်ဆောင်းရောပြီး အချမ်းဓာတ်ကမွှေပြီ။ နာရီကြည့်လိုက်တော့ နေ့လယ် (၂) နာရီ။

"ကိုကို"

"ဟင်"

"မိုးကတော့ တိတ်မှာမဟုတ်ဘူး။ နည်းနည်းမိုးပါးသွား တုန်း ခရီးဆက်ကြရအောင်လေ"

"အင်း ... အဲလိုလုပ်ရတော့မှာပဲ။ စိုင်းတို့နဲ့လည်း အဆက်အသွယ်မရသေးဘူး"





"လမ်းမှာတွေ့မှာပေါ့ ကိုကိုရယ်။ ဆက်သွားကြရအောင်"

"အင်း ... အဲဒါပဲကောင်းပါတယ်လေ"

နှစ်ယောက်သား ကားပေါ်ပြန်တက်ကာ ကားဆက်ထွက်ခဲ့ကြသည်။

✽



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ပုဂံရောက်တော့ ညနေ (၄) နာရီ။

ယွန်း ပြာနေပြီ။ သူမစိတ်ထဲမှာ ဘုရားဖူးဖို့ထက် ခေတ်တို့အုပ်စုနှင့် ပေါင်းဆုံဖို့သာအဓိက။

ခေတ်ကမှ အုပ်စုလိုက်မို့ ခံသာသေးသည်။ သူမက တစ်ယောက်တည်း။ ဖုန်းဆက်ရတာလည်းမောပြီ။ ခေတ်တို့ ဘယ်အရပ်ရောက်နေလို့ ဆက်မရတာလဲ။

ရာသီဥတုကမကောင်း။ အချိန်ကလည်း မလုတော့ပြီ။ ယွန်း တကယ်ပင် မျက်ရည်နှင့်မျက်ခွက် ဖြစ်လာရ၏။

"ကိုကို ယွန်းတို့ ဘယ်လိုလုပ်ပါ့မလဲ။ ခေတ်တို့အုပ်စုနဲ့လွဲပြီ။ သူတို့ရော ဘယ်မှာလဲ။ ပြန်သွားကြတာလား။ ဘယ်အရပ်ရောက်နေကြတာလဲ"





"ကဲ မရွှေယွန်း ရောက်တဲ့နောက်တော့ ဘုရားတစ်ဆူချင်း ဖူးသင့်ပါတယ်။ ခုတော့ဗျာ လိပ်ဥပျောက်တဲ့လိပ်မကြီး ကြက်ဥပျောက်တဲ့ကြက်မကြီးလို လုပ်နေ"

"အံမာ ... လူကို မတရားပြောနေတယ်။ ကိုကိုက ဟာလေးဘာဝကို ဘယ်စာနာပေးတတ်မလဲ"

"အလိုဗျာ ကျုပ်လည်း လူသားချင်းစာနာပေးတတ်ပါတယ်။ ကဲ အခုရောက်နေတဲ့ ရွှေစည်းခုံစေတီကြီးကိုတော့ စနာပါးနာ ဖူးသွားပါဦး။ ပြီးမှ ပုဂံတစ်ဒေသလုံး လော်နဲ့လိုက်ပြီး အော်ရှာပေးပါ့မယ်တဲ့ဗျာ"

သူ့ငေါ့ပြောတော့ ယွန်း မျက်စောင်းလေး ထိုးပြီး ရွှေစည်းခုံစေတီတော်ကြီး၏ စောင်းတန်းထဲသို့ ဝင်ရ၊ ဘုရားဖူးရသည်။

ယွန်းခေါင်က ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပေးဖော်ရပါသည်။ နာရီဝက်လောက် ဘုရားဖူးပြီးလျှင်တော့ ယွန်း ဆုံးဖြတ်ချက် ချရသည်။

"ကိုကို သူတို့က အုပ်စုလိုက်။ ယွန်း စိတ်ချတယ်။ သူတို့ပဲ ပြန်ကြရအောင်။ ကိုကို့အိမ်ကို အချိန်မီပြန်ရောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း စဉ်းစားကြည့်နော်။ အပြန်ခရီးမှာ (၂) ယော
တည်းဆို မကောင်းဘူး။ ညလည်းညကြီး။ နေဦး ကိုကို
ဖုန်းအဆက်အသွယ်ရအောင် လုပ်ဦးမယ်"

သူ စိတ်ရှည်လက်ရှည်ပင် ဖုန်းခေါ်နေတော့ စိုင်း
ဖုန်းဝင်သွားခဲ့သည်။

"စိုင်း မင်းတို့ ဘယ်မှာလဲ။ ငါနဲ့ယွန်းလည်း ပုဂံ ေ
နေပြီ။ မင်းတို့ကိုလိုက်ရှာနေတယ်"

"ငါတို့ အခုပြန်နေပြီ လမ်းမှာ"

"ဒါဆို ငါတို့ကိုစောင့်ပါ။ ငါတို့ ခုပဲ ပြန်ဆင်းခဲ့
စောင့်နေနော်၊ ဆက်မမောင်းနဲ့"

ရွှေစည်းခုံစေတီတစ်ဆူပဲဖူးပြီး လွန်းခေါင်နှင့်ယွန်း
ကို နောက်ကြောင်းပြန်လှည့်ခဲ့ရပါတော့သည်။

"ဘုရားမဖူးရဘဲ ဒုက္ခလျှောက်ခံနေရသလို ဖြစ်
ကွာ။ ယွန်းကိုအားနာလိုက်တာ"

"မနာပါနဲ့။ အတူတူ ဒုက္ခရောက်ကြတာကြီး"

"ကိုကိုကတော့ ဒုက္ခလို့မထင်ပါဘူး။ ပျော်တော
သေးတယ်။ ခုလို ကိုကို့အနားမှာ ယွန်းရှိနေလို့ကတော့
ကြီးဆုံးအောင် မောင်းရ မောင်းရ"





လွန်းခေါင် တကယ်လည်း ပျော်နေပါသည်။ ဒုက္ခလို့ကို
သုံးဝမထင်။ ချစ်ရသူလေးကို အနားမှာထားပြီး မောင်းနေရတာမို့
ကမ္ဘာ့အပြင်ဘက်တောင် ထွက်လိုက်ချင်သေး။

ရှေ့မှ မောင်းနှင့်သည့်ကားကို မီအောင်လိုက်ရင်း လွန်း
ခေါင် လေလေးတချွန်ချွန်။

နောက်ထပ် (၁) နာရီလောက်မောင်းတော့မှ စိုင်းတို့
ကားကိုမီတော့သည်။ ကား (၂) စီး ဆုံတွေ့ကြပြီမို့ အားရှိသွား
တာအမှန်။

နို့မို့ တွေးရဲစရာမရှိ။ ယွန်းလည်း စောစောက စိတ်ရှုပ်
သွားနေရသမျှ ယခုမှ တိမ်ရိုပ်လွတ်သည့်လလို ဝင်းပသွားရပါ
သည်။

ကားနှစ်စီးမှာ လူတွေမှုပြီးနေရာယူကြတော့ စိုင်း မျက်စိ
ကျ်နှာပျက်ရသည်။ လွန်းခေါင်က မြွေမြွေချင်းမို့ ခြေမြင်ပါ၏။

"စိုင်း ကားမောင်းကွာ။ ငါ တောက်လျှောက်မောင်းလာ
တာ ညောင်းလှပြီ။ နောက်ဘက်မှာ အိပ်လိုက်မယ်။ ဟိုညီလေး
နားရမယ်နော်။ တစ်လှည့်စီမောင်းပေးမယ်"

"ရတယ်အစ်ကို၊ ကျွန်တော်က ကားမောင်းချင်လွန်းလို့
တာလေးရောင်းပြီး ကားဝယ်ထားတာ။ ကားမောင်းနေရရင်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမစားရ စားရဆိုတဲ့လူစား"

"ကောင်းတယ်၊ အဆင်ပြေတာပေါ့"

စိုင်း သည်ဘက်ကားရွှေ့လာရတော့ ခေတ်လက်

တစ်ပါတည်းဆွဲလာခဲ့ပြီးသား။ မျက်နှာပူမနေအား အားနာမနေ

အား။

"လာ ညီမလေး။ ကိုကို့အနား လာစီး။ ကိုကို အိပ်မငိုက်

အောင် ပြောပေး"

အချိန်က (၆) နာရီလောက်ရှိသေး။ စိုင်းပေးသည့် ဆ

ခြေက အများသတ္တဝါ ဟားစရာ။ နန်းနုနှင့်ယုယက အော်ရယ်

ကြပြီး လွန်းခေါင်က ပြောင်ကာစ်၏။

"ဟေ့ကောင်ကိုစိုင်း ... ခုမှ (၆) နာရီရှိသေး၊ ဘာ

အိပ်ငိုက်ရမှာလဲ။ မင်း ဆင်ခြေက တလွဲကြီး"

"အံမာ၊ ငါက မင်းကို သနားလို့ ရွာအထိ တော

လျှောက်မောင်းပေးမလို့ကို။ လမ်းမှာ ညစာစားတာနဲ့ နားတာနဲ့

ရွာကို ည (၁၀) နာရီ၊ (၁၁) နာရီလောက်မှ ရောက်မှာ။ ငိုက်

တာပေါ့"

"ဆင်ခြေကတော့ မလျှော့ဘူးဟေ့"

ဘယ်သူတွေ ဘယ်လိုပြောပြော စိုင်းကောင်းဆ





ခေတ်လက်ကိုဆွဲကာ ကားရှေ့ခန်းမှာ ဝင်ထိုင်သည်။

ကိုယ်လိုချင်တာရဖို့ နည်းနည်းတော့ မျက်နှာပြောင်ရ

ဘာပေါ့နော်။ လွန်းခေါင်နှင့် ယွန်းက နောက်ဘက်မှာထိုင်သည်။

တစ်ဖက်ကားမှာ ကားဆရာ၊ သူ့ညီမ၊ နန်းနုနှင့်ယုယ။

ကားတစ်စီးမှာ လူ (၄) ယောက်စီ။

"ရှေ့မှာ ထမင်းဆိုင်ကောင်းကောင်းရှိတယ်။ ညစာလေး

တော့ အဆင်ပြေပြေဆွဲကြစို့"

"ကားလေး (၂) စီးရှိတာ တစ်စီးနဲ့တစ်စီးလည်း စောင့်

မောင်းနော် ညီလေး"

"စိတ်ချပါ အစ်ကို။ ကျွန်တော် စောင့်မောင်းပါ့မယ်။

ညမောင်းရတာဆိုတော့ အဖော်ပါမှအားရှိတာပါ"

"အေး သတိ ဝိရိယလေးနဲ့မောင်း"

ကားသမားလေးကို ရှေ့မှမောင်းစေပြီး လွန်းခေါင်တို့

ကားက နောက်မှလိုက်သည်။ လူတွေလမ်းလျှောက်သွားသလို

တော့ တညီတညာတည်းမဖြစ်။

သည်လိုပဲ သူ့ကားကကျော်လိုက်၊ ကိုယ့်ကားက ကျော်

လိုက်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ ကောင်းကောင်းမစားရတာမို့ ညစာတော့

ကောင်းကောင်းဆွဲကြမည်။ ကား (၂) စီးလည်း ပေါင်းဆုံမိကြ

မို့ သောကလည်းမရှိတော့ပြီ မဟုတ်ပါလား။

လူ (၈) ယောက်မို့ စားပွဲ (၂) ခု နေရာယူကြရသည်

လွန်ခေါင်တို့ (၄) ယောက်က တစ်ဝိုင်း။ ဟိုဘက်ကားက တ

ဝိုင်း။

"ကဲ ... လိုတာပြော။ ပျော်ပျော်ပါးပါးပေါ့"

"သောက်တော့မသောက်ကြနဲ့နော်။ ကြိုက်တတ်ရင်

လည်း နောက်မှသောက်ကြ"

ယွန်းက ကားမောင်းမည့် (၃) ယောက်ကို ပြောတော့

ကျန်မိန်းကလေးများကလည်း ထောက်ခံကြသည်။ ယွန်းခေါင်နှ

စိုင်းက စိတ်တွေဆိုးလို့။

"အံမာ ... လူတွေများ အရက်သမားတွေမှတ်နေ

သလား။ ဥပဓိရုပ်ကိုသေချာကြည့်"

"ဘီယာတို့၊ ဝီစကီတို့၊ ရမ်တို့မှ ချတာမဟုတ်လား"

"ကြည့်စမ်း ... ကြည့်စမ်း ခွေးမလေး။ လူကြီး

မခန့်လေးစားနဲ့။ အဲဒါပေါ့ အရောဝင် အရှိအသေတန်ဆိုတာ





"ဒါဆိုလည်း မခေါ်နဲ့ပေါ့။ တစ်လမ်းလုံး စကားမပြော

ကြဘူး"

"နေနိုင်မလားဟ ဒါတော့"

"ကဲပါ ... တော်ကြပါ။ မသောက်ဘူးဆိုလည်း

တာပဲ။ ခေတ် ကိုကိုက မသောက်ဘူးနော်"

"သောက်ဘူး"

ခေတ်၏စကားကို စိုင်းက ဝမ်းသာအားရပြောတော့ လွန်း

င်း ဝင်ဖဲ့၏။

"ကြွက်တွင်းကြီးများ"

"လွန်းခေါင်နော် မဟုတ်တာတွေ မချွန်နဲ့"

တစ်ယောက်နှင့်တစ်ယောက် နောက်ရင်းပြောရင်းနှင့်

စိတ်ချမ်းသာ လက်ချမ်းသာနှင့် ညစာထမင်းပွဲလေးက

သက်မမေ့ချင်စဖွယ်။

ထမင်းစားပြီးကြတော့ (၇) နာရီခွဲပြီ။

"ကဲ ... သွားကြစို့။ တော်ကြာ သန်းခေါင်တောင်

ရောက်ဖြစ်နေဦးမယ်။ မိုးကလည်းမရွာရင်တော်မယ်။ ရွာရင်

ယ်ဘူးနော်"

"အေးပါ ... ကဲ ဆက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ကား (၂) စီး တစ်စီးကိုတစ်စီး အားပြုမောင်းရင်း ပင် မည်းမည်းမှောင်မှောင် ညထဲ မီးထိုးမောင်းနေကြရတာလည်း တစ်မျိုးပျော်စရာ။

လွန်းခေါင်ကလည်း နောက်ဘက်မှာ ယွန်းကိုအနားထား ပြီ စကားတွေပြောလို့။

စိုင်းကောင်းဆက်ကလည်း ခေတ်အနားမှာ ထိုင် ကားမောင်းနေရတာမို့ ရင်ထဲမှာ သာသာယာယာ။

ည (၉) နာရီလောက်မှာ လေနှင့်အတူ မိုးပါ ပါ တော့ သူတို့ကား (၂) စီး သတိကြီးစွာထားပြီး မောင်းရသည်

ရွာပြန်ရောက်တော့ ည (၁၁) နာရီ ကျော်ပြီ။ မိုး လေထဲ ကားကို ထိန်းမောင်းနေရသည့်အတွက် အားလုံး မောပန်းနွမ်းနယ်နေကြပြီ။

အခန်းအသီးသီးထဲသို့ ဝင်ပြီး သိုးနေအောင် အိပ် လိုက်ကြသည်။

✹



## အခန်း (၂၃)

ပြဿနာကမသေး။

ယဉ်ကျော့ဖြူကိစ္စက ထင်သလောက်မလွယ်။ လွန်းခေါင်၏မိဘများက စကားလွန်ထားသဖြင့် မနေ့ကအဖြစ်က သူတို့သမီးလောင်းဘက်ကို အရှက်ခွဲသလို ဖြစ်စေပါသည်တဲ့။

ညက ကားတွေအဝင်နောက်ကျသဖြင့် အခန်းထဲမှာ အိပ်နေကြတုန်း အိမ်ထဲသို့ အော်ကြီးဟစ်ကျယ် ရန်လာတွေ့တာ။ ယဉ်ကျော့ဖြူတို့၏ ဆွေမျိုးနီးစပ်အဒေါ်ကြီးပါ။

"ကိုယ့်ရွာက ဗိုင်းကောင်းကျောက်ဖိကိုတော့ မစဉ်းစား ဘဲ ငမ်းငမ်းတက်ပြီး လိုက်လာတဲ့မိန်းမတွေကိုမှ အဟုတ်ကြီး ထင်နေကြတယ်။ သားသမီးဆိုတာ မိဘစီမံတာ နာခံရမှာပဲ။ မ ညည်းသားညည်းပိုင်ပါတယ်ဆို။ ကျုပ်ကတော့ ကျုပ်တူမကို နားချထားလိုက်ရတာ။ ကျုပ် မကျေနပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါ ယောင်းမရယ်။ ညည်းသည်တွေ ကြား ကုန်ပါဦးမယ်။ ကိုယ့်သားပေမယ့် သူတို့သဘောက ရှိသေးတာ ကိုး။ ယောင်းမမြင်တဲ့အတိုင်းပဲ။ သားက မြို့သူမှ သဘောကျ တယ်ထင်ပါတယ်"

"စကားကို လျှော့မခန့်နော်။ ကျုပ်တူမက တကယ့် အလုပဂေး။ သူတို့မေဂျာမှာ သူပဲကွင်းရတာ။ ရွာနားကမြက် ရွာနွားမစားတော့ မလုပ်ကြနဲ့"

"ကဲ ကျုပ်တောင်းပန်ပါတယ် အမိရယ်။ နောက်မှ အဆင်ပြေအောင် ကြည့်လုပ်ပါ့မယ်"

"ကျုပ်က ပျားရည်နဲ့ဝမ်းချတာမျိုး မကြိုက်ဘူး။ တော သူပီပီ မဟုတ်ဘွင်းဘွင်း၊ ဟုတ်ဘွင်းဘွင်းပဲ ကြိုက်တယ်။ ကျုပ် တူမဘက်က ဘယ်လောက်အောက်တယ်မှတ်သလဲ"

အခန်းထဲမှ ယွန်းတို့ (၄) ယောက် ငြိမ်နေရပါသည်။

"ယွန်း နင်နဲ့ကိုကိုနဲ့ ကြိုက်နေတာလား"

"မဟုတ်ပါဘူးဟာ။ ကိုကိုကတော့ ကြိုက်တယ်ပြော တာပဲ။ ငါက မစဉ်းစားရဲပါဘူး"

"တွန့်ဆုတ် တွန့်ဆုတ်လုပ်မနေနဲ့။ အခြေအနေက မြင်တဲ့အတိုင်းပဲနော်"





"ဘူးလေးရာ ဖရုံဆင့်၊ ကိုယ့်ပြဿနာနဲ့ကိုယ်တောင် ရှင်းနိုင်ရသေးတဲ့ကြားထဲ။ ငါ့စိတ်ထဲထင့်နေတယ်ဟာ။ ငါတို့ ယွန်း ငါတို့အိမ်ကို ဟိုလူကြီးရောင်းစားလိုက်မှာ စိုးနေတယ်"

"(၃) (၄) ရက်နဲ့တော့ ရောင်းမပစ်နိုင်ပါဘူးဟာ။ နင် လည်း"

"မပြောနိုင်ဘူးလေ။ ငါတော့ 'အိမ်ပြန်ချင်ပြီ"

"ဪ . . . နင်က ကိုလွန်းခေါင်ကို ဒီအတိုင်းပစ်ထား တော့မယ်ပေါ့။ ပြဿနာကြီးထဲ"

"သူ့ပြဿနာထက် ငါတို့ပြဿနာက ပိုပြီးကြီးပါတယ်။ ဆွေတော်ကြီးရဲ့လက်ချက်ကြောင့် စီးပွားပျက်၊ ဘဝပျက်ရမယ့် သားက မနည်းလွတ်အောင် ရှောင်နေကြရတာပါ။ ကိုကို့ ပြဿနာက သူ့ဘာသာ ဖြေရှင်းလို့ရပါတယ်"

"နင်က ဘာလုပ်ချင်လဲ ယွန်း"

"ငါတို့ အိမ်ပြန်ချင်တယ်။ ကိုကို့အိမ်ကလည်း ငါတို့ကို ကောင်းကောင်းအထင်လွဲနေတယ်။ အထင်သေးနေတယ်။ သူတို့ သားကို အသေရရ အရှင်ရရ လိုချင်နေတယ် မှတ်နေတာ။ အထင်မခံနိုင်ပါဘူး"

ချစ်ခြင်းမေတ္တာတွေ ဘာတွေထက် မခံချင်စိတ်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



မာနတွေက ယွန်းကို လွှမ်းမိုးနေပါသည်။ မနေ့က အတူဒုက္ခတွေ သုခတွေ ကြုံခဲ့ရတာသည် အိပ်မက်သဖွယ်။

ယွန်း အိပ်ရာထဲမှ ထထိုင်လိုက်ပါသည်။

"ကဲ ... ငါတို့တွေ၊ ဘာအပြစ်မှ မကျူးလွန်ခဲ့ရဘဲ တွင်းထဲက ကြွက်တွေလို အခန်းထဲမှာပဲ တစ်နေ့လုံးအောင်းနေ တော့မှာလား"

"အိမ်ရှေ့မှာ ပြဿနာတွေတက်နေတုန်း ငါတို့ ငြိမ်နေ သင့်တယ် ထင်တယ်"

"မငြိမ်နိုင်ပါဘူး။ ငါ တော်တော်တင်းနေပြီ။ ဒီအခေါ်ကြီး တော်တော်လွန်နေပြီ။ ယဉ်ကျေးဖြူနဲ့ ကိုကိုနဲ့မှ မယူဖြစ်ရင် ကမ္ဘာကြီးပျက်တော့မတတ် ပြောနေတာ။ ကြားထဲက ငါသိက္ခာ ကျတယ်။ ငမ်းငမ်းတက်ပြီး လိုက်လာသလေး ဘာလေးနဲ့"

"ဩော် ... ဟယ်၊ ကိုယ်မှမဟုတ်တာ။ လမ်းဆုံးတော့ ရှာတွေ့ပါလိမ့်မယ်။ ငါတို့က တစ်ယောက်တည်းလိုက်လာတာ လည်း မဟုတ်ပါဘူး။ အုပ်စုလိုက် တင့်တင့်တယ်တယ် လိုက် လာကြတာပါ။ စိတ်လျှော့ သူငယ်ချင်း စိတ်လျှော့"

နန်းနုဆွေနှင့် ယုယဝင်းခင်က ယွန်းကို ချော့နေကြသည်။ ခေတ်က အိတ်ပြင်နေလေပြီ။





"အမလေးဟဲ့ သူများ ဆွဲမလားမှတ်တယ်။ ဂေါ်တမီက သွားဦးရောက်နေပြီ။ နှင့်အစ်မကို ကူပြီးတရားချဦး"

"ချပါဘူး။ လူတွေကိုများ ကလေကချေ အပေအတေ တွေ အောက်မေ့နေတယ်။ လိုက်လာမိတာကိုက ခေတ်တို့အမှား။ –ပြန်ကြမယ်၊ တော်ပြီ။ ဘာမှလည်း ပျော်ဖို့မကောင်းဘူး။ ညာဆိုတာ သီချင်းထဲပဲလှတယ်။ အပြင်မှာ လှလည်းမလှ ဘူး"

"ဩော် ... ဒါကတော့ ရှာပဲ။ ရှာလောက်လှမှာပေါ့။ ဝ်တို့မြို့ကရော လှလို့လား။ တိုက်ကြီးတွေ၊ လူတွေ၊ ကားတွေနဲ့ ွတ်သိပ်ကျပ်ညပ်နေတာ"

"ကဲ ... တော်ကြပါတော့ တော်ကြပါတော့"

အခန်းထဲမှ တီးတိုး၊ တီးတိုးအသံလေးတွေက အခန်း ပြင်ကို လျှံထွက်သွားလောက်၏။

လွှန်းခေါင်နှင့်စိုင်းကောင်းဆက်မှာလည်း မနေသာ။ အပြင်မှ ငှက်ဆိုးထိုးသံကြောင့် နိုးသွားရပြီ။

"ဟ ဘွားတော် လာဆူနေပါလား။ ကိုလွှန်း"

"လာဆူတာက ကိစ္စမရှိဘူး။ ညီမလေးတို့ ကြား သောက်ပြီ။ ပြဿနာပဲ စိတ်ဆိုးကုန်ရင်ဒုက္ခ"



www.burmeseclassic.com

www.burmeseclassic.com



“အေး ... ဟုတ်တယ် ဟုတ်တယ်။ ထ ထ အခြေ အနေ ဘယ်လိုလဲဆိုတာ ကြည့်ရအောင်။ မီးဆိုတာ မလောင်ခင် တားမှ”

“လောင်မျှားနေပြီလားမသိပါဘူးကွာ။ ဒီအဒေါ်ကြီး တော်တော်ဆိုးပါလား”

“ကေနွ ယဉ်ကျေးမှုဆိုတာ အပြစ်အနာအဆာ တစ် ခုခု ရှိပြီထင်တယ်။ ဒီလောက်ချောမှတော့ ကျောင်းမှာ ရည်းစား တွေ ဘာတွေရှိမှာ သေချာပါတယ်ကွာ”

“ဟုတ်လောက်တယ်။ ခုခေတ်ကောင်တွေကလည်း ... တဲ့အတိုင်း လက်ကယဉ်ပါဘိ”

နှစ်ယောက်သား အခန်းထဲမှ ထွက်ကာ လှေကား ပြေးဆင်းလာကြတော့ မြင်ရသည့်မြင်ကွင်းကြောင့် မျက်ဖြူဆိုက် သွားကြလေသည်။

ယွန်းနှင့်ခေတ်က အိတ်တွေဆွဲထွက်လာပြီး နန်းနုဆွေ ယုယဝင်းခင်က နောက်မှအိတ်လိုက်ဆွဲနေကြရသည့်အဖြစ်။

“ဟော့ ဟော့ ... ဒါ ဘယ်လိုဖြစ်ကြတာလဲ”

ဧည့်ခန်းထဲမှာ အိမ်သားတွေရယ်၊ ယဉ်ကျေးမှုအဒေါ် ရယ်၊ နောက် ယွန်းတို့အဖွဲ့နှင့် လွန်းခေါင်၊ စိုင်းကောင်းဆက်





လူတွေအများကြီး။ ယွန်းနှင့်ခေတ်ပုံစံက စိတ်ဆိုး ဒေါသ ဖြစ်နေသည့်ပုံမထွက်။ တည်တည်ငြိမ်ငြိမ်ပင် ထွက်လာကြသည်။

အိပ်ရာမှထလာခါစပေမယ့် မိန်းမလှလေးများမို့ အလှ က ဝင်းဝင်းစက်စက်။

လွန်းခေါင်နှင့်စိုင်းကောင်းဆက်က ကိုယ့်လူကိုယ်ပြေးဆွဲ ကြသည်။ အိတ်များကိုပါ။

“ဘာတုံးကွ၊ ဘာဖြစ်တာတုံး။ ပြန်ချင်ရင်လည်း ပြော လေ။ ချက်ချင်းကြီး ဘယ်လိုလုပ်ပြန်မလဲ”

“ရတယ် ဖိုးကျော်ကားငှားသွားမယ်။ ရန်ကုန်ထိ လွှန် ပေးရ တစ်သိန်း နှစ်သိန်းပေါ့”

“ဩော် ... အားကိုးရှိနေကြတာပေါ့လေ။ ဟိုကျတော့ ရော ခင်ဗျားတို့ကို ဘယ်သူစောင့်ရှောက်မလဲ။ ဖိုးကျော်ပဲလား”

“မလိုပါဘူး။ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါ။ သတ္တဝါကံငယ်လာရင် ကယ်ဆယ်လို့ မရဘူးတဲ့။ ရတယ်။ ကိုယ့် ကံနဲ့ကိုယ်ပဲ။ ကိုယ့်ဘဝနဲ့ကိုယ်ပဲ”

ဖိုးကျော်ဆိုတာ မနေ့က ကားအငှားလိုက်သည့် ကောင် လေး။ ဧည့်ခန်းထဲမှ လူအများကတော့ ငိုင်းကြည့်နေကြ၏။ ဘယ်သူမှ ဆွဲလည်းမဆွဲရဲ၊ ပြောလည်းမပြောရဲကြ။ လွန်းခေါင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယွန်းကိုသာ ရုပ်ရှင်ကြည့်နည်းမျိုး ဝိုင်းကြည့်နေကြသည်။

ဝိုင်းကြည့်နေသည့်အနားသို့ ဖိုးကျော် ယောင်လည်ယောင်လည်ရောက်လာလျှင် လွန်းခေါင် ကုလားမနိုင် ရခိုင်မဲလေ၏။

"ဖိုးကျော် မင်း လူမိုက်အားပေးတွေလုပ်နေရသလား မင်း ငါတို့ကြားထဲ သပ်ဝင်လို့စရာမလိုဘူး"

"ခင်ဗျား အစ်ကို၊ ကျွန်တော် ခုမှအိပ်ရာကထလာတာပါ ခင်ဗျာ။ ကျွန်တော် ဘာမှမသိပါဘူး။ အကိုတို့ပြဿနာလည်း ခုမှ မြင်ရတာပါ"

တကယ်ကျ ယွန်းကလည်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြောတာပါ။ ဖိုးကျော်ကို ပြောရသေးတာလည်းမဟုတ်။

သို့သော် ယွန်း အလျှော့မပေး။

"ကိုဖိုးကျော် ယွန်းတို့ကို ရန်ကုန်ထိ လိုက်ပို့ပါ။ နေ တွက်၊ ကားခ၊ ဆီ အားလုံးတာဝန်ယူပါတယ်။ ရှင် အဆင်ပြေအောင်တောင်းပါ"

လွန်းခေါင် ပိတ်အော်လိုက်ပုံက (၇) သံချီနှင့်။

"ဟော့ကောင် လိုက်ရဲလိုက်ကြည့်။ မင်း ငါ့လက်သီးနဲ့ တွေ့မယ်"





"ဒုက္ခပါပဲဗျာ။ အစ်ကိုတို့ (၂) ယောက်ကြား ကျွန်တော် ချောင်မြေစာပင် ဖြစ်နေပြီ"

ဖိုးကျော်ဟာ လွန်းခေါင်၏ညီဝမ်းကွဲမို့ အစ်ကိုကို ချစ်ကြောက်ရိုသေပါသည်။ ပြီး သူတို့ကြားက သံယောဇဉ်ကိုလည်း င်နေကြပြီးလေ။

ဖိုးကျော် အိမ်ပေါ်မှဆင်းပြေမည်ပြင်တော့ ယွန်းကလည်း မ်းအော်၏။

ဩော် ...နိုင်စားနေလိုက်ကြတာ။

"ကိုဖိုးကျော် ရှင်တို့အရပ်က ဒီလိုပဲလား။ ဒုက္ခရောက်တဲ့ မိန်းမငယ်လေးတွေကို ဒီလိုပဲ အရသာခံပြီး ကြည့်နေကြေး ရတယ်၊ ယွန်းတို့ကလည်း ပါးစပ်ပါ ရွာရောက်ပဲ။ ရွာထဲ ရှိတဲ့အိမ်တွေ လိုက်ငှားမယ်။ ဘယ်လိုလူဖြစ်ဖြစ် ပြန်ရရင် ရော"

ယွန်း ကိုယ့်အိတ်ကိုအတင်းဆွဲပြီး ရှေ့မှဆင်းလျှင် လွန်း င် ဝိုင်းကြည့်နေကြသည့်လူတွေကို ပိတ်အော်ပစ်လိုက်၏။

ဒါလည်း ကုလားမနိုင် ရခိုင်မဲ့တာပါပဲ။

"ဘာဖြစ်လို့ သူများဒုက္ခရောက်နေတာကို ဝိုင်းပြီး သာခံ ကြည့်နေကြတာလဲ။ သွား သွားကြ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ချင်ဘူးနော်"

လွန်းခေါင်အော်တော့လည်း အကြောက်ကြီးသား...တာလည်း ပါမှာပေါ့။ အားလုံးပင် အလျှိုအလျှိုနှင့် ပျောက်...ကြတော့သည်။

ယဉ်ကျေးဖြူ၏အဒေါ်က နှုတ်ခမ်းကိုမဲ့ပြီး ငေါ်ငေါ...

"အဲဒီမှာ လူမရှိတော့မှ ထိုင်ရှိခိုးပြီးတောင်းပန်...အဲဒါပေါ့။ ယောက်ျားရှေးဖျက်တာ။ ကိုယ့်ကိုတန်ဖိုးထား...တော့ အရေးမစိုက်ဘဲ အသလွတ် မာနခေါင်ခိုက်နေတဲ့ က...တွေကျမှ ခြေသလုံးဖက်ချင်နေ။ ဩော် ဒုက္ခ ဒုက္ခ တော...လူနဲ့နဲ့ မြို့သူမာယာကဝေမ တွေ့ကြတော့တာပေါ့"

ပြောပြီး မဲ့ကာ ရွဲ့ကာနှင့် အိမ်ပေါ်မှ ဆင်းသွား...တော့သည်။ ဘယ်သူမှမရှိတော့ပြီမို့ စိုင်းကောင်းဆက်က ...ဟာလေးကို ပခုံးဖက်ပြီး ဆိမန်းမန်းသလို တတွတ်တွတ်...လေ၏။

ခေတ်ကလည်း နှုတ်ခမ်းလေးကို ဝက်ကလေးလို ...လို့။ ဘာမှတော့ မပြောတတ်။ သူ့အစ်မ သေဆိုသေ ...မည့်သူ။ ခေါင်သူကြီးက သူ့အစ်မ ခေတ်ယွန်းအိမ်။

✺



## အခန်း (၂၄)

ယွန်းကတော့ ဆရာမနိုင် နှစ်ဆောင်ပြိုင်။

လွန်းခေါင်က အိတ်ကိုဆွဲထားတော့ အိတ်ကို သူ့မ...ွတ်ချလိုက်သည်။

"ပြန်မှာပဲ၊ ကျွန်မကတော့ ကိုယ့်ကို တန်ဖိုးမထား...လေးမထားဘဲ စော်ကားမော်ကားပြောတဲ့အရပ်မှာ တစ်မိနစ်...ဆောင် မနေဘူး။ အိတ်မပေးလည်းနေ၊ လူချည်းပြန်မယ်"

"ခေတ်ယွန်းအိမ်"

လွန်းခေါင်က အော်ထည့်လိုက်တော့ ယွန်း လန့်တုန်...သွားပြီး ကြမ်းပြင်ပေါ် ထိုင်ချကာ ကိုယ့်ရင်ဘတ် ကိုယ်ထု...သတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်းခေါင် မည်သူ့ကိုမျှ ဂရုမစိုက်နိုင်တော့ပါ။ ကိုယ့် ကိုယ်ထုနေသည့် ယွန်း၏လက်နုနုကလေးများကို သူ့လက် တစ်ဖက်နှင့် စုကိုင်လိုက်ပြီး ကျန်လက်တစ်ဖက်က ယွန်း ကိုယ်လုံးလေးကို ယုယစွာ ဖက်လိုက်သည်။

လွန်းခေါင်၏မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ပျ ယွင်းကြေကွဲနေလိုက်တာ။

"ယွန်းရယ် ကိုကို့ကိုမသနားဘူးလားဟင်။ ကို တစ်မျက်နှာနဲ့ ကမ္ဘာကြီးကို လဲမပစ်နိုင်ဘူးလား"

အိမ်သားတွေကလည်း အခန်းအသီးသီးမှ ချောင်း ချောင်းနားထောင်နေမှာ လွန်းခေါင်သိနေပေမယ့် ဘယ် ဂရုမစိုက်နိုင်တော့ပါ။

လောကကြီးထဲမှာ ယွန်းကလွဲလို့ မည်သူ့ကိုမှ ဂရုမ နိုင်။

သူ့အချစ်ဟာ ခိုင်မြဲသည်၊ သန့်စင်သည်၊ အပြ သော ချစ်ခြင်းဟု သူ ခံယူသည်။ ယူဆသည်။

သူ့ချစ်သူဟာ သူများချစ်သူ သူများ၏ဇနီး မဟုတ်။

ဖြူစင်သန့်ရှင်းသော အပျိုစင်လေး။ မွှန်မွှန်မြတ်





ညသူ ရှင်သန်ခဲ့သည့် မိန်းမငယ်လေး။

သို့သော် အခြေအနေအရ လောကအကြောင်းလည်း လည်ရင့်ကျက် တည်ကြည်သွားသည့် မိန်းမပျိုလေး၊ အနှစ် ည့် မိန်းမပျို။

အဖိုးတန်မြ။ အဖိုးတန်သယံဇာတလေး။

ယွန်း သူ့ရင်ဘတ်ကြီးကို ထုပြီး ငိုနေတော့ သူ ယွန်း ယ်လေးကို ကြင်နာစွာ ဖက်ထားမိပါသည်။

"ညီမလေးရယ် ကိုကို့အချစ်တွေနဲ့ အားလုံးကို ခွင့်လွှတ် က်ပါနော်။ ကိုကို ညီမလေးကို အရမ်းချစ်တယ်။ ကိုကို့ သိုင်းအဝိုင်းတစ်ခုလုံးကို ဆန့်ကျင်နိုင်တဲ့အထိ ချစ်တယ်"

မျက်ရည်တောက်တောက်ကျနေသည့် ကောင်မလေး ခနဲကြည့်ရင်း ကျားသစ်မလေးလို ဝင်းခနဲ ဖြစ်သွားပုံက န့်စရာ။

"ယွန်းက လူဆိုးမို့ သဘောမတူနိုင်ကြတာလားကိုကို။ န်းက မိုင်းကောင်းကျောက်ဖိ မဟုတ်လို့လား။ ကိုကို့ အသိုင်း ိုင်းက သဘောမတူဘဲနဲ့ ယွန်း ကိုကို့ကို ဘယ်တော့မှ လက် ဘူး"

"ဟာကွာ ... ညီမလေးကလည်း ကိုကိုနဲ့ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပဲ ပြောစမ်းပါ။ ကျန်တဲ့လူတွေ ထည့်မတွက်နိုင်ပါဘူး သူတို့ကြောင့် ကိုကိုတို့ (၂) ယောက် အသည်းကွဲမခံနိုင်ဘူး ဘဝအပျက် မခံနိုင်ဘူး''

အခန်းတစ်ခုမှ ခန်းဆီးလှုပ်သွားတာ ယွန်းမြင်လိုက်ပါသည်။ ယွန်း လွန်းခေါင်ကို တွန်းဖယ်ပြီး နေရာမှ ထရပ်လိုက်ပါသည်။ ခေတ်ကိုလည်း လှမ်းခေါ်လိုက်၏။

''ညီမလေး ထ၊ ငါတို့တွေ အရှက်မရှိသလိုဖြစ်နေပြီ ကိုကိုတို့ကိုတော့ တောင်းပန်ပါတယ်။ ယွန်း စိတ်ဆိုးလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအရပ်မှာ ယွန်းတို့မနေသင့်တော့ဘူး။ မနေချင်တော့ဘူး။ ပြန်ပါရစေ။ ယွန်းအန္တူးအညွှတ်တောင်းပန်ပါတယ်။ အိမ်ကိုလည်း စိတ်မချဘူး။ ညက အိပ်မက်မက်တယ်။ အိမ်မှာ တစ်ခုခုတော့ ဖြစ်နေပြီ။ မေမေ ဒုက္ခရောက်နေတယ်လို့ အိပ်မက်တယ်''

''အိပ်မက်ဆိုတာ စိတ်ဆင်းရဲလို့မက်တာပါကွယ်။ (၂) ရက်ပဲနေ။ (၂) ရက်ပြီးရင် ကိုကိုတို့ပြန်ကြမယ်''

''ခက်လိုက်တာ ကိုကိုရယ်။ ယွန်း မျက်နှာပူလှပါပြီ။ မနေပါရစေနဲ့တော့။ ရှက်လည်း ရှက်လှပါပြီ။ မပြန်ရရင် သေ မတတ်ခံစားနေရမှာ''





စကားအဆုံးချပြောနေသည့်ယွန်းကို လွန်းခေါင် ဘယ် ချော့ရမှန်းမသိတော့။

ခေတ်ကလည်း သူ့အစ်မ၏စကားကို နာခံပါသည်။ ...ကလေး ကောက်ကိုင်ပြီး ညီအစ်မ (၂) ယောက် ရှေ့ဆင့် ...က်ဆင့် အိမ်မှထွက်တော့ စိုင်းကောင်းဆက်လည်း အိမ်ပေါ် ...ဆက်၊ သူ့အိတ်ဆွဲပြီး နောက်မှလိုက်သည်ပါပဲ။

ဆင်မလေးသွားရာ ဆင်ပြောင်ကြီးကလိုက်ဖို့အသင့်။ ...ခေါင်မှာသာ မထွေးနိုင် မမြိုနိုင်။ မနေ့ကမှ ပြန်ရောက်၊ ...ည့်နေ့ချက်ချင်းကောက်ပြန်ဖို့အတွက် မိဘများ၊ ညီအစ်ကို ...င်နှမများ ဒေါ်ကြီး၊ ဒေါ်လေး၊ ဘကြီး၊ ဘထွေးများကို ...နာသည်။

ရင်ထဲမှာ နေလို့မရ၊ သူ စိုင်းကောင်းဆက်ကိုသာ အပ် ...ခဲ့ရပါသည်။

''စိုင်းရေ ... ငါ (၂) ရက်လောက်တော့နေဦးမှပါကွာ။ ...လေးတို့ကို မင်းပဲစောင့်ရှောက်လိုက်ပါနော်''

ယောက်ျားကြီးတန်မဲ့နှင့် လွန်းခေါင် မျက်ရည်အဝဲသား။ ...နှင့်ခေတ်နောက်သို့ နန်းနုဆွေနှင့် ယုယဝင်းခင်တို့လည်း ...က်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယုယဝင်းခင်က ပခုက္ကူဆက်မို့ လွှန်းခေါင်နှင့်မောင်နေ ဝမ်းကွဲမို့ ရောက်တုန်းရောက်ခိုက် သည့်မှာနေရဦးမှာ။

သည်တော့ စိုင်းကောင်းဆက်ပဲ ကမကထလုပ်ပြီး ကားငှား၊ ရန်ကုန်သို့ပြန်ဆင်းသွားကြပါလေတော့သည်။



## အခန်း (၂၅)

ရန်ကုန်ပြန်ရောက်သည့် အချိန်က ည (၈) နာရီလောက် ရှိပြီ။ ဖိုးကျော်က ဖါစင်ကျာရသည့်မို့ ညတွင်းချင်းပဲ ပြန်မောင်း သွားတာမို့ အိမ်မှာ သူမတို့ ညီအစ်မနှင့် စိုင်းကောင်းဆက်ပဲ ရှိသည်။

(၃)ယောက်တည်း။ မေမေ့ဆီ သူမတို့ပြန်ရောက်ကြောင်း အကြောင်းကြားလိုက်ပြီး ကားအလုခံရသည့်အတွက် ရဲစခန်းသို့ တိုင်မည့်ပြောလိုက်၏။

ခဏကြာလျှင် မေမေ ဖုန်းပြန်ဆက်သည်။

"သမီးတို့ရေ မတိုင်နဲ့တော့။ မေမေတို့အိမ်ရှေ့မှာ ကား လာထားသွားပြီ။ အပို့လွှတ်လိုက်ရမလား"

"မနက်မှ ပို့လည်းရပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝေမြူက သမီးတို့ မနက်ကျ စီးလို့ရအောင် ခုပဲ ပို့နိုင်းလိုက်မယ်တဲ့"

တစ်ဖက်မှ ဖုန်းသံတိတ်သွားပြီး ဖုန်းချသွားတော့ ယွန်းတို့ညီအစ် မျက်မှောင်ကြုတ်မိကြသည်။ ဘာဖြစ်တာလဲ။ စိုင်းကောင်းဆက်က အနားမှာရှိတာမို့ အကျိုးအကြောင်း ပြောလိုက်လျှင် အလန့်တကြား။

"ဟာ ...ညကြီးမင်းကြီး ကားလာပို့တာ အန္တရာယ်နော်။ ကားထဲမှာ လူဆိုးတွေ တင်လာနိုင်တယ်"

"ဟုတ်တယ်၊ ကားကိုခြံထဲအဝင်မခံဘူး။ အပြင်မှာပဲ ထားခိုင်းလိုက်မယ်"

(၃) ယောက်သား တိုင်ပင်ထားပေမယ့် ကားက ည (၁၀) နာရီအထိ ရောက်မလာ။ (၁၀) နာရီကျော်မှ ကားဟွန်းသံကြားရသဖြင့် သူမတို့ (၃) ယောက်လုံး ခြံတံခါးဝသို့ သွားကြည့်ကြ၏။

စိုင်းကတော့ အဘိုးကြီးရုပ်ဖျက်ထားရပါသည်။ ကားဒရိုင်ဘာက ကားပေါ်မှဆင်းပြီး –

"ကဲ ...ကိုယ့်ဘာသာ ခြံထဲသွင်းပေတော့။ ကျုပ်တို့ကလည်း အထဲမဝင်ပါဘူး"





ပြောပြီး ဒရိုင်ဘာက နောက်မှပါလာသည့်ကားထဲ သွားင်၏။ သူတို့ကားမောင်းထွက်သွားတော့မှ စိုင်း ခြံတံခါးဖွင့်ပြီး ားဆီသွားသည်။ ကားထဲမှာ မည်သူမျှမရှိ။

သည်တော့မှ ကားကို ခြံထဲသို့ မောင်းသွင်းလိုက်သည်။ န်းက ခြံတံခါးပိတ်ဖို့ ကြံစည်နေစဉ် စောစောကကား တစ်ရှိန် း မောင်းဝင်လာသဖြင့် အလန့်တကြား ခုန်ရှောင်လိုက်ရသည်။

စိုင်းက ကားထဲမှ မထွက်ရသေး။ နောက်ကားမှ လူ ယောက် ဖျတ်ခနဲ ခုန်ဆင်းလာကြပြီး ခြံတံခါးပြေးပိတ်သူနှင့် တို့ (၂) ယောက်ကို ဓားနှင့်ထောက်ပြီး အိမ်ထဲပြန်သွင်းကြ ခဲ့၏။

လျှပ်ပြက်သလို မြန်လှသည်။ စိုင်းမှာလည်း ကားနောက် ဝပ်နေသည့်တစ်ယောက်က သေနတ်နှင့် လည်ဂုတ်သို့ တ်ထားခြင်းခံနေရပါသည်။

"ဆင်း ...ရီးတီးယားတားမလုပ်နဲ့။ ငါ့သေနတ်က သင်ဇာ တပ်ပြီးသား"

စိုင်း လက်မြှောက်ပြီး ကားပေါ်မှ ဆင်းရပါသည်။

"ဝင် အိမ်ထဲ"

ရန်သူက (၄) ယောက်။ သူမတို့က (၃) ယောက်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကိုရော သူမတို့ (၂) ယောက်ကိုပါ ပါးစပ်တိပ်ကပ်၊ ကြိုးတုပ် လိုက်ကြသည်ကို လည်စင်းခံလိုက်ရပါသည်။

သတိထားနေသည့်ကြားမှ မမျှော်လင့်သည့်တိုက်ကွက်။

ည (၁၀) နာရီကျော်ပြီမို့ လူခြေလည်းတိတ်ပြီ။ သူမတို့ ခြံနှင့်တိုက်က လမ်းသွယ်ထဲမို့ ပိုဆိုးသည်။ လုံးချင်းတွေချည်း၊ လူကလည်း ရှင်းသည်။

လူ (၄) ယောက်ဟာ ဦးဝေမျှ၏ လူတွေဖြစ်မှာမလွဲ ဘာလုပ်ကြမလို့ပါလိမ့်။ စိုင်းကို သေနတ်နှင့်ထောက်သူက ခေါင်း ဆောင်ဖြစ်မည်ထင်၏။ သူတို့ရုပ်တွေကိုလည်း နှာခေါင်းစည်းတွေ အုပ်ထားတာမို့ ဘယ်သူမှန်း သဲသဲကွဲကွဲမမြင်ရ။

"ကဲ ဒီစာချုပ်မှာ လက်မှတ်ထိုးရမယ်။ လက်မှတ်မထိုး ရင် နင်တို့ (၃) ယောက်လုံးကို သတ်ပစ်မယ်"

ယွန်းရော ခေတ်ပါ ခေါင်းခါပြီး ငူးဝါး ငူးဝါး။ မထိုးနိုင် ပါဘူး။ စာချုပ်ကို အုပ်ထားပြီး လက်မှတ်ထိုးသည့်နေရာကိုသာ ဖော်ထားတာ။

ဘာမဆို ဖြစ်နိုင်တာပဲ။ ဆိုးဆိုးရွားရွားတွေမို့ စာချုပ် အုပ်ထားတာ။

"ထိုး . . . ထိုးရမယ်။ နင်တို့အဘကို အားကိုးမနေနဲ့





ကြည့် သူကိုယ်တိုင် အဖမ်းခံနေရပြီ"

စိုင်းကောင်းဆက်မှာလည်း ကြိတ်မနိုင် ခဲမရ။ သတိ ထားနေသည့်ကြားမှ ရန်သူက လျှပ်တပြက်ဝင်ပြီး လက်ဦးမှု အရယူလိုက်ခြင်းပါ။

"အသာတကြည့် လက်မှတ်မထိုးရင် နင်တို့နာမယ် နော်။ အသားအနာခံပြီးမှ ထိုးမှာလား"

ယွန်းနှင့်ခေတ်ကတော့ ခေါင်းကို တွင်တွင်ခါနေကြဆဲ။ စကားလည်းပြောလို့မရ၊ ဆွေးနွေးလို့မရ။ ပါးစပ်ကို တိပ်ကပ် ထားကြတာ။

လူဆိုး (၄) ယောက် တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေကြပြန်၏။ ခဏကြာလျှင် –

"ကဲ ဟောကောင်တွေ သူတို့ (၂) ယောက် လက်မှတ် ထိုးချင်ထိုး မထိုးရင် အဝတ်တွေဆွဲချွတ်ကြစို့။ ကဲ ပြော လက် မှတ်ထိုးမှာလား။ အဝတ်တွေ ဆွဲချွတ်ခံမှာလား"

ယွန်းနှင့်ခေတ် ဒေါသထွက်လွန်းလို့ ဆွေ့ဆွေ့ခုန်နေပေ မယ့် ကြိုးနှင့်တုပ်ခံထားရ၊ ပါးစပ်တိပ်နှင့်ပတ်ခံထားရတာကြောင့် မျက်လုံးတွေမှာ ယိမ်းထိုးနေကြရသည်။

"ကဲ ပြောပြော . . . လက်မှတ်ထိုးမှာလား။ အချက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ခံမှာလား။ ငါ ၁၊ ၂၊ ၃၊ ၄ ကို (၁၀) ထိရေမယ်နော်။ စဉ်းစား[illegible]

ခေါင်းဆောင်လုပ်သူက ပြောပြီး ၁၊ ၂၊ ၃၊ ၄ [illegible] ကျယ်လောင်စွာ ရေတွက်နေလေ၏။

"၁ ၂ ၃ ၄"

"၅ ၆ ၇ ၈ ၉"

"ကဲ ... အဝတ်ချွတ်ပြီ"

တကယ်ပင် ယွန်းအနားသို့ ကပ်လာပြီး အင်္ကျီ[illegible] ဆုတ်မည်ပြင်လျှင် ယွန်း မနေနိုင်တော့ပါ။ ဝူးဝါး ဝူးဝါး အော်[illegible] မျက်ရည်တွေစီးကျရင်း ခေါင်းညိတ်ရပါတော့သည်။

"ဟုတ်ပြီ ဒီလိုမှပေါ့။ ကဲ မြကြီး၊ ကောင်မလေး [illegible] ယောက်ကို လက်တွေကြိုးဖြည်ပေးလိုက်၊ လက်မှတ်ထိုး[illegible] အောင်"

ကုလားထိုင်တွေမှာ တုပ်ထားသည့် ကြိုးတွေကို [illegible] ပေးပြီး စာချုပ်မှာလက်မှတ်ထိုးခိုင်းသဖြင့် ယွန်းရော၊ ခေ[illegible] ထိုးပေးလိုက်ကြရသည်။

ရင်ထဲမှာ ရင်ကွဲနာကျမတတ်ခံစားလိုက်ကြရသ[illegible] စာချုပ်ကို ဖတ်ခွင့်မရပေမယ့် သည်စာချုပ်ဟာ ကလိမ်က[illegible] တစ်ခုခုအတွက် ယုတ်မာမှုတစ်ခုအတွက်ဆိုတာ အသေအ[illegible]





မျက်ရည်များနှင့် ငိုကြွေးနေရပေမယ့် ပါးစပ်လည်း တိပ်တပ်ထား။ ခြေထောက်လည်း ကြိုးတုပ်ထားထားမို့ ဘာမှမတတ်နိုင်။

ဒေါသတွေထွက်လွန်းပေမယ့်လည်း ဘာမှ မလှုပ်ရှားနိုင်သည့်ဘဝ။ ညီအစ်မ (၂) ယောက်လုံး လက်မှတ်ထိုးပေးပြီးသည်နှင့် လူဆိုးများ ပြန်ထွက်သွားကြသည်။

ယွန်းတို့ (၃) ယောက်လုံး ကြိုးတုပ်လျက်သား၊ ပါးစပ်တိပ်ကပ်လျက်သားကျန်ခဲ့ကြလေသည်။ လွတ်မြောက်အောင် ဘယ်လိုလုပ်မှာလဲ။ တိုက်တံခါး ခြံတံခါးတွေ ဖွင့်ထားခဲ့တာမို့ ဆေးမာသူတွေ ဝင်လာမှာလည်း စိုးရသည်။

ဝင်လာလျှင်လည်း အန္တရာယ်မပြုဖို့လိုသည်။ ယခုတော့ (၃) ယောက်လုံး ကုလားထိုင်တွေမှာ ခြေတွေရော၊ လက်တွေရော၊ ပါးစပ်တွေပါ တုပ်နှောင်ပိတ်ကပ်ထားခဲ့သည်မို့ မလှုပ်သာ။

စိတ်ထဲမှ ဘုရားတရား အောက်မေ့ရင်း ယွန်းတို့ (၃) ယောက် ခံပြင်းဒေါသထွက်နေကြရသည်။

✸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဒေါ်ကြည်လင်းဖြူ။

စိတ်ထဲမှာ မရှင်မပျ။ ဦးဝေချူဟာ သူမထင်နေ[illegible] ထက် ဆိုးသည်၊ ကောက်ကျစ်သည်။ ကျားဆိုးတစ်ကောင်[illegible] ကျားစေဦးလဲလို ကောက်ကျစ်သည်။

ဦးဝေချူ၏ယုတ်မာမှုတွေကို အကုန်မသိပေမယ့် သူ[illegible] သိသမျှပင် တော်တော်များနေပါပြီ။

သူမနှင့် လက်မထပ်ရခင်တုန်းကတော့ အလိုလို[illegible] အကြိုက်ဆောင်ပြီး တကယ့်ကို သူမတို့သားအမိတွေအတွ[illegible] အသက်ကိုပင် ပဓာနမထားဘဲ ဦးခွေးဆံမြည့် ထမ်းရွက်[illegible] မည့်ပုံ။

ဟော သူမကို ပိုင်ပိုင်နိုင်နိုင် လက်ထပ်ခွင့်လည်းရ[illegible]





[illegible]သားခေါင်း ကျွတ်ကျပြီး အစွယ်ပြူးပြူးနှင့် ဘီလူးကြီးဖြစ်လာ[illegible]တာ။

သမီးတွေကို အမျိုးမျိုးဖိနှိပ်ချုပ်ချယ်သည်။ လုပ်ငန်း[illegible]အားလုံးကို လက်ဝါးကြီးအုပ်၊ နောက်ဆုံးတိုက်နှင့်ခြံကိုပင် မလိမ့်[illegible]ပတ်နှင့် အပျောက်ရိုက်ဖို့ ပြုလုပ်သည်။

သမီး (၂) ယောက်ကို အမျိုးမျိုး ဒုက္ခပေးတာ၊ သူမတို့၏[illegible]များတွေကို အကုန်အပျောက်ရိုက်ဖို့ ကြိုးစားတာ။

ဦးဝေချူဟာ သေသင့်နေပါပြီ။ သူ့အပေါ် ဒေါ်ကြည်လင်း[illegible] စိတ်နာလှပါပြီ။ သူမဘဝက နွံထဲနစ်သည့်သူလို လွယ်လွယ်[illegible] ရုန်းမရတော့။

အသက်သေသည်အထိ လည်စင်းခံနေရမှာလား။ ဒေါ်[illegible]ည်လင်းဖြူဟာ ဘဝတစ်လျှောက်လုံး ယုန်ဖြူလေးလို နူးညံ့စွာ[illegible]မ်းအစမဲ့စွာ နေလာခဲ့ရင်ပေမယ့် ယခုတော့ ဖြူးတစ်ကောင်[illegible] ဆူးတွေထောင်ထနေချင်ပါပြီ။

တစ်နေ့တခြား ယုတ်မာပက်စက်လာသည့် ဦးဝေချူကို [illegible] ဘယ်လိုတန်ပြန်တိုက်ခိုက်ရမလဲ။ သမီး (၂) ယောက်၏[illegible]ကို သူမ ဘယ်လိုကယ်တင်ရမလဲ။

ဦးဝေချူ၏အလုပ်ခန်းထဲမှာ သန့်ရှင်းရေး ဝင်လုပ်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တုန်း ခြေသံတွေ အများအပြားကြားလိုက်ရလျှင် ဒေါ်ကြည်...
ဖြူ အခန်းထဲရှိ စာအုပ်ဗီရိုကြီးနောက်သို့ ဝင်ကပ်နေလိုက်...

သူတို့ ဘာတွေပြောကြမလဲ၊ ဘာတွေလုပ်ကြမလဲ...
သေချာချာ သိချင်သည်။

အခန်းထဲသို့ ဝင်လာကြသူတွေက ဦးဝေဠုနှင့် ...
(၄) ယောက်။ မျက်နှာတွေကလည်း ရွှင်ပျလို့။

"တံခါးပိတ်လိုက် ဒင်ကြီး။ ဘွားတော်မသက်...
မယ်"

"ဆရာကြီးကလည်း ဘွားတော်က နုံအနေတာ...
သူ့ယောက်ျားကို ဆရာကြီးသတ်တယ်ဆိုတာတောင် ခုထိ ...
လား"

"ဒင်ကြီး တော် တော် မဆိုင်တာတွေ မပြော...
နံရံတွေမှာ နားတွေရှိတယ်။ ခုကိစ္စပဲပြော။ ဘယ့်နှယ် ည...
အိုကေရဲ့လား။ ကောင်မလေးတွေက ခပ်ဂျစ်ဂျစ်ရယ်။ ...
ဖုန်းနဲ့မပြောစေချင်လို့ ခုမနက်မှ ပြောစေချင်ရတာ"

ဒင်ကြီးဆိုသူက အသံလုံခန်းမို့ မည်သူမျှ မ...
ဟူသော အယူအဆနှင့် ညကကိစ္စကို မြိန်ရေယှက်ရေ ...
လျှင် ဒေါ်ကြည်လင်းဖြူ အသားတွေ ဆတ်ဆတ်တုန်...





ဒေါသထွက်နေမိ၏။

လူယုတ်မာကြီး။ ငါ့ယောက်ျား သူတော်ကောင်းကြီးကို
လည်း သတ်တယ်။ ငါ့သမီး (၂) ယောက်ကိုလည်း ဒုက္ခတွေ
အမျိုးမျိုးပေးတယ်။

သူတို့အဖွဲ့ကတော့ ညက ပြဿနာကို အသေးစိတ်
အစီရင်ခံစာတွေ တင်နေလေဆဲ။

"ဆရာ့မယားပါသမီးတွေ တော်တော် အကြောမာတယ်
ဗျ။ အဝတ်ချွတ်ပစ်မယ်ဆိုတော့မှ လက်မှတ်ထိုးကြတာ။ အိုကေ
ပါပြီဆရာရယ်။ သူတို့ပစ္စည်းတွေကို ဆရာ သွန်လိုသွန် မှောက်
လိုမှောက်ပေတော့"

"ငါ့တပည့်တွေတော်တယ်။ ဆုချရမယ်"

သူ့အိတ်ထဲမှ ပိုက်ဆံတွေ အထပ်လိုက် အထပ်လိုက်
ဆုချနေတော့ ဒေါ်ကြည်လင်းဖြူ မျက်ရည်ကျရင်း အံကြိတ်နေ
ရသည်။

ငါ တော်တော်ညံ့တဲ့မိခင်၊ တော်တော်ညံ့တဲ့ မိန်းမပဲ။
ကိုယ့်ယောက်ျားကို သတ်တဲ့ ရန်သူစစ်စစ်ကြီးနဲ့ ပေါင်းဖော်နေရ
တယ်။

သူ့ဆန္ဒကို ဖြည့်ဆီးပေးနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးတွေကို အမျိုးမျိုးဒုက္ခပေးနေတဲ့ လူယုတ်မာကြီး... ကို ငါမသေမချင်း ယစ်ပူဇော်သလို ငါ့ဘဝ၊ ငါ့ခန္ဓာကိုယ် ပူဇော်... နေရမှာလား။

မျက်ရည်တွေကျရင်း လက်သီးကိုဆုပ် အံကိုကြိတ်... ရင်ထဲမှ တူးခါးနေအောင် မုန်းပြီ။ သူမ မျက်စိထဲမှာ ဦးဝေဇြ... အစွယ်ပြူးပြူးနှင့် ဘီလူးကြီး။

အမုန်းမီးလျှံတွေ တဟုန်းဟုန်းတောက်လောင်လာ... ကြောင့် ဒေါ်ကြည်လင်းဖြူ တစ်ကိုယ်လုံး ပူလောင်လာခဲ့...

ကိုယ်ခန္ဓာကလည်း ဆောက်တည်ရာမရတော့။ တ... ဆတ်တုန်လှုပ်နေပြီး နှလုံးသွေးတွေက ပွက်ပွက်ဆူလေ...

ဘီလူးကြီး လူယုတ်မာကြီး။

ငါ့ယောက်ျားကိုသတ်တယ်။

ငါ့သမီးတွေကို ဒုက္ခတွင်းထဲ ဆွဲနှစ်တယ်။

ငါ့ကိုလည်း မတရားသိမ်းပိုက်ထားတယ်။

ငါတို့မိသားစုရဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း မ... ယူတယ်။

သင်ဟာ သေသင့်တယ်။

သင်းကို ငါ ဘယ်လိုပြန်ပြီးလက်စားချေရမလဲ။





သင်းအပေါ်မှာ ငါ့အမုန်းတွေ ကမ္ဘာကျေတောင် မကုန် ...း စေရဘူး။

ဦးဝေဇြနှင့် သူတပည့်တွေကလည်း ယွန်းနှင့်ခေတ်ကို ...က်လက်ပြီး ဒုက္ခပေးဖို့ တိုက်နှင့်ခြံကို တစ်ဖက်လှည့်နှင့် အရယူ ...တွေ တိုင်ပင်ဆွေးနွေးနေကြ၏။

ဒေါ်ကြည်လင်းဖြူ စောစောကတည်းက ဖုန်းနှင့်အသံ ...င်းယူထားသည်မို့ သူတို့တိုင်ပင်သမျှ အားလုံး ဖုန်းထဲရောက် ...ပြီ။

ဒါ သက်သေပေါ့။

ဦးဝေဇြ ကျူးလွန်ခဲ့သည့် ပြစ်မှုတွေ။ သည်မကောင်း ...ခါးကြီးကို ဥပဒေအတွင်းမှ အပြစ်ပေးမလား၊ ကိုယ်တိုင်ပဲ ...ပြစ်ပေးရမလား။

သူဟာ တကယ့်လူဆိုးထိပ်ခေါင်ကြီးမို့ လွယ်လွယ်နှင့် ...ာ ဖြို့လို့ရမှာမဟုတ်။

သူတို့အုပ်စုတွေ ပြန်ထွက်သွားလေမှ ဒေါ်ကြည်လင်းဖြူ ...ည်း တိတ်တဆိတ် ထွက်လာခဲ့ရပြီး –

ရင်ထဲမှာ နှလုံးခုန်နှုန်းတွေမြန်၊ သွေးတွေဆူပွက်လာ ...ာင်ပဲ ဦးဝေဇြကို အမုန်းကြီးမုန်းမိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက သမီးတွေကို အတင်းလက်မှတ်ထိုး ချုပ်နှောင်ခဲ့သည်ဆိုသည့်အတွက် ကလေးတွေဆီသွားကြည့်ဖို့ တိုင်ပင်ဖို့ ဒေါ်ကြည်လင်းဖြူ အိမ်မှထွက်ဖို့ပြင်လျှင် –

"ဒါက ဘယ်ကိုလဲ မာမီ"

ဪ . . . အိမ်မှာ စပိုင်အဖြစ် ကေသရီကိုထားခဲ့တာကိုး။ အခြေအနေတွေကတော့ သူငါမယုံ ငါ သူမယုံ။

"သမီးတို့ဆီ သွားမလို့"

"ဒယ်ဒီက မာမီ့ကို ဘယ်မှမသွားရဘူးလို့ မှာခဲ့ပါတယ်"

"ဘာဖြစ်လို့လဲ"

"ဒါတော့ ပြောမသွားပါဘူး။ မာမီ သွားချင် သူ့ကိုလှမ်းပြီး ခွင့်တောင်းပေါ့"

"ဪ . . . နေရင်းထိုင်ရင်း အကျဉ်းသားဘဝ ရောက်နေရပါလား။ နှင့်အဖေကိုပြောလိုက်။ ကြည်လင်းဖြူက ဘာကိုမှ ဂရုမစိုက်တော့ဘူးလို့။ သန်းခေါင်ထက်တော့ ညဥ့်မနက်ဘူး။ ငါ့ဘဝမှာ ဒီ့ထက်ပိုပြီး စုတ်ပြတ်သတ်၊ တွင်းဆုံးကျစရာလည်း မရှိတော့ဘူး"

ကေသရီက ပခုံးတွန့် လက်ဖြန့်ပြပြီး လှလှလေးမဲ့





"ဒါတော့ မာမီတို့ကိစ္စတွေလေ။ ကိုယ့်ဘာသာ ရှင်းကြ ကေသရီလည်း မအားပါဘူး။ အပြင်ထွက်ပြီ"

ကားသော့ကို ဝှေ့ယမ်းရမ်း ကေသရီက အရင် အပြင်သို့ သွားသည်။ အိမ်မှာ အိမ်အကူတွေနှင့် ဒရိုင်ဘာကျန်သေး

ဒရိုင်ဘာကိုလည်း လိုက်ပို့နိုင်းလို့ရမှာမဟုတ်။ ဒေါ်ကြည် အပြင်ထွက် ကားငှားပြီး သမီးတို့ဆီ လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘဝမှာ ဘာကိုမှ မတွယ်တာ မမက်မောနဲ့တော

ဖြစ်လာသမျှ ရင်ဆိုင်ရုံပဲ"

မနှေ့ညကကိစ္စကို ရဲဌာနမှာ တိုင်ချ... ...ဖို့ ယွန်း ခေ

နှင့် စိုင်းကောင်းဆက် နောက် လွန်းခေါင်တို့ တိုင်ပင်နေကြခြ

ဖြစ်သည်။

ညက (၁၁) နာရီခွဲလောက်မှာ လူဆိုးတွေထွက်သွား

ပြီး နာရီဝက်မျှကြာတော့ ကားနှင့် ကမူးရှူးထိုးရောက်လာသူ

လွန်းခေါ်င်ပါ။

"ခြံတံခါး တိုက်တံခါးတွေ ပွင့်နေကတည်းက တို

စိုးရိမ်တာ မှန်သွားတယ်။ မနှေ့က ညီမလေးတို့လည်း ထွက်သွ

ရော ကိုကို တစ်အိမ်လုံးကို ပတ်ရမ်းပြီး နေ့လယ်





တစ်ယောက်တည်း တဖွတ်ထိုးလိုက်လာခဲ့တာ။ ဒီကြားထဲ ဖိုး

ကျော်ကို လမ်းမှာ တွေ့တော့ ပိုဆိုးတယ်။ တစ်ခုခု အန္တရာယ်

ကြုံရင် ဒုက္ခဆိုပြီးကိုကို တစ်နာရီ မိုင် (၈၀) လောက်နဲ့ မောင်း

လာတာ"

ခြေလက်တွေ ကြိုးဖြေပေး၊ တိပ်တွေဖြေပေးပြီး ယခုကျ

ည့်ခန်းထဲမှာ ငြိမ်းချမ်းရေးတစ်ပိုင်း ရနေခဲ့ပြီ။

စိုင်းအနားမှာ ခေတ်က ကြောင်ကလေးလို ငြိမ်နေပြီး

လွန်းခေါင်အနားမှာတော့ ယွန်းပေ့ါ မျက်ရည်လေး စမ်းစမ်းနှင့်။

"ကိုကိုလိုက်လာလို့ပေါ့။ နို့မို့ ယွန်း ကိုကို့ကို စိတ်နာ

တော့မှာ"

"အမလေး မနာလိုက်ပါနဲ့ ညီမလေးရယ်။ ကိုကို အခု

အမေတို့ အဖေတို့ ဆွေမျိုးတွေအားလုံးကို အပြတ်စိန်ခေါ်ပြီး

ကြေညာပစ်ခဲ့တာ။ ကိုကို ယွန်းကလွဲရင် ဘယ်သူ့မှ မယူနိုင်ဘူး။

ယွန်းကိုပဲ ယူမယ့်အကြောင်း"

"ကိုကိုနော် ယွန်းတို့ညီအစ်မ လက်မှတ်ထိုးလိုက်ရပြီ။

ဒါ ဦးဝေဇြကြီးလက်ချက်နေမှာပါ။ တိုက်နဲ့ခြံ ရောင်းဖို့ ကလိန်

ကကျစ် လုပ်တာနေမှာပေါ့"

"ဘာမှမပူနဲ့၊ ရအောင်ပြန်လုပ်ပေးမယ်။ မနက်ဖြန်ကျ



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းသွားတိုင်မယ်။ နောက်ဆုံး ဘာမှမရှိလည်း အေးတာပဲ။ ကိုကို ရှာကျွေးတာ အိမ်ကထိုင်စားပေါ့''

''ပြောပုံက ခုကတည်းက ဟင်း နှိမ်တိမ်တိမ်နဲ့''

''ဟောဗျာ၊ ထိုင်မစားချင်လဲ ထ စားဗျာ''

''ဘာ ဘာ ဘာ လူကို ထတယ်လို့ပြောတာပေါ့ ဟုတ်လား''

''ကဲ မမ တစ်ယောက်တည်း အမောတကြီး ကားမောင်းလာခဲ့ရတဲ့သူကို ရင်ဝတော့ ဆီးမကန်ပါနဲ့ဗျာ။ လုပ်ပါ အကြင်နာလေးပေးပါဦး''

လွှန်းခေါင်စကားကြောင့် ယွန်း မျက်နှာလေးနီရဲသွားပြီး ထပြေးဖို့ပြင်လျှင် သူစကားသူဖြေရသည်။

''တစ်နေကုန်ဘာမှမစားခဲ့ရလို့ အစားလေး၊ အသောက်လေး ကျွေးခိုင်းတာပါ ခင်ဗျာ။ တလွဲမထင်ပါနဲ့''

''ဟင်း ... ရှင်းအောင်ပြောပါလား။ လူဆိုးကြီး''

ယွန်း မီးဖိုထဲရောက်သွားပြီး မကြာမီ အစားအသောက်များကို စတီးဗန်းနှင့်ယူချလာခဲ့သည်။

''ကိုကိုက ထမင်းစား၊ ကိုစိုင်းနဲ့ ယွန်းတို့ ညီအစ်မက ကော်ဖီသောက်မုန့်စား''





ညလယ်ကြီးထဲ စားကြ သောက်ကြရသည့်အဖြစ်။

ယခုမနက် ရဲစခန်းသွားတိုင်ဖို့ စီစဉ်နေကြစဉ် ဒေါ်ကြည် ဖြူ အငှားကားနှင့်ရောက်လာပြီး အကြောင်းစုံပြောပြ၊ ဖုန်း ပြုလေ၏။ ဒေါ်ကြည်လင်းဖြူခမျာ မျက်ရည်လည်ရွှဲ။

''သမီးတို့ရယ် မေမေ အမှားကြီးမှားခဲ့ပါပြီ၊ သူ့ကိုလည်း မ်းမုန်းတယ်။ မျက်နှာတောင် လုံးဝမကြည့်ချင်ဘူး။ ဒီလောက် ာ်မာပက်စက် ကောက်ကျစ်တဲ့သူကို မေမေ ဘယ်ဆက်ပေါင်း ခလဲ။ သူလာခေါ်လည်း မလိုက်ဘူး။ တံခါးကို ဖွင့်မပေးဘူး''

''ဟုတ်တယ် ... ဟုတ်တယ်၊ ဒီလူကြီးကို သေသေ ချာ ပြင်ဆင်တိုက်ခိုက်ရမယ်''

''သူ့မှာ လူမိုက်တပည့်တွေနဲ့နော်''

''ကျွန်တော်တို့ကလည်း ဥပဒေရဲ့ အကူအညီကို ယူရမှာ မပူနဲ့ ကျွန်တော်တို့အားလုံး ရဲစခန်းသွားပြီး တိုင်ချက်ဖွင့် ကျွန်တော့်ဦးလေးတွေ အစ်ကိုတွေနဲ့တိုင်ပင်ပြီးလုပ်မယ်''

''ကောင်းတယ်''

ဒေါ်ကြည်လင်းဖြူပါ (၅) ယောက်လုံး ကားနှင့် ရဲစခန်း ဦးတည်ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"တောက် . . . ငါမွေးတဲ့မျောက်တွေက ငါပြန်ခြောက်လို့ နင်တို့လောက်မှ မလည်ရင် ငါ လူမလုပ်ဘူး"

အခန်းကျယ်ကြီးထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဒေါသူပုန်ထနေသည့် ဦးဝေဠုကိုကြည့်ရင်း လွှမ်းခေါင်တို့အုပ်စု ကြိတ်မနိုင် ခဲမရဖြစ်နေရသည်။

မနက်က ရဲစခန်းသွားရန် ကားနှင့်ထွက်ခဲ့သော်လည်း လမ်းမှာတင် ဦးဝေဠု၏ ကလိမ်ကကျစ်ဉာဏ်ထဲ သက်ဆင်း ကြရသည်။

ကားတစ်စီးက သူတို့ကိုဝင်တိုက်တာမို့ ပြဿနာတက် နေကြခဲ့ နောက်မှကားတစ်စီး ရောက်လာပြီး ဒေါ်ကြည်လင်မြ နှင့် ခေတ်ကို ဆွဲတင်မောင်းပြေးကြသည်။





သူတို့ (၃) ယောက်က ထိုကားနောက်သို့လိုက်လေလျှင် ဦးဝေဠုဆင်သည့်ခွင်ထဲ ရောက်ပြီး ယခု အားလုံးပင် အဖမ်းခံ နေကြရပေပြီ။

"ဒါ မြေတိုက်ခန်း။ နင်တို့ ဘယ်လိုမှ ပြေးမလွတ်ဘူး။ ဖိုးမိန်းမကလည်း နင်တို့နဲ့ တစ်ဖွဲ့တည်းဖြစ်သွားပြီမို့ ယုံလို့မရ တော့ဘူး။ ဆုပ်စူး စားရှူးဖြစ်သွားပြီ။ ကဲ မသေခင် ပျော်ပျော် ရွှင်ရွှင် နေကြဦးပေါ့။ နောက်မှကြည့်စီစဉ်မယ်"

"လူယုတ်မာကြီး။ ရှင်လုပ်ချင်တိုင်းလုပ်ရအောင် ဒါ ခင်းမဲ့တိုင်းပြည် ၊ မဟုတ်ဘူး"

ဒေါ်ကြည်လင်းမြ့ သားသမီးဇောနှင့် ပြန်အော်တော့ ဦးဝေဠုက ပုခုံးတွန့်သည်။

"ဇာတ်ထဲက စကားတွေ လာမပြောနဲ့။ ခုခေတ် လောက် လုပ်ချင်တာလုပ်လို့ရတာ မရှိဘူး။ (၅) လောင်းပြိုင်၊ (၄) လောင်းပြိုင်တွေတောင် ဇရားခံမပေါ်တာ။ ဘာလုပ်လုပ် ငွေရှိရင်လုပ်ရင် ရတယ်။ အခု ဒီရောကိုလည်း ဘယ်သူမှမသိဘူး။ အကုန်သတ်ပစ်လိုက်လို့ရတယ်"

"ရှင် အရှူးချေးပန်း လျှောက်မလုပ်နဲ့။ လူရင့်မကြီး (၅) ယောက်ကို ဖမ်းရ သတ်ရအောင် ကျွန်မတို့က ကလေးကချေ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမရှိ မျိုးမရှိတွေမဟုတ်ဘူး"

"တောက် နားငြီးတယ်။ တိတ်စမ်း၊ နင်တို့ အဲဒီ[...] ကျန်ခဲ့။ စေတနာနဲ့ မတန်တဲ့လူတွေ။ ငါစိုင်းတဲ့အတိုင်း မနာ[...] ငါ့ကိုပြန်ပြီး ဒုက္ခပေးချင်တဲ့ မြွေပွေးမတွေ။ ကိုယ့်ဒုက္ခ ကိုယ်[...] ကြပေါ့။ အဲဒီမှာ။ ဟော့ကောင်တွေ တစ်ယောက်ပဲကြိုးဖြည်ပေး[...]

ဦးဝေဠုနှင့်အဖွဲ့က ခေတ်ကို ကြိုးဖြည်ပေးခဲ့ပြီး လှေ[...] မှတစ်ဆင့် အပေါ်သို့ တက်သွားကြလျှင် ခပ်မှောင်မှောင်[...] စိုထိုင်းထိုင်း မှိုစော်နံသည့်မြေအောက်ခန်းထဲမှာ သူတို့[...] ကျန်ခဲ့ရသည်။

လွန်းခေါင်နှင့်စိုင်း စိတ်ဓာတ်မကျပါ။ သိုးတွေ၊ နွား[...] လို သူတို့သတ်မှာ လည်စင်းတော့ခံမနေပါဘူး။ သည်လိုပဲ ကြ[...] စည်ရဦးမှာပေါ့။

လောလောဆယ်တော့ ခေတ်က အားလုံးကို ကြိုး[...] ပေးသည်။ မြေအောက်ခန်းပေမယ့် မီးလုံးတွေ ဘာတွေ [...] သည်။

ဒါ ဘယ်နေရာမှာလဲ။ ဘယ်ရောက်နေမှန်းမသိ[...] တွေလည်း သိမ်းသွားပြီ။ အချိန်က ညနေစောင်းလောက်[...] အောက်ခန်းမို့ မှောင်နေပြီ။





အင်္ဂတေခန်းမို့ အအေးဓာတ်က စိမ့်နေ၏။

"တောက် . . . ငါတို့ကို အအေးပတ်သေအောင်လုပ်နေတာ ထင်တယ်"

မီးဖွင့်လို့ရသဖြင့် မီးဖွင့်လိုက်ပြီး လွန်းခေါင်နှင့် ကိုစိုင်းက အခန်းအနေအထားကို လျှောက်ကြည့်သည်။

အခန်းထဲမှာ ခုတင်ကြီးတစ်လုံးထဲ တွေ့ရသည်။ ခေါင်းအုံးတွေ စောင်တွေလည်း ပေးမထား။ ဘယ်နှရက်ချုပ်ထားမှာလဲ။

အဆင်ကြည့်ရတာတော့ ယွန်းတို့အိမ်ကို သူရောင်းဦးမည်ထင်သည်။ ဘယ်လိုတွေ သတင်းလွှင့်ပြီး ဘယ်လိုတွေ ကလိမ်စေ့ငြမ်းဆင်ဦးမည်မသိ။

လောလောဆယ် ဘာမှမတွေးတော့ဘဲ အအေးပတ်မသေအောင် ကြိုးစားကြရမည့်အဖြစ်။

ဆောင်းရာသီက ယခုမှ လက်စွမ်းပြနေ၏။ အစားအသောက်ကရော ဘာတွေပေးထားခဲ့သလဲ။

"လူစိတ်မရှိတဲ့ဟာတွေ။ ငါတို့ကို အငတ်ထားပြီးထင်တယ်"

စားပွဲတစ်လုံးကိုတွေ့ရပြီး စားပွဲပေါ်မှာ ဘာမှမရှိ။ သောက်စရာရေလည်းမတွေ့။ စားစရာလည်း ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်လုံး၊ ကုလားထိုင် (၃) လုံးနှင့် ခုတင်ကြီး တစ်လုံးပဲ တွေ့ရသည်။ ကျန်တာ ဟင်းလင်းပြင်။

မှောင်လာပြီ အေးလာပြီမို့ သူဝတ်ဖို့အကြီထုတ်ရသည်။ လွှန်းခေါင်နှင့် စိုင်းကောင်းဆက်ကမှ စပို့ရှပ်တွေနှင့် ဂျာကင်တွေ စတိုင်လ်လုပ်ပြီး ဝတ်ထားမိသေးသည်။

အောက်ပိုင်းက ဘောင်းဘီရှည်တွေ။

ဒေါ်ကြည်လင်းဖြူကလည်း လူကြီးမို့ လုံချည်နှင့် အပေါ် မှ ဆွယ်တာပါးလေးပါသေး၏။

ခက်တာက ယွန်းနှင့်ခေတ်ပါ။ ချည်ထည်ဂါဝန်လေးတွေ သာ ဝတ်ထားတာ။

ဂါဝန်လေးတွေက ခြေသလုံးလောက်ရောက် ပြီး လက် မောင်းတစ်ဝက်လေးတွေ။ အနွေးထည်တွေမပါ။

ဒေါ်ကြည်လင်းဖြူက သူမ၏အနွေးထည်လေးကိုချွတ်ပြီး သမီး (၂) ယောက်ကိုပေးသည်။

"သမီးတို့ ပိုချမ်းနေတဲ့သူက မေမေ့အနွေးထည်လေး ဝတ်"

"ဟာ ... မေမေက အသက်ကြီးပြီ။ မေမေ အအေး ပတ်မှ ဒုက္ခ။ မေမေဝတ်ပါ"





လွှန်းခေါင်နှင့် စိုင်း သူတို့ဂျာကင်တွေချွတ်လိုက်ကြတာ ပေါ့။ ပြီး သက်ဆိုင်ရာကိုပေးကြ၏။

"ရော့ ညီမလေး ... ကိုကို့ဂျာကင်ဝတ်။ ကိုကိုတို့က ချမ်းတတ်ဘူး။ စပို့ရှပ်က နွေးတယ်"

"ဟာ မဝတ်ချင်ပါဘူး။ ကိုကို့ဂျာကင်ကြီးက အကြီးကြီး၊ လေးလည်းလေးတယ်"

အားလုံးပင် (၅) ယောက်လုံး ခုတင်ပေါ်စုပြီးတက်ကြရ ၏။ မြေတိုက်ခန်းမို့ ဘယ်ကကြွက်တွေကလည်း ပေါ်လာသည် သိ။ ဖြတ်ပြေးနေကြသေး၏။

ဒေါ်ကြည်လင်းဖြူကို သမီး (၂) ယောက်က တစ်ဖက်စီ အနေ ဖက်ထားတော့ အလိုလို အော်တိုပင် ယွန်းအနားမှာ လွှန်းခေါင်၊ ခေတ်အနားမှာ စိုင်းကောင်းဆက်။

သူတို့ဂျာကင်တွေ အတင်းချွတ်ပြီး ခြုံပေးကြတော့ သူတို့ (၂) ယောက်ကတော့ ခိုက်ခိုက်တုန်လို့။ ဂျာကင်တွေက ပွပွကြီး တွေ။

သည်လိုပဲ ချမ်းချမ်းစီးစီးထဲ (၅) ယောက်လုံး ပူးကပ်ပြီး အနွေးဓာတ်ယူရတော့ နွေးသလိုလို။ ကျောဘက်ကတော့ အေး သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ညလယ်လောက်ကျတော့ မည်သူမျှ မနေနိုင်ကြတော့ ဒေါ်ကြည်လင်းဖြူကို အလယ်မှာထားပြီး သူတို့တွေက ဘေး ဖက်စီမှာအိပ်ဖို့ကြိုးစားရသည်။

အရမ်းအိပ်ချင်တော့လည်း အိပ်ပျော်သွားကြမှာပါ

ဒေါ်ကြည်လင်းဖြူကတော့ သမီးရှင်တွေမို့ သူ အလယ်မှနေပြီး သမီး (၂) ယောက်က တစ်ဖက်။ လွန်းခေါင်… (၂) ယောက်ကတစ်ဖက် အိပ်စေချင်သည်။

ခုတင်ကအကျယ်ကြီးတော့မဟုတ်။

ဒေါ်ကြည်လင်းဖြူ စိစဉ်တော့ သမီး (၂) ယောက် နံရံဘက်သို့ ရွှေ့သွားပေမယ့် လွန်းခေါင်နှင့် စိုင်းကောင်းဆက် မျက်စိမျက်နှာတွေ ပျက်လို့။

အချမ်းဒဏ်ကိုခံနိုင်ပါသည်။ အလွမ်းဒဏ်ကို မခံ… သေလောက်သည့်ဒဏ်ပင်ဖြစ်စေဦးတော့ ချစ်သူလေးတွေအ… မှာဆိုလျှင် ရေခဲပြင်ထဲလည်း နေရဲပါသည်။

လွန်းခေါင်နှင့်စိုင်း မျက်နှာငယ်လေးတွေနှင့် ဒေါ်… လင်းဖြူကို တောင်းဆိုရပါ၏။

"အန်တီရယ် နားနဲ့မနာ ဖဝါးနဲ့နာပါ။ ကျွန်တော်… ညီမလေးတို့ကို မြတ်မြတ်နိုးနိုး ချစ်တာပါ။ ရာသက်ပန် ရိုး… ညည်စူးပြီးသားပါ။ အန်တီသဘောတူတဲ့အချိန် ခမ်းခမ်းနားနား လက်ထပ်ယူမှာပါ"

"အရေးထဲ"

ဒေါ်ကြည်လင်းဖြူလည်း ငယ်ရာကကြီးလာတာပါ။ ပြီး သူမတစ်ယောက်လုံးလည်း ရှိနေတာမို့။ သို့သော် ကိုယ်က သမီး ရှင်လေ။

"ဘာတောင်းဆိုမလို့လဲ။ ငါ့သမီးတွေကို နင်တို့ဘာသာ …မြေကျကျပေါ့"

"ချမ်းလွန်းလို့ပါ အန်တီရယ်။ သူတို့နဲ့ ကျောချင်းထိပါ …စေနော်။ ကန်တော့နော် အန်တီ့ကျ မထိရဲလို့ပါ"

"အံမာ ... နင်တို့ ထော်တော်လူပါးဝပါလား"

ပြောပေမယ့် ဒေါ်ကြည်လင်းဖြူပုံစံက စိတ်ဆိုးဒေါသ ဖြစ်နေသည့်ပုံ မရှိတာကြောင့် စိုင်း ခေတ်ကို လက်ကလေး …မ်းဆွဲပြီး သည်ဘက်သို့ ခေါ်လိုက်ပါသည်။

တော်တော်တော့ မျက်နှာပူစရာကောင်းတာပဲ။ သို့သော် …ိုယ့်ဘာသာ အိပ်ရကြေးဆို အဆုပ်အအေးပတ်ပြီး သေသွား …နိုင်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"ရှူး ကိုကို ရော့"

သူ့ဂျာကင်ကြီးကို သူပြန်ပေးတော့ လွန်းခေါင် မျက်ဝ...
ပြူးနေရ၏။

"ညီမလေးချို ကိုကိုက ရတယ်"

"ချိုပါဆိုမှ၊ ယွန်းက မေမေနဲ့ကိုကိုကြားမှာ နွေး...
သေးတယ်"

ဆောင့်ဆောင့်လေးပြောပုံက စေတနာအပြည့်။ လွ...
ခေါင် ကိုယ့်အနွေးထည် ကိုယ်ပြန်ဝတ်ရပါ၏။ တစ်ဖက်မှာလည်း
ခေတ်က ကိုစိုင်း၏ဂျာကင်ကို ချွတ်ပြီး စောင်လို နှစ်ယော...
အတူ ခြုံနေလေ၏။

ယွန်းနှင့်ခေတ်က မေမေ့ကို ကျစ်ကျစ်ပါအောင် ဖက်...
နောက်မှ လွန်းခေါင်နှင့်စိုင်းကလည်း အသားယူတယ်မဟုတ်...
မယ့် ကြောင်မလေးများ၏ ကိုယ်လုံးလေးတွေကို နွေးအော...
ဖက်ပေးထားလေရာ။

ယွန်းက လွန်းခေါင်ကို တံတောင်နှင့်တွတ်၏။

"ကိုကို လွန်ပီ"

"ချမ်းမှာစိုးလို့ပါ။ အအေးပတ်ရင် သေတတ်တယ်"





"သေ သေ"

"အသေမခံနိုင်ပါဘူး ဖက်မှာပဲ"

လွန်းခေါင် ကိုယ့်ဂျာကင်ကို ဖစ်ဖွင့်ထားပြီး ယွန်းကို
...ဖုန်ခြုံပေးထားပါသည်။

ဘာပဲပြောပြော (၅) ယောက်သား မြွေတွေလို ပူးကပ်
...တွေးနေရလို့သာ အဲသည်ညကမသေတာ။ နို့မို့ အအေးပတ်ပြီး
...နိုင်ပါသည်။

အိပ်ကောင်းကောင်းနှင့် အိပ်လိုက်ကြတာ နတ်ပြည်
...ရောက်ပြီး နိဗ္ဗာန်သို့ပင် လက်တစ်ကမ်းအကွာ။

✹



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"တော်တော် ရက်စက်တဲ့လူကြီး။ ချုပ်ထားလည်း အစာလေး၊ ရေလေးတော့ ပေးသင့်တာပေါ့"

"လူလိုကိုမသိဘူး။ အပေါ့်အလေးဒီ ဘယ်လိုရှင်းမလဲ"

"အောင့်ထားကြဦး။ ကြံရ ဖန်ရဦးမှာပေါ့"

အခန်းထဲမှာ လျှောက်ကြည့်၊ စဉ်းစားခန်းထုတ်ရ လှေကားမှတစ်ဆင့် ပိတ်ထားသည့် တံခါးကိုသွားပြီး အကဲခတ်ကြရသည်။

ပိတ်ထားသည့်တံခါးက ကျွန်းတံခါးကြီး။ ဘယ်လိုဖွင့်ရမှာမဟုတ်။

မနေ့ကတစ်နေ့လုံး ဘာမှမကျွေးသလို သည်နေ့





ထက်ဝက်ထိလည်း ဘယ်သူမှပေါ်မလာ။ ရေလည်းဆာ၊ အစာလည်း ဆာ။

လွန်းခေါင်နှင့် စိုင်းကောင်းဆက်မှာ ပိတ်လှောင်ခံထားရသည့် ကျားတွေလို။ ဒေါသတွေနှင့် မာန်ဖီနေတော့ မထတ်။

"ကျွန်းတံခါးကြီးကို ဘယ်လိုဖျက်မလဲ။ ဖျက်ဖို့လက်နက်ကိရိယာ ရှာကြမယ်"

မြေအောက်ခန်းထဲမှာ လက်နက်အဖြစ်သုံးလို့ရမယ့် ပစ္စည်းကို လိုက်ရှာကြတော့ သံချောင်းတစ်ချောင်းသွားတွေ့သည်။ သံကလေအော် တစ်ခုမို့ လွန်းခေါင် ဝမ်းသာသွားသည်။

"တံခါးကပတ္တာကို ဖျက်ကြမယ်။ ဒါနဲ့ဆိုရတယ်"

ရသည့် သံကလေအော်နှင့် ကြံဖန်ပြီး တံခါးပတ္တာကို ဖျက်ကြသည်။ အပြင်မှာ လူမရှိဘူးလားမသိ။ သူတို့ကိုလာပြီး နှောင့်ယှက်သူမရှိ။

နှစ်ယောက်သား အချိန် (၂) နာရီလောက်ကြာအောင် ဖျက်လေမှ တံခါးကြီးပျက်သွားပြီး အားလုံးထွက်လို့ရသွားသည်။

အိမ်အိုကြီးတစ်လုံးထဲသို့ ရောက်နေကြသည့်အဖြစ်။ ဘယ်သူလည်း တစ်ယောက်မှမတွေ့ရ။ အသင့်အနေအထားနှင့် ထိတ်ထိတ်ကျော်ဖြတ်လာခဲ့ကြပြီး အိမ်ပြင်အရောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ညနေက သူတို့မောင်းလာခဲ့သည့် ကားကိုတွေ့ရသည်။

“ဘယ်တွေရောက်ကုန်ကြတာလဲ။ ဘယ်လိုတွေ ဖြစ်ကုန်ကြပါလိမ့်”

အဖမ်းကြီးဖမ်း၊ အချုပ်ကြီးချုပ်ထားပြီးခါမှ အစောင့်တစ်ယောက်မှမရှိသည့်အဖြစ်ကို နားမလည်။ သို့သော် ဒါလည်းကောင်းတာပါပဲ။ (၅) ယောက်သား ကိုယ့်အိမ်ကိုသာ ကားနှင့်မောင်းပြန်လာခဲ့ကြသည်။

အိမ်ရောက်တော့ ယွန်းတို့သားအမိ (၃) ယောက်သာ အမြန်ဆုံး အစားအသောက်တွေ ပြင်ကြဆင်ကြသည်။ လောလောဆယ် ရေနွေးကျို၊ ကော်ဖီဖျော်၊ ရှိသည့်မုန့်တွေ ပြင်ပြီး (၅) ယောက်သား ဆာဆာနှင့်ဆွဲနေကြရသည်။

မနေ့ကတစ်နေ့လုံးနှင့် ယခုမနက်ထိ ဘာမှမစားရသေးတာမို့ စားရတာ နင်တင်တင်။

“ဖြည်းဖြည်းစား လည်ချောင်းကွဲနေဦးမယ်။ အရည်ကို အရင်မျှောချ”

မေမေပြောသည့်အတိုင်း စားကြတော့မှ အဆင်ပြေသွားသည်။ ဗိုက်ပြည့်သွားတာတောင် အဆာမပျောက်သေး။ ရင်တုန်မပျောက်ချင်ကြသေး။





သည်စဉ် ကြိုးဖုန်းမှ အသံတွေ ဆူညံလာသဖြင့် ဖုန်းရှိရာ ညှော်ခန်းသို့ ပြေးရသည်။ လက်ကိုင်ဖုန်းတွေကတော့ တစ်လုံးမှ မရှိတော့။ မနေ့က အချုပ်ခံ အဖမ်းခံရကတည်းက သိမ်းထားသွားလိုက်ကြပြီ။

ဖုန်းဆိုသွားတာက လွန်းခေါင်။ ဖုန်းပြောပြီး ထမင်းစားခန်းထဲ ပြန်ဝင်လာတော့ သူ့မျက်နှာက လေးလေးနက်နက်။

“အန်တီတို့သားအမိတွေ ဒုက္ခတွင်းထဲက လွတ်ပြီ။ ကုသိုလ်ကံတွေ အကျိုးပေးပြီ”

“ဟင် . . . ဘာဖြစ်လို့လဲ သား။ ဖုန်းဆက်တာ ဘယ်သူလဲ၊ ဦးဝေမျှလား”

“မဟုတ်ဘူး ရဲစခန်းက ဆက်တာ”

“ဟင် . . . ဘာ ဘာဖြစ်လို့လဲ။ အန်တီတို့မှာ ဘာအပြစ်ရှိလို့လဲ”

လွန်းခေါင်နှင့် ဒေါ်ကြည်လင်းဖြူ၏စကားများကို ကျန် (၅) ယောက်က စိတ်ဝင်တစား။

“ဦးဝေမျှတို့သားအဖ ကားကားချင်းတိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားပြီ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်လင်းဖြူရော ယွန်းနှင့်ခေတ်ပါ ပါးစပ်အဟွင့်သား။ မယုံနိုင်တာလား အံ့သြနေကြတာလား။

"ဟုတ် . . . ဟုတ်လို့လား သားရယ်။ သူ မနေ့ကတင် ငါတို့သားအမိတွေကို သတ်မယ်ပြောခဲ့ ကြိမ်းမောင်းခဲ့တာ"

"ဟုတ်ပါတယ် အန်တီ။ ရဲစခန်းက ဖုန်းဆက်တာပါ။ အန်တီက လူနာရှင်မို့ လှမ်းအကြောင်းကြားတာပါ။ အကုသိုလ်တွေ၊ ဝဋ်တွေ ဘဝမကူးဘဲ ချက်ချင်း လက်ငင်း အကျိုးပေးသွားပြီပေါ့"

"ဩော် . . . ဒါကြောင့် ငါတို့ကို စောင့်မယ့်အစောင့်တွေ မရှိတော့တာကိုး။ ခေါင်းဆောင်သေမှတော့ ငယ်သားတွေလည်း တပ်ပျက်၊ ခြေရာဖျောက်သွားကြတော့မှာပေါ့"

"ကဲ ကဲ . . . ဆေးရုံလိုက်ဖို့သာ ပြင်ကြပါ။ အန်တီက ဦးဝေဠုရဲ့ တရားဝင်ဇနီးဆိုတော့ သူ့ကိစ္စတွေကို ဆောင်ရွက်ရပါလိမ့်မယ်"

ဒေါ်ကြည်လင်းဖြူတစ်ယောက် လောက၏ ပြစ်ဒဏ်ခတ်မှုကို အံ့သြငေးကြောင်နေမိရင်း ဆေးရုံလိုက်ဖို့ လုပ်ရသည်။

ဦးဝေဠုသည် သူမ၏ချစ်ခင်ပွန်းကိုသတ်ခဲ့သည်။ သူမ၏သမီးတွေကို အန္တရာယ်အမျိုးမျိုးပေးသည်။ နောက်ဆုံး သူမတို့





အားလုံးကို သတ်ဖို့ကြံစည်ဆောင်ရွက်ခဲ့သည်။

သူမတို့၏ ပစ္စည်းဥစ္စာတွေကို မတရားသိမ်းပိုက်ဖို့ ကြံစည်ခဲ့သည်။

ဟော နောက်ဆုံးကျ တူသောအကျိုးတွေပေးပြီး ဦးဝေဠုတို့သားအဖ ကားတိုက်မိပြီး သေဆုံးသွားခဲ့ပြီ။

ဒေါ်ကြည်လင်းဖြူ တရားတော်တော်ရမိပါ၏။ ယခုကျ ကိုယ့်ပစ္စည်းတွေ မဆုံးရှုံးရုံမက သူ့ပစ္စည်းတွေကိုပါ ရရှိဦးတော့မည့်အဖြစ်။

ဒေါ်ကြည်လင်းဖြူကို လွှန်းခေါင်နှင့်ယွန်းက ကားနှင့်လိုက်ဖို့၊ လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးသည်။

စိုင်းနှင့်ခေတ်တို့ (၂) ယောက်က ဟင်းချက်ဖို့ အိမ်မှာ ကျန်ခဲ့ကြသည်။

သည် (၂) ကောင် ထမင်းဟင်းတောင် ကောင်းကောင်း ချက်ဖြစ်ပါ့မလားမသိပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

အမုန်းဆိုတာ ကမ္ဘာလောကကြီးအတွက် ဆေးဖက်မဝင်ပါ။

ဦးဝေဠုတို့သားအဖအပေါ်မှာ ထားရှိခဲ့သည့် အမုန်းတရားတွေကို ချေဖျက်ပြီး သူတို့အတွက် ဒေါ်ကြည်လင်းဖြူ အလှူအတန်းတွေ ကျကျနန လုပ်ကိုင်ပေး အမျှဝေပေးခဲ့ပါပြီ။

လောကကြီး တော်တော် တရားရစရာကောင်းပေမယ့် ဒေါ်ကြည်လင်းဖြူ တရားမရနိုင်ရပါ။

သမီး (၂) ယောက်က ရှေ့ဆင့်နောက်ဆင့် လက်ထပ်ခဲ့သည်မို့ ရှေ့ဆင့်နောက်ဆင့် မွေးထားသည့် မြေးယောက်ျားလေး (၂) ယောက်ကို ကလေးထိန်းနှင့်အတူ ကူထိန်းပေးနေရပါသည်။





တိုက်တိုက်ဆိုင်ဆိုင်ပင် မြေး (၂) ယောက်ဟာ သူမ၏ ယောက်ျား (၂) ယောက် ဝင်စားခဲ့တာမို့ အဘွားအေကို မျက်စိအောက်မှ အပျောက်မခံကြပါ။

မိဘများထက် အဘွားကိုပိုပြီးခင်တွယ်ကြသည့် မြေးလေးတွေ။

လွှန်းမောင်မောင်က (၂) နှစ်ရှိပြီး ဆက်မောင်မောင်က (၁) နှစ်နှင့် (၉) လရှိပါပြီ။

လွှန်းမောင်မောင်က ဒေါ်ကြည်လင်းဖြူ၏ခင်ပွန်း သမီးတို့အဖေ ဝင်စားတာဖြစ်ပြီး ဆက်မောင်မောင်ကတော့ ဦးဝေဠု ဝင်စားတာ။

လွှန်းမောင်မောင်က လိမ္မာရေးခြားရှိပြီး နူးညံ့သိမ်မွေ့သလောက် ဆက်မောင်မောင်ကတော့ အပေအတေလေး။

အဘွားအေကိုလည်း သူပဲ လက်ဝါးကြီးအုပ်ပြီး ပိုင်ဆိုင်ချင်သည်။ မိဘတွေလက်ထဲမှာ မပျော်ဘဲ အဘွားထံမှာသာ ပျော်မွေ့သူ။

အဘွားကလည်း အသက်လေးဆယ်ကျော် လုတုန်းလုတုန်း မော်ဒယ်ဘွားဘွား။

မြေး (၂) ယောက်ကို ထိန်းနေရတာမို့ လုံချည်တောင်



www.burmeseclassic.com

www.burmeseclassic.com



မဝတ်နိုင်ရှာ။ ဟိုဘက်ကဆွဲ သည်ဘက်ကဆွဲနှင့် ကျွတ်ကျဖူး
ပါ။

သည်တော့ ချောချောလှလှ ဒေါ်ကြည်လင်းဖြူခမျာ ဂါဝန်တွေ ဘောင်းဘီဒူးကျတွေနှင့်သာ နေရပါလေ၏။

လွန်းခေါင်နှင့် စိုင်းကောင်းဆက်က လုပ်ငန်းတွေ ဦးစီးပြီးလုပ်ဆောင်ကြသလို ယွန်းနှင့်ခေတ်က သူတို့ညီအစ် ဖွင့်ထားသည့် ဖက်ရှင်ဆိုင်မှာ အလုပ်လုပ်ကြသည်။

ဘွားအေကြီးခမျာ မြေး (၂) ယောက်နှင့် တစ်နေ့ တစ် ချာလပတ်ရမ်းနေရပါ၏။

လှည်းထဲမှာနေသည့်အရွယ်တွေ မဟုတ်တော့ဘဲ ခြံ မှာ လျှောက်ပြေးသည့်အရွယ်တွေရောက်ပြီမို့ ဒေါ်ကြည်လင်းဖြူ နှင့် ကလေးထိန်းကောင်မလေးမှာ ခြံထဲမှ မတက်ရပါ။

မျောက်ကလေး (၂) ကောင်ထက် ဆိုးသည့်မြေး တွေဟာ ချောချောလေးတွေ ဖြစ်နေသည့်ကြားထဲ အိပ်မက် သူမ၏ခင်ပွန်းတွေလည်းဖြစ်နေလေရာ။

ဒေါ်ကြည်လင်းဖြူ အသည်းပေါက်မတတ် ချစ်ရပါ သည်။

မြေး (၂) ယောက်နောက် လိုက်ရတာ မောလွန်းသ





ဒေါ်ကြည်လင်းဖြူ မြက်ခင်းပေါ်ထိုင်ချလိုက်တော့လည်း လွန်းမောင်မောင်ရော ဆက်မောင်မောင်ပါ သူမ၏ပေါင်ပေါ်သို့ ပြေးလုထိုင်လိုက်ကြပါသည်။

နောက် အဘွားကို နှစ်ယောက်ပြိုင်ဖက်တက်ပြီး ပါးတစ်ဖက်စီ အတင်းနမ်းနေကြလျှင် သူမ မနိုင်တော့ဘဲ မြက်ခင်းပေါ် လဲကျသွားရ၏။

သည်တော့လည်း အဘွားအေ၏လက်မောင်းတစ်ဖက်စီမှာ ခေါင်းအုံးရင်း နှစ်ယောက်သား လုဖက်ထားကြပြန်လေ၏။

"ဟဲ့ ငါ့မြေးတွေ ငါသေတော့မယ် ဖယ်ကြစမ်း။ ဟော ဟိုမှာ နင်တို့မိဘတွေ ပြန်လာကြပြီ။ ထ ထ မုန့်တွေသွားယူကြ"

တကယ်လည်း ကား (၂) စီး ရှေ့ဆင့်နောက်ဆင့် ဝင်လာကြသည်မို့ ကလေးတွေ သက်ဆိုင်ရာမိဘများဆီ ပြေးလေမှ ဒေါ်ကြည်လင်းဖြူ သက်သာရ ရပါတော့သည်။

"မေမေ သမီးတို့ ကိုကိုတို့မြို့တွေပြန်ပြီး မိသားစုလိုက် အပန်းဖြေထွက်ကြမလို့။ မနက်ကိုသွားကြမှာ"

"သွားကြပေါ့။ ငါ အေးအေးလူလူ အနားယူရင်း အိမ်စောင့်ကျန်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... မရပါဘူးနော်။ အမေ့မြေးတွေတ မေး
မပါရင် ကိုကျနေမှာ"

"ဟော ... ဒါဆို ငါက ဒီတစ်သင်္ဂ သင်းတို့ဒဏ်ကနေ
မလွတ်တော့ဘူးပေါ့"

သားအမိ သားအဖတွေ ပျော်ရွှင်နေကြပေမယ့် ကလေး
(၂) ယောက်မှာ ခဏချင်းပင် ဒေါ်ကြည်လင်းဖြူ၏ပေါင်ပေါ်သို့
ပြန်ရောက်လာကြပြန်သည်။

သူမမှာ မြက်ခင်းပေါ် ဖင်ထိုင်ပြန်လဲကျသွားရပြန်၏

လွန်းက "ဘွားဘွား နို့နို့ နို့နို့" ဟုပူဆာလျှင် ဆ
လည်း အားကျမခံ။ သူ့ဘက်မှ သူ့ခွဲတမ်းကို လက်ဝါးနှင့်အု
ပြီးသား။

ဒေါ်ကြည်လင်းဖြူ သားမက်တွေကို မျက်နှာပူသဖြင့်
မြက်ခင်းပေါ်မှထပြီး အိမ်ထဲဝင်သွားလျှင် မြေး (၂) ယောက်
လည်း နောက်မှပြေးလိုက်သွားကြသဖြင့် –

လွန်းခေါင်နှင့် စိုင်းတို့ မိဘ (၂) စုမှာ သဘောကျ
ရယ်နေကြရပါတော့သည်။

**ကြယ်စင်မှူး**

**၁–၈–၂၀**



www.burmeseclassic.com